
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

** နိုင်ငံတော်တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# အိုင်အိုချစ်သွေး နှင့် အတိမောဟရာဇာ

## စိတ္တအဂ္ဂ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁)

လျှို့ဝှက်ဆေးတမန်

ထူးခြားသောလူငယ်တစ်ဦး

နဂါးခံတွင်းသို့

ချစ်သူ့ပုံရိပ်

အရည်အချင်းစစ်ပွဲ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

## လှျို့ဝှက်စေတမန်

နွေဦးရာသီ၏ နံနက်ခင်းတစ်ခုတွင် မန္တလေးမြို့ ဈေးချို အနီးရှိ 'ရသာရုံ' ဟု အမည်ရှိသော ကာကာလက်ဖက်ရည်ဆိုင် ရှေ့မှ စားပွဲတစ်လုံးတွင် လူရွယ်တစ်ယောက်သည် စိတ်အေး လက်အေးအမူအရာဖြင့် ထိုင်လျက် လက်ဖက်ရည်ချိုပေါ့ကျတစ် ခွက်ကို ဖြည်းဖြည်းချင်း သောက်လျက်ရှိလေ၏။

အသားလတ်လတ်၊ မျက်ခုံးကောင်းကောင်း၊ မျက်ဝန်း အကြည့်စူးရှရှနှင့် ထိုလူရွယ်သည် လက်ဖက်ရည်တစ်ငုံ သောက် လိုက်ပြီးနောက် ကရေဗင်အေ စီးကရက်ဘူးကို အညိုဖျော့ဖျော့



www.burmeseclassic.com

www.burmeseclassic.com



အရောင် သက္ကလတ်ကုတ်အင်္ကျီအောက်အိတ်ထဲမှ ထုတ်ကာ ရွှန်ဆန်မီးခြစ်ကိုခြစ်ပြီး မီးညှိဖွာရှိုက်လိုက်လေသည်။

သူ၏အမူအရာက အေးအေးဆေးဆေး ရှိလှသော်လည်း သိမ်းငှက်၏မျက်လုံးတို့နှယ် စူးရှသည့် မျက်ဝန်းနက်နက်တို့က ဈေးချို၏ ပင်မဝင်ပေါက်၌ ဝင်ထွက်လျက်ရှိသော ဈေးသည် ဈေးဝယ်တို့ကို စူးစမ်းကြည့်ရှု အကဲခတ်လျက်ရှိလေ၏။

ထိုသို့ရှိစဉ် ...

ဈေးထဲမှ လွတ်အိတ်ဟောင်းတစ်လုံးကို လွယ်လျက် ဈေးခြင်းကို လက်တစ်ဖက်၌ဆွဲကာ ငိုက်စိုက် ငိုက်စိုက်ဖြင့် ထွက်လာသော လူရွယ်တစ်ဦးကို တွေ့လိုက်သည်တွင် မျက်ခုံးပင့် လိုက်မိချေသည်။

ချက်ချင်းဆိုသလိုပင် သက္ကလတ်ကုတ်အင်္ကျီနှင့် လူရွယ်သည် ထိုင်ရာမှ ဖျတ်လတ်စွာထကာ လမ်းကိုဖြတ်ကူးသွားပြီး ဈေးထဲမှ ထွက်လာသူ၏ လက်မောင်းတစ်ဖက်ကို ဖမ်းဆွဲလိုက် လျက် ...

"ဟေ့ ... အေးမောင်ကြီး"

ဟု ဝမ်းပန်းတသာအမူအရာဖြင့် နှုတ်ဆက်လိုက်လေ၏။





နှုတ်ဆက်ခံရသည့် လူရွယ်သည်လည်း နဖူးပေါ် ဖုတ် သိုက်ကျနေသော ဆံပင်တို့ကို လက်တစ်ဖက်ဖြင့် ပင့်တင်ရင်း မိမိအား နှုတ်ဆက်လာသူကို မော့ကြည့်လိုက်သည်တွင် အံ့အား တသင့်ဖြစ်သွားလေသည်။

"ဟင် ... ချစ် ချစ်သွေး သူငယ်ချင်း"

သူငယ်ချင်းနှစ်ဦးသည် တစ်ဦးမျက်နှာကိုတစ်ဦး ခေတ္တမျှ ငေးစိုက်ကြည့်လိုက်ကြပြီးမှ ချစ်သွေးက အားပါးတရ ပြုံးလိုက် ကာ ...

"မင်း မန္တလေးမှာ နေသေးတယ်နော်၊ ငါက မင်း မန္တလေးမှာမှ ရှိသေးရဲ့လားလို့"

ဟု တရင်းတနှီး ပြောလိုက်လေ၏။ ပြီးမှ သူ သောက် လက်စ ကာကာဆိုင်သို့ မေးဆတ်ပြလိုက်ရင်း ...

"လာကွာ ... လက်ဖက်ရည်သောက်ရင်း စကားပြောရ အောင်၊ ငါ ဟိုဆိုင်မှာထိုင်သောက်နေတုန်း မင်းကိုတွေ့လိုက်လို့ ထလာတာကွ"

ဟုပြောကာ ဆိုင်ဆီဆွဲခေါ်ရန် ဟန်ပြင်လိုက်လေ၏။

"နေဦး သူငယ်ချင်း ... ငါနဲ့ လက်ဖက်ရည် မတည့် ဘူးကွ၊ ဒီလိုလုပ်ကွာ ... မင်း ငါ့အိမ်လိုက်ခဲ့၊ အမေကျမှ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ ငါ့မှာ ကားပါပါ တယ်''

အေးမောင်က သူငယ်ချင်းဖြစ်သူ၏လက်ကို ပြန်လည် ဖျစ်ညှစ်ဆုပ်ကိုင်ရင်း ပြောလိုက်ရာ ချစ်သွေးလည်း ခေါင်းညိတ် လိုက်ပြီး ...

''အေး ... ကောင်းပြီ သူငယ်ချင်း၊ ဒါဆို နေဦး ... ငါ လက်ဖက်ရည်ဖိုး သွားရှင်းလိုက်ဦးမယ်''

ဟုပြောကာ လမ်းတစ်ဖက်သို့ ပြန်ကူးသွားလျက် ဆိုင်ရှင် ကာကာကုလားကို ငွေရှင်းပေးလိုက်လေသည်။

ပြီးမှ လမ်းကိုပြန်ကူးလာကာ ဈေးချိုအနီးတွင် ရပ်ထား သည့် အေးမောင်၏ အော်စတင်ကားဟောင်းလေးပေါ် တက်လေ လျှင် ကားနက်လေးလည်း ချက်ချင်းဆိုသလိုပင် မောင်းထွက် သွားလေတော့၏။

✡

အေးမောင်၏ အော်စတင်ကားဟောင်းလေးသည် စက်





သံ တဂီးဂီးဖြင့် မနှေးမမြန် မောင်းနှင်လာရာမှ ကျွန်းလုံးမော် အရပ်ရှိ စည်းရိုးတစ်လျှောက် ကြခတ်ဝါးပင်များ ရှုပ်ထွေးစွာ ပေါက်ရောက်နေသည့် ခြံတစ်ခြံထဲသို့ မီးခိုးတလူလူဖြင့် ဝင် ရောက်သွားတော့၏။

ခြံဝင်း၏နောက်တွင် ပိန္နဲ၊ မာလကာ၊ သရက် စသည့် စားပင်ကြီးများ ညို့ညို့ဆိုင်းဆိုင်း ပေါက်ရောက်လျက်ရှိပြီး ခြံဘေးနှင့်ခြံရှေ့တို့တွင် စံပယ်ရုံများ၊ စွယ်တော်ပင်နှင့် ကြက်တူ ရွေးပန်းပင်တို့ အုံနှင့်ကျင်းနှင့် ပေါက်ရောက်နေကာ မြက်ရိုင်းပင် တို့လည်း တောထနေသည့်ခြံကို ချစ်သွေးသည် အံ့အားတသင့် မျက်လုံးဝေ့ကြည့်ရင်း သက်ပြင်းချလိုက်မိလေသည်။

''အင်း ... တစ်ချိန်က ဒီဝင်း ဒီခြံလေးဟာ သပ်သပ် ရပ်ရပ်၊ လှလှပပလေး ဖြစ်ခဲ့တယ်ဆိုရင် ယုံနိုင်စရာတောင် မရှိပါလား၊ အေးမောင်ကြီးရဲ့ဘဝဟာ ဘယ်လိုဖြစ်သွားပါလိမ့်''

ထိုသို့ တွေးနေစဉ်မှာပင် အော်စတင်ကားလေးသည် တိုက်ကပ်ပန်းပင်များ ထူထပ်စွာ နွယ်ယှက်တက်နေသည့် တိုက် ပုလေး၏ ဆင်ဝင်အောက်၌ ထိုးရပ်သွားလေ၏။

အေးမောင်က ကားပေါ်မှဆင်းကာ အိမ်ရှေ့ဝင်ပေါက် ဘီလပ်တံခါး၏ သော့ကိုဖွင့်ပြီးနောက် ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ချစ်သွေး ... လာကွာ"

ဟု ဖိတ်ခေါ်ကာ ရှေ့မှဝင်သွားလျှင် ချစ်သွေးလည်း အိမ်ထဲသို့ နောက်မှ ဝင်လိုက်သွားရလေ၏။

သူက ညှော်ခန်းရှိ ကြိမ်ဆက်တီဟောင်းတစ်လုံးတွင် ထိုင်လိုက်ရင်း ပရိဘောဂတို့ကို မျက်လုံးဝေ့ကြည့် အကဲခတ်လိုက်လေသည်။

"အင်း ... အိမ်ထောင်ပရိဘောဂတွေကတော့ အရင်အတိုင်းပါပဲလား၊ ဒါပေမဲ့ အားလုံးဟာ ဟောင်းနွမ်းနေလေရဲ့၊ ပြတင်းလိုက်ကာတွေလည်း မလဲတာ ကြာပြီထင်ပါရဲ့"

အေးမောင်က ညှော်သည်ကို ညှော်ခန်းမှာပင်ထားရစ်ခဲ့ပြီး အိမ်နောက်ဘက်သို့ ခပ်သုတ်သုတ် ဝင်ခဲ့လေ၏။

အိမ်ပြန်ရောက်မှ သူက ခြေတုန်လက်တုန် ဖြစ်လာသည်ပဲ၊

မီးဖိုခန်းသို့ရောက်သည်နှင့် ဈေးခြင်းကို ကပျာကသီချပြီး လွယ်အိတ်ထဲမှ အရက်ပုလင်းကိုထုတ်ကာ ထမင်းစား စားပွဲပေါ်ရှိ ဖန်ခွက်တစ်လုံးထဲ အရက်လောင်းထည့်လိုက်၏။

ထို့နောက် ရေပင်မရောတော့ဘဲ ရမ်နှစ်ပက်ကျော်ကျော်ကို တစ်ရှိန်ထိုး မော့ချလိုက်ပြီးမှ ရေတစ်ငုံစာမျှ ကမန်းကတန်း





သောက်ရလေသည်။

သည်တော့မှ လူက နေသာထိုင်သာ ရှိသွားပြီး ခြေတုန်လက်တုန် ပျောက်သွားတော့၏။ ထို့နောက် သူက ဖန်ခွက်ထဲ အရက်နှစ်ပက်ခန့် ထပ်ထည့်လိုက်ပြီးလျှင် ဖန်ခွက်ကို လက်တွင်ကိုင်ကာ အိမ်ရှေ့ခန်းဆီသို့ ဣန္ဒြေရရ ပြန်ထွက်လာလေ၏။ ထိုအချိန်တွင် ချစ်သွေးမှာ ကြိမ်ဆက်တီခုံတစ်လုံးတွင် ထိုင်ရင်း မျက်နှာချင်းဆိုင် နံရံပေါ်ရှိ ဒေါင်လိုက် သုံးပေ၊ အနံ တစ်ပေခွဲခန့်ရှိသော ဓာတ်ပုံကို ငေးငူငူကြီး ကြည့်လျက်ရှိတော့၏။

ဘောင်သွင်းထားသည့်မှန်က ဖုန်မသုတ်ဘဲထားသဖြင့် ဖုန်ထုတက်နေသည့်တိုင် မှန်ချပ်အောက်ရှိ ဓာတ်ပုံထဲမှ မိန်းမပျို၏အလှက တောက်လက်လျက် ရှိနေဆဲဖြစ်သည်။

အဆိုပါဓာတ်ပုံက ကိုယ်လုံးပြည့်နီးပါးပုံဖြစ်ရာ အချိုးကျလှပတင့်မောသည့် ကိုယ်လုံးနှင့် စွဲမက်ဖွယ်အလှမျက်နှာတို့က သူ့ရင်နှလုံးသားကို စွဲကိုင်လှုပ်ယမ်းနိုင်ဆဲဖြစ်၏။

ထိုဓာတ်ပုံထဲမှ မိန်းကလေး၏အမည်က နွဲ့လေးရီဖြစ်ပြီး သူ့သူငယ်ချင်းအေးမောင်၏ညီမ ဖြစ်ပေသည်။

အေးမောင်ကိုယ်တိုင်က သူနှင့်သဘောမတူခဲ့လေသည့် တစ်ဦးတည်းသော ညီမပင် ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



နွဲ့လေးရီ၏ဓာတ်ပုံကို စိုက်ငေးကြည့်နေသည့် ချစ်သွေးကို နာကျင်စွာပြုံးကြည့်ရင်း ဓာတ်ပုံအောက်တည့်တည့်မှ ကြိမ်ဆက်တီခုံတွင် အေးမောင်က ဝင်ထိုင်လိုက်ပြီးနောက် ဖန်ခွက်ထဲမှ အရက်ကို တစ်ငုံသောက်လိုက်လေသည်။

ထိုအခါမှ ချစ်သွေး၏အကြည့်က အေးမောင်ဆီ ရောက်လာလေသည်။ သူက သူငယ်ချင်းဖြစ်သူကို စိတ်မသက်သာစွာကြည့်ရင်း . . .

"အေးမောင်ကြီး . . . မင်း အရက်သမားလုံးလုံး ဖြစ်နေပြီပေါ့ . . . ဟုတ်လား၊ ပြီးတော့ ဒီအိမ်နဲ့ခြံဟာ အရင်ကလို မဟုတ်တော့ဘူး၊ မပြုမပြင်ဘဲထားတာ တော်တော်ကြာနေတဲ့ပုံပဲ"

ဟု မှတ်ချက်ချလိုက်ရာ အေးမောင်က မရယ်ချင့်ရယ်ချင်ဖြင့် ရယ်လိုက်လေ၏။ သူ၏ရယ်သံဝယ် နာကြည်းခွေးမြည့်သံပါလျက် ရှိတော့သည်။

"ဟင်း ဟင်း ဟင်း . . . ဟုတ်တယ် ချစ်သွေး၊ ငါ နှစ်နှစ်ချီပြီး နေမကောင်းဖြစ်ခဲ့တယ်၊ ပြီးတော့ ငါ့ညီမ သေသွားခဲ့တယ်၊ အဲဒီကတည်းက ဟောဒီအိမ်နဲ့ခြံကိုရော၊ ငါ့ကိုယ်ငါရော မပြုမပြင်ဘဲထားခဲ့တာကွ . . . ဟင်း ဟင်း ဟင်း"





"ဘာ . . . နွဲ့ နွဲ့လေးရီသေပြီ . . . ဟုတ်လား"

ချစ်သွေး အတော်တုန်လှုပ်သွား၏။ ကြားရသည့်စကားကို မယုံနိုင်ဖြစ်ရသည်။ သူ့ရင်ထဲဝယ် ဟာလာဟင်းလင်းဖြစ်သွားသလို ခံစားလိုက်ရ၏။

"ဟုတ်တယ် သူငယ်ချင်း . . . ညီမလေး သေပြီကွာ၊ မင်းနဲ့ သဘောတူခဲ့ရင် ညီမလေး ဒီလိုဖြစ်မှာမဟုတ်ဘူး . . . ခုခုတော့"

ပြောရင်း အေးမောင်မှာ ငိုသံပါလာ၏။ သူ၏ဦးခေါင်းတင်မက တစ်ကိုယ်လုံး ကြိမ်ဆက်တီခုံအောက်သို့ ငိုက်ကျတော့မလို ဖြစ်လာသည်။

ချစ်သွေးမှာ သူငယ်ချင်းဖြစ်သူကို မည်သို့နှစ်သိမ့်ရမှန်းမသိ ဖြစ်နေသည်။ သူကိုယ်တိုင် ထိုင်ရမလို ထရမလို ဖြစ်နေပြီး ယခင်က ရှိခဲ့ဖူးသည့် တက်ကြွရွှင်လန်းမှုတို့ လုံးဝပျောက်ဆုံးကာ စုန်းစုန်းမြုပ် ကျုံ့ရှုံ့နေသောပုံသွင်ဖြစ်နေသည့် အေးမောင်ကို တစ်လှည့် သူ မြတ်နိုးနေဆဲဖြစ်သည့် နွဲ့လေးရီ၏ဓာတ်ပုံကို တစ်လှည့် ကြည့်ရင်း ရင်မှာ နှမြောတသ ကြေကွဲမှုလှိုင်းဆက်တို့ ရိုက်ခတ်လျက်ရှိတော့၏။

"နွဲ့ နွဲ့လေးရီ ဘာဖြစ်လို့ သေရကာလဲ အေးမောင်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ယောက်ျားသတ်လို့ သေတယ်ထင်တာပါပဲကွာ"

အေးမောင်၏အသံက နာကြည်းသံစွက်နေ၏။

"ဘယ်လို ... မင်းပြောတဲ့စကားကို ငါမရှင်းပါဘူး"

"ဒီလိုကွာ ... သူ့ယောက်ျားစောမင်းနိုင်က ချယ်ရီနွယ်သာမြို့မှာ မက်မန်းခြံတွေ ပိုင်တယ်၊ တောင်ကြီးမြို့ပေါ်မှာတင် တိုက်နှစ်လုံး ပိုင်ပြီး အငှားချထားတယ်၊ ငါ တောင်ကြီးကို ကုန်ကူးရင်း စောမင်းနိုင်နဲ့ သိခဲ့ရတာ၊ သူက မိတ်ဆွေအပေါင်းအသင်းအပေါ် သိပ်ကိုရက်ရောတော့ သူ့ကို ခင်မင်သွားမိတာပေါ့၊ လူမှုရေးကတော့ အင်မတန်ညက်တယ် ...၊

သူက မန္တလေးအထိဆင်းပြီး လာလည်တယ်၊ ညီမလေးကိုတွေ့တော့ သူက သဘောကျသွားတယ်၊ အဲဒီအချိန်မှာ ငါက ရှမ်းကိုးမီးပိုင်းတွေ, ဂျင်ပိုင်းတွေမှာ လိုမ့်ရှုံးနေတဲ့ အချိန်၊ သူက ငါ့ရဲ့ငွေကြေးဆုံးရှုံးမှုတွေကို ဖေးမ,ကျားကန်ပေးတယ်၊ သူ့ရဲ့ ချမ်းသာကြွယ်ဝမှု, ရက်ရောတတ်မှု, အသောက်အစားလောင်းကစားကင်းမှုတွေကြောင့် သူ့ကို သဘောကျပြီး သူက ညီမလေးကို တောင်းဆိုလာချိန်မှာ ငါ လိုလိုလားလား ခေါင်းညိတ်သဘောတူခဲ့တယ်ကွာ ... အဲ အဲဒါဟာ ငါ့ဘဝရဲ့ အကြီးဆုံးအမှားပါပဲ"





အေးမောင်၏စကားသံက တုန်ခါတိမ်ဝင်သွားပြီးနောက် ဖန်ခွက်ထဲမှအရက်ကို တစ်ငုံစာမျှမော့နေစဉ် ချစ်သွေးမှာ ကြေကွဲသောရင်နှင့် အတိတ်ကို ပြန်တွေးရင်း ငြိမ်နေမိတော့သည်။

"အေးပေါ့လေ ... အဲဒီတုန်းက ငါကလည်း မြင်းလှည်းမောင်းသမား ငါ့ရဲ့အဖေ ရုတ်တရက် မျက်စိကွယ်သွားလို့ ရန်ကုန်ယူနီဗာစီတီကနေ အိုင်အေအောင်ပြီးတာနဲ့ ကျောင်းဆက်မတက်ဖြစ်တော့ဘဲ ထွက်လာရတဲ့ဘဝ၊ အနာဂတ်အရေး မရေရာ, မသေချာတဲ့ဘဝမို့ နွဲ့လေးရီကို ချစ်လျက် စွန့်လွှတ်ခဲ့ရတယ်၊

ဒီမန္တလေးမှာ အတူနေပြီး ကြီးပြင်းခဲ့ရတဲ့ ငယ်သူငယ်ချင်း ချစ်သူမို့ နွဲ့လေးရီဟာ ငါ့ကိုချစ်ပေမယ့် မိဘတွေမရှိတဲ့နောက်ပိုင်း အစ်ကိုလုပ်သူကို အားကိုးနေရသူလေးမို့ အစ်ကိုရဲ့စကားကို မပယ်ရှားသာခဲ့ဘူးလေ ...၊

အေးမောင်ကလည်း မိမဲ့ ဖမဲ့ ဖြစ်နေရတဲ့ သူ့ညီမလေးဘဝ လုံခြုံဖို့, ကောင်းစားဖို့ဟာ သူ့မှာ လုံးဝတာဝန်ရှိတယ်လို့ယူဆထားပြီး သူ့ညီမရဲ့ ဘဝတက်လမ်းအတွက် ကိုစောမင်းနိုင်ကို ရွေးခဲ့ရတယ်၊ သူငယ်ချင်းဖြစ်တဲ့ ငါ့ကို မငဲ့နိုင်ခဲ့ဘူး၊ ငါ့လည်း ကိုယ့်ရဲ့ဘဝအခြေအနေက မကောင်းလေတော့ ချစ်သူလေး ကောင်းစားစေဖို့ ကြည်ကြည်ဖြူဖြူပဲ လက်လွှတ်ပေးခဲ့မိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ခုတော့ နှစ်ပေါင်း ချယ်ရီ သေရှာပြီတဲ့၊ ဖြစ်မှဖြစ်ရလေကွယ် ... အဲဒီတုန်းက ကိုယ့်ရဲ့ဆုံးဖြတ်ချက် မှားခဲ့ပြီပေါ့''

သူ့အတွေးအဆုံးမှာပင် အေးမောင်က စကားပြန်စလေသည်။

''အေ့ ... ငါမှားခဲ့တယ် ချစ်သွေးရယ် ... တကယ်ပါ၊ ငါဟာ ကုန်သည်လုပ်နေပြီး မပါးနပ်ခဲ့ဘူး၊ စောမင်းနိုင်ရဲ့ တကယ့် စရိုက်သဘာဝကို မသိဘဲ သဘောကောင်းဟန်ဆောင်ခဲ့တဲ့၊ လူကောင်းသူကောင်းဟန်ဆောင်ခဲ့တဲ့ စောမင်းနိုင်ရဲ့ လှည့်ကွက်ထဲ ဝင်ခဲ့မိတယ် သူငယ်ချင်းရယ် ...၊

တကယ်တော့ သူ့ရဲ့ ရက်ရောမှုတွေ၊ ကူပံ့မှုတွေဟာ ထောင်မြှင်လို့ ရာစွန့်ခဲ့တာပါကွာ ...၊

အေ့ ... ငါက အဲဒါကို မရိပ်မိဘဲ သူ့ကိုသဘောကျပြီး ယောက်ဖအဖြစ် ရွေးချယ်ခဲ့မိတယ်ကွာ၊ အိမ်ထောင်ကျစကတော့ သူဟာ ညီမလေးကို အလိုလိုက်ပါတယ်၊ ညီမလေးကို ချယ်ရီနံ့သာမြို့က သူ့ရဲ့ ချယ်ရီမြိုင်စံအိမ်ကြီးဆီ ခေါ်သွားတယ်၊ သူ့ရဲ့စံအိမ်နဲ့ခြံဝင်းကို ညီမလေးရဲ့စိတ်တိုင်းကျ ပြုပြင်ပေးခဲ့တယ်၊ အဲဒီတုန်းက ညီမလေး ငါ့ဆီ စာရေးတဲ့အခါ စိတ်ချမ်းသာစရာတွေပဲ ငါဖတ်ခဲ့ရတယ်၊ ဒါကြောင့် ညီမလေးရဲ့ဘဝအတွက်





ငါ ရွေးချယ်ပေးခဲ့တဲ့လမ်းကြောင်းဟာ မှန်ကန်ပြီလို့ ယူဆပြီး ငါ ပျော်ရွှင်ခဲ့ရတယ် ချစ်သွေး''

ပြောရင်း အေးမောင်သည် သူငယ်ချင်းဖြစ်သူ ချစ်သွေးကို အားနာလာသဖြင့် အတန်ငယ် ရှုံးတိုးရှုန့်တန့်ဖြစ်သွားပြီးမှ လေသံကို နှိမ့်ချကာ စိတ်မကောင်းသံဖြင့် ဆက်ပြောလေ၏။

''အဲဒီတုန်းက ညီမလေးနဲ့မင်း ရည်ငံနေတာကို သိခဲ့ပေမယ့် မသိဟန်ဆောင်ပြီး စောမင်းနိုင်နဲ့ ပေးစားခဲ့မိတာကို ငါ တောင်းပန်ပါတယ်ကွာ သူငယ်ချင်း''

''ရပါတယ် အေးမောင်ကြီးရာ ... အဲဒီတုန်းက ငါ့ဘဝကလည်း အတော့်ကို မရေမရာ ဖြစ်နေတာကိုး၊ ဥစ္စာဓနချင်း ချိန်စက်ရင် စောမင်းနိုင်နဲ့ငါဟာ မိုးနဲ့မြေလို ကွာနေတယ်လေ၊ ဒီတော့ မင်း သူ့ဘက်ကို စောင်းပေးခဲ့ရမှာပဲပေါ့၊ ဒါဟာ သဘာဝကျပါတယ်၊ ငါ နားလည်ပါတယ်''

''အေး ... ဒါပေမဲ့ ငါက လောကကြီးရဲ့မာယာကို နားမလည်ခဲ့ဘူး၊ ညီမလေး နောက်ပိုင်းရေးတဲ့စာတွေထဲမှာ ပျော်ရွှင်သံတွေ ဆိတ်သုဉ်းသွားတယ်၊ အဲဒီမှာ သူ့ရဲ့အိမ်ထောင်ရေး မသာယာတော့ဘူးဆိုတာကို ငါရိပ်မိလာတယ်၊ ဒါနဲ့ ငါ လေမပြန်းခင်မှာ ချယ်ရီနံ့သာမြို့လေးဆီ လိုက်သွားခဲ့တယ်''



www.burmeseclassic.com

www.burmeseclassic.com



ချစ်သွေး အံ့အားသင့်သွားသည်။

"ဘာ ... မင်း လေဖြန်းခဲ့သေးတယ် ... ဟုတ်လား"

"ဟုတ်တယ် ... အဲဒီတုန်းက စီးပွားက ကျသထက်ကျနေတော့ စိတ်ညစ်ပြီး အရက်ကို နေ့တိုင်းသောက်မိရာက အမူးလွန်ပြီး ဒီအိမ်ရှေ့ခြံထဲက ခုံတန်းလျားမှာ ဆောင်းတွင်း ညဘက်ကြီး အိပ်ပျော်သွားမိရာက လေဖြန်းခဲ့တယ် ...၊

အဲဒါ ထားပါကွာ ... ငါ အဲဒီလို လေမဖြန်းခင်က ညီမလေးဆီ လိုက်သွားခဲ့တယ်၊ အဲဒီမှာ ညီမလေး အတော်ပိန်နေတာ တွေ့ရတယ်"

"ပြောပါ"

"သူက ငါ့ကိုတွေ့တော့ ဘာစကားမှမပြောနိုင်ဘဲ မျက်ရည်တွေ တွေတွေကျလာတယ်၊ ငါက ညီမလေး အဆင်မပြေဘူးလားလို့ မေးလိုက်တော့မှ ခေါင်းယမ်းပြပြီး ငါ့ရဲ့ရင်ဘတ်ပေါ် ခေါင်းစိုက်ငိုကြွေးခဲ့တယ်၊ အဲဒီတော့မှ ငါမှားခဲ့ပြီဆိုတာကို စသိခဲ့ရတယ် သူငယ်ချင်း"

အေးမောင်၏စကားကို နားထောင်ရင်း ချစ်သွေး၏ရင်ဝယ် ပူပန်စိုးရိမ်စိတ်တို့ ဖြစ်ပေါ်လာကာ မျက်နှာကလည်း အေးမောင်နှင့်အပြိုင် ညှိုးမှိုင်းလာတော့၏။

ခု နှစ် စဉ် ကြယ် စာ ပေ



"ငါရောက်သွားတဲ့အချိန်တုန်းက သူတို့အိမ်မှာ စောမင်းနိုင် ရှိမနေဘူး၊ သူ့ရဲ့မက်မန်းခြံကို သွားနေတယ်၊ ညီမလေးကို ဖြည်းဖြည်းချင်းမေးတော့မှ သူတို့ရဲ့အိမ်ထောင်ရေး အဆင်မပြေတာကို သိခဲ့ရတယ် ...၊

စောမင်းနိုင်ဟာ ငါတို့ထင်ထားတာထက် ပိုချမ်းသာတယ်၊ မက်မန်းခြံကို အယောင်ပြပြီး ဘိန်းစိုက်တယ်၊ ဘိန်းချက်တယ်၊ တကယ်တော့ သူဟာ ဘိန်းရာဇာတစ်ဦးပဲ၊ ဒါပေမဲ့ သူဟာ အင်မတန်ပါးနပ်ပြီး လျှို့ဝှက်တတ်လွန်းတဲ့အတွက် အိမ်ထောင်သက်နှစ်နှစ်လောက်ကြာမှ ငါ့ညီမက ရိပ်မိခဲ့တယ်"

အေးမောင်၏စကားကြောင့် ချစ်သွေး မျက်ခုံးပင့်သွားမိသည်။

"သူက ဘိန်းစိုက်တယ်၊ ဘိန်းချက်တယ် ... ဟုတ်လား၊ ဘယ်မှာစိုက်တာ, ဘယ်မှာချက်တာတဲ့လဲ"

"အဲဒါ ငါ့ညီမ စောစောတုန်းက မသိဘူးကွ၊ သူ့ကိုလည်း မမေးရဲဘူးလေ၊ စောမင်းနိုင်ဟာ အပြင်ပန်းမှာ လူကြီးလူကောင်း, လူရည်မွန်လို ပြောဆိုနေထိုင်ပေမယ့် လူသတ်တဲ့နေရာမှာ အင်မတန်ရက်စက်တယ်လို့ ညီမလေးက တိုးတိုးပြောပြတယ်"

ခု နှစ် စဉ် ကြယ် စာပေ

www.burmeseclassic.com

www.burmeseclassic.com



''လူသတ်တယ် ... ဟုတ်လား၊ သူက ဘယ်သူ့ကို သတ်တာလဲ''

''သူတို့ ဘိန်းကုန်ကူးတဲ့ဂိုဏ်းအချင်းချင်း သတ်တာလို့ ညီမလေးက ထင်တယ်တဲ့၊ သတ်တာမှ အဲဒီချယ်ရီမြိုင်စံအိမ်ကြီးရဲ့ မြေအောက်ခန်းထဲမှာ သတ်တာတဲ့''

''မြေအောက်ခန်းထဲမှာ ... ဟုတ်လား''

အေးမောင်မှာ ခုံအားသင့်ပြီးရင်း သင့်နေမိတော့၏။

''ဟုတ်တယ် ချစ်သွေး ... ဒါပေမဲ့ အဲဒီစံအိမ်ကြီးမှာ မြေအောက်ခန်းရှိနေတာကိုလည်း အစက ငါ့ညီမ မသိခဲ့ဘူး၊ စောမင်းနိုင်ကလည်း မပြောဘူး၊ နောက်မှ ငါ့ညီမက မြေအောက်ခန်းရှိတာကို မမျှော်လင့်ဘဲ သိခဲ့ရတယ်''

''ဘယ်လိုသိခဲ့တာတဲ့လဲ၊ မင်းသိထားသမျှ ပြောပြစမ်းကွာ''

ဤတွင် အေးမောင်သည် အတန်ကြာ ငေးငူငူဖြစ်သွားလေ၏။ နောက်မှ သက်ပြင်းချပြီး ပြောလေသည်။

''အေးပါကွာ ... ငါ အခု သိပ်မမူးပါဘူး၊ ငါသိထားသမျှ မင်းကို ပြောပြတာပါပဲ၊ ငါ့ညီမ သိခဲ့ရတာက နော်ခမ်းဆိုတဲ့ ကောင်လေးက ပြောပြလို့ပဲ''





''ဟေ ... နော်ခမ်းဆိုတာ ဘယ်သူလဲ''

''စောမင်းနိုင်ရဲ့ ရထားလုံးကိုမောင်းတဲ့ ကောင်လေးတဲ့၊ ငါ့ညီမကိုသနားပြီး တတ်နိုင်သလောက် ကူညီစောင့်ရှောက်ရာက ငါ့ညီမအပေါ် အစ်မအရင်းလို ခင်မင်သွားပုံရတယ်တဲ့ကွ၊ ဒါပေမဲ့ သူက သူ့ဆရာကိုကြောက်လို့ပဲလား, သစ္စာမဲ့သလိုဖြစ်မှာ စိုးလို့လား မသိဘူး ... အကုန် ဖွင့်တော့မပြောဘူးတဲ့ကွ ...၊

ဒါပေမဲ့ သူ့ရဲ့အမူအရာနဲ့ မျက်လုံးအကြည့်တွေက ငါ့ညီမအတွက် ရင်ထုမနာဖြစ်နေတာ သိသာလွန်းတယ်တဲ့၊ စောမင်းနိုင်မှာ ငါ့ညီမ မသိအောင်ထားတဲ့ မယားငယ်တွေ, ကိုယ်လုပ်တော်တွေ ရှိတဲ့အကြောင်း နော်ခမ်းက ငါ့ညီမကို တစ်စွန်းတစ်စ ပြောပြခဲ့တယ် ...၊

ငါ့ညီမကလည်း သူ့အပေါ် ဆက်ဆံရေးကျဲလာတဲ့ စောမင်းနိုင်ရဲ့ ခြေလှမ်းတွေအတွက် စိတ်သောကဖြစ်နေတော့ နော်ခမ်းကို လှည့်ပတ်မေးတယ်၊ အဲဒါကြောင့် လူမသိသူမသိတဲ့ စောမင်းနိုင်ရဲ့ ဒုစရိုက်လုပ်ငန်းတွေရဲ့အကြောင်း တစ်စ တစ်စ သိလာခဲ့ရတယ် ...၊

တကယ်တော့ နော်ခမ်းဟာ ဆယ်နှစ်သားလောက်ကတည်းက ချယ်ရီမြိုင်မှာ မြင်းစောင့်အကူအဖြစ် အလုပ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တာဆိုတော့ စောမင်းနိုင်ရဲ့ လက်သပ်မွေးလူယုံ လက်ရုံး တပည့်ဆိုလည်း မမှားဘူးပေါ့၊ နော်ခမ်းကလည်း ငါ့ညီမအပေါ် သနားစိတ်ဝင်မိတော့ လူငယ်ပီပီ သိပ်မစဉ်းစားဘဲ ပြောမိတယ် ထင်တာပါပဲကွာ၊ ဒါပေမဲ့ ဘိန်းလုပ်ငန်းနဲ့ပတ်သက်ပြီး နော်ခမ်း သေသေချာချာမသိလို့ ဘိန်းစိုက်တဲ့နေရာနဲ့ ချက်တဲ့နေရာကို မပြောခဲ့နိုင်ဘူး ...၊

ငါ့ညီမကလည်း နော်ခမ်းဆီက သိရသမျှကို အခြေခံ ပြီး စောမင်းနိုင်ကို စကားနာထိုးလာခဲ့တယ် ...၊

ဒီမှာတင် လူပါးလူနပ် စောမင်းနိုင်ဟာ ငါ့ညီမ အဲဒါ တွေ ဘယ်လိုသိသလဲဆိုတာကို ဖွင့်မမေးဘဲ သူ့နည်းသူ့ဟန်နဲ့ လျှို့ဝှက်စုံစမ်းပုံရတယ်ကွ၊ အဲဒီနောက်တော့ နော်ခမ်း ပျောက် သွားတယ်''

''နော်ခမ်း ပျောက်သွားတယ် ... ဟုတ်လား''

''ဟုတ်တယ် ချစ်သွေး၊ ငါ့ညီမကတော့ သူနဲ့နော်ခမ်းရဲ့ အကြောင်းကို စောမင်းနိုင် ရိပ်မိသွားပြီး သတ်ပစ်လိုက်တယ်လို့ ထင်တယ်တဲ့၊ သတ်တာကလည်း အဲဒီစံအိမ်ကြီးရဲ့ မြေအောက် ခန်းမှာ သတ်တယ်လို့ ထင်တယ်တဲ့၊ နောက်တော့ သူထင်တဲ့ အတိုင်းပဲဆိုတာ သိခဲ့ရတယ်တဲ့''





''အင်း ... နွဲ့လေးရီရော ဘယ်လိုဆက်ဖြစ်သလဲ ... ပြောပါဦး''

''နော်ခမ်းပျောက်သွားပြီးနောက်ပိုင်းမှာ စောမင်းနိုင်က ငါ့ညီမအပေါ် ဆက်ဆံပုံဟာ အံကြွင်နာတရား လုံးဝမဲ့သွားတယ်၊ အပြစ်မရှိ အပြစ်ရှာပြီး ကိုယ်ထိလက်ရောက် ရိုက်နှက်တဲ့အထိ ဖြစ်လာတယ်လို့ ညီမလေးက ငိုပြီးပြောရှာတယ်''

ချစ်သွေး အံကြိတ်လိုက်မိသည်။ သူမြတ်နိုးလှသဖြင့် မထိရက် မကိုင်ရက်ခဲ့သော ပန်းလေးတစ်ပွင့်ကို တစ်ပါးသူ နှင်းချေသည်ဆိုတော့လည်း ကျဲမြီးတိုပေပပေါ့။

''မင်းက သူ့ကို ပြန်လိုက်ခဲ့ဖို့ မခေါ်ဘူးလား''

''ငါခေါ်တယ်၊ ဒါပေမဲ့ ညီမလေးက မလိုက်ရဲဘူး၊ စောမင်းနိုင်က ပြောထားတယ်တဲ့ ... ထွက်ပြေးလို့ကတော့ ကမ္ဘာမြေအဆုံးအထိ မရ,ရအောင် လိုက်ရှာပြီး သတ်ပစ်မယ်လို့ ပြောတယ်၊ စောမင်းနိုင်ဟာ တကယ့်ကို စိတ်ဓာတ်ခက်ထန် ရက်စက်ကြမ်းကြုတ်တာကို ညီမလေးက သိထားတော့ သူ့လက် ကနေ ထွက်မပြေးရဲဘူး၊ စောမင်းနိုင်မှာ အပေါင်းအသင်း, တပည့်တပန်းတွေ အများကြီးဆိုတော့ သူ့ရဲ့ခြေရက်ကနေ လွတ်အောင်ပြေးနိုင်ဖို့ မလွယ်ဘူးတဲ့ ...၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ငါခေါ်သွားရင် ငါ့အပေါ် ငြိုးလာမှာကိုလည်း ညီမလေးက စိုးရိမ်တယ်၊ ငါ့ကိုတောင် စောမင်းနိုင်နဲ့ မဆုံစေချင်ဘူး၊ ဒါကြောင့် မက်မန်းခြံမှာ ညသွားအိပ်ရာက စောမင်းနိုင်ပြန်မလာခင် နောက်နေ့မနက်မှာပဲ ငါ မန္တလေးကို ပြန်လာခဲ့ရတယ်''

အေးမောင်က စကားပြောရသည်မှာ မောသွားဟန်ဖြင့် ခေတ္တနားလိုက်ပြီးမှ ဆက်ပြောလေသည်။

''ငါ မန္တလေးပြန်ရောက်ပြီး နှစ်လလောက်အကြာမှာပဲ ငါ့ညီမလေးဆီက စာလာတယ် ... အဲဒါ သူ့ရဲ့နောက်ဆုံးစာပဲ၊ သူ အတော်နေမကောင်းဖြစ်နေတယ်တဲ့၊ သူ ငါ့ဆီကို ခဏဖြစ်ဖြစ် ပြန်လာချင်ပေမယ့် စောမင်းနိုင်က အိမ်ထဲကနေ အိမ်အပြင်တောင် ထွက်ခွင့်မပေးဘူးတဲ့၊ အခုစာကိုတောင် ရထားလုံးမောင်းသမားအသစ်ကို ပိုက်ဆံပေး မနည်းစည်းရုံးပြီး ထည့်ခိုင်းတာတဲ့၊ သူ့မှာ ဘာရောဂါမှ မရှိဘူးဆိုတာကို သူသိတယ်၊ ဒါပေမဲ့ ဘာဖြစ်လို့မှန်း မသိဘူး ... ခေါင်းမူးမူးနေတော့ သူ့ယောက်ျား စောမင်းနိုင်က သူနာပြုဆရာမတစ်ယောက် ခေါ်လာပြီး ဆေးတိုက်ခိုင်းတယ်တဲ့၊ နောက်တော့ အဲဒီသူနာပြုဆရာမကိုပဲ အထူးသူနာပြု (Special Nurse) အဖြစ်ငှားပြီး သူ့ကို အမြဲစောင့်





ရှောက်စေတယ်တဲ့ ...၊

အဲဒီ သူနာပြုတိုက်တဲ့ဆေးကို သောက်ရင်းနဲ့ လူက ပိုပိန်ပိန်လာပြီး ပိုမောမောလာလို့ ဆေးရုံ ဆေးခန်း ပို့ပေးဖို့ ပြောတော့လည်း စောမင်းနိုင်က ဘာမှမဖြစ်လောက်တဲ့ရောဂါပါ၊ အိမ်မှာပဲ ဆေးသောက်ရင်း ပျောက်သွားမှာပေါ့ဆိုပြီး ဆေးရုံ ဆေးခန်းမှာ ကုခွင့်မပေးဘူးတဲ့၊ အဲဒီလို ဘာကြောင့် ချုပ်ချယ်ရသလဲဆိုတာ သူမသိဘူးတဲ့ ...၊

သူ့ယောက်ျား စောမင်းနိုင်ရဲ့ သူ့အပေါ် ဆက်ဆံရေး ပိုပြီးဆိုးဝါးလာတာဟာ စောမင်းနိုင်ရဲ့ ဒိုင်ယာရီစာအုပ်အနီလေးကြောင့်ပဲ''

ဤတွင် ချစ်သွေးက မေးခွန်းထုတ်လိုက်သည်။

''ဒိုင်ယာရီစာအုပ် အနီလေးတဲ့လား၊ ဒါဆို စောမင်းနိုင်ဟာ ဒိုင်ယာရီရေးလေ့ရှိသူပေါ့''

''အေး ... ဟုတ်တယ်၊ စောမင်းနိုင်ဟာ အလုပ်လုပ်တဲ့နေရာမှာ အင်မတန် စေ့စပ်သေချာသူဖြစ်တယ်တဲ့၊ သူဟာ ည အိပ်ရာဝင်ခါနီးတိုင်း ဒိုင်ယာရီရေးလေ့ရှိပြီး သူ့ရဲ့ဒိုင်ယာရီကို မယားဖြစ်သူကို ကိုင်ကြည့်ခွင့်တောင် မပေးဘူးတဲ့ ချစ်သွေးရဲ့''

''အင်း ... ဆက်ပြောပါဦး စိတ်ဝင်စားစရာပါပဲ''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ သားရေဖုံးအနီလေးနဲ့ ဒိုင်ယာရီပျောက်သွားတယ် ဆိုပြီး တစ်နေ့မှာ ငါ့ရဲ့ညီမကို မေးတယ်တဲ့၊ သူ့ရဲ့ဒိုင်ယာရီကို တွေ့သလား၊ ယူထားလားပေါ့၊ ငါ့ညီမက သူ့ဒိုင်ယာရီ မယူဘူး မတွေ့ဘူးလို့ငြင်းတယ်၊ ဒါပေမဲ့ စောမင်းနိုင်က ယုံကြည်ပုံမရဘဲ အဲဒီကိစ္စကိုပဲ ထပ်ကာ ထပ်ကာ မေးတယ်တဲ့၊ ငါ့ညီမကလည်း ငြင်းမြဲငြင်းတာပေါ့၊ ...၊

တကယ်တော့ အဲဒီဒိုင်ယာရီကို ငါ့ညီမက တွေ့ခဲ့၊ ဖတ်ခဲ့ပြီး ဖျောက်ဖျက်ပစ်ခဲ့တယ် ...၊

အဲဒီအချိန်ကစပြီး စောမင်းနိုင်က ငါ့ညီမအပေါ် ဆက်ဆံရေး ပိုတင်းမာသွားပြီး ချုပ်ချယ်မှုတွေ စတင်ခဲ့တယ်တဲ့၊ ငါ့ညီမ ကို ချယ်ရီမြိုင်ခြံကြီးရဲ့ အပြင်ဘက်ကို ထွက်ခွင့်မပြုတော့ဘူးတဲ့ ...၊

ညီမလေးက သူ နေပြန်ကောင်းလာရင် ငါ့ဆီကို ပြန်လာချင်တယ်၊ စောမင်းနိုင်ဆီက ကွာရှင်းခွင်းရချင်တယ်လို့ သနားစရာရေးပြီး စာကို အဆုံးသတ်ထားတယ်ကွာ ...၊

အဲဒီစာ လာပြီး နှစ်လလောက်အကြာမှာပဲ စောမင်းနိုင်က ငါ့ဆီ ကြေးနန်းတစ်စောင် ရိုက်လိုက်တယ် ...၊

သူ့ရဲ့ကြေးနန်းစာက နွဲ့လေးရီ နှလုံးရောဂါနဲ့ ဆုံးပြီ၊





ရက်လည်ဆွမ်းသွပ်ပြီးပြီလို့ပဲ ပါတယ်ကွ"

"ဩော်"

"ချစ်သွေးရာ ... အဲဒီကြေးနန်းရတော့ ငါ့မှာ ကမ္ဘာပျက်သလို ခံစားရတယ်ကွာ၊ ငါက ငါ့ညီမလေးကို သိပ်ချစ်တာ၊ သူလေးရဲ့ဘဝ ကောင်းစားစေဖို့ စောမင်းနိုင်နဲ့ ပေးစားလိုက်ကာမှ ညီမလေးခမျာ ငယ်ငယ်ရွယ်ရွယ်နဲ့ လူ့လောကကနေ ထွက်ခွာသွားရရှာတယ်ကွာ"

ပြောရင်း အေးမောင်၏အသံက တိမ်ဝင်သွားသည်။ သူ့မျက်ဝန်းတို့ဝယ် မျက်ရည်ကြည်တို့ ရစ်ဝိုင်းလာကြ၏။

ချစ်သွေးကိုယ်တိုင် နွဲ့လေးရီအတွက် ရင်ထဲတွင် နင့်ခနဲ နေအောင် ခံစားလိုက်ရသည်။ သူ တစ်ချိန်က ချစ်ခဲ့ရသည့် မိန်းကလေး။ ယနေ့အထိ ချစ်နေဆဲမိန်းကလေးအတွက် ကြေကွဲမဆုံး ဖြစ်ရတော့သည်။

အေးမောင်က သက်ပြင်းရှိုက်လိုက်ပြီး ဆက်ပြောသည်။

"ငါ့ညီမလေးဆုံးပြီဆိုတာ သိရတော့ ငါ ချယ်ရီနှံ့သာမြို့ဆီ ချက်ချင်းလိုက်သွားချင်လိုက်တာကွာ၊ ဒါပေမဲ့ အဲဒီတုန်းက ငါ့မှာ လေဖြန်းရာက နာလန်ထပဲရှိသေးတော့ ကိုဖိုးတုတ် ဆိုတဲ့ လူငှားတစ်ယောက်ခေါ်ထားပြီး ထတာ၊ ကိုင်တာတောင်



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ဖေးကူမှု ယူနေရတဲ့အချိန်မို့ လိုက်မသွားနိုင်ခဲ့ပါဘူး သူငယ်ချင်းရယ် ...၊

"အခု သွားနိုင်၊ လာနိုင်ပြီဆိုပေမယ့် ခရီးဝေးမသွားနိုင်ဘူးကွာ"

"အေးလေ ... မင်းကြည့်ရတာ အခုတောင် ခြေတုန်လက်တုန်ဖြစ်နေတာ၊ သောက်တာကလည်း အလွန်ပဲကိုးကွ၊ ပြီးတော့ မင်း ကားမမောင်းသင့်ဘူး"

"ပြောတော့ သူငယ်ချင်း၊ ငါ့မှာ အဖော်ဆိုလို့ အရက်ပဲရှိတော့တာကွ၊ ကားကတော့ ဒရိုင်ဘာ အရင်က ထားပါတယ်၊ ငါ့မှာ ဘဏ်တိုးရတာက နည်းတော့ ဒရိုင်ဘာကို လခကောင်းကောင်းမပေးနိုင်လို့ အလုပ်ထွက် ထွက်သွားကြတယ်ကွ"

ထို့နောက် အေးမောင်သည် ဖန်ခွက်ထဲမှ အရက်လက်ကျန်ကိုရှင်းလိုက်ပြီး ချစ်သွေး၏မျက်နှာကို စေ့စေ့ကြည့်ကာ...

"သူငယ်ချင်း ... ငါ့ရဲ့ညီမအကြောင်း အခုလို ဘာဖြစ်လို့ သေသေချာချာ ပြောပြရသလဲဆိုတာ သိလား"

ဟု မေးလေ၏။ ချစ်သွေးက မချိပြုံး ပြုံးလိုက်သည်။

"မင်းရဲ့အမှားကို မင်း ဝန်ခံပြီး ရင်ဖွင့်ချင်လို့ မဟုတ်လား"





"အေး ... ဟုတ်တော့ဟုတ်ပါတယ်ကွာ၊ ဒါပေမဲ့ အဲဒီလောက် မကဘူးကွ၊ အဓိက,ကတော့ ညီမလေးနဲ့ပတ်သက်ပြီး မင်းကို အကူအညီတောင်းချင်လို့ပဲ သူငယ်ချင်း"

ချစ်သွေး မျက်ခုံးပင့်လိုက်မိသည်။

"ဘယ်လိုအကူအညီ တောင်းမှာတုံး"

"ငါ့ရဲ့ကိုယ်စား ချယ်ရီနံ့သာကို သွားပေးဖို့ပါပဲ သူငယ်ချင်း"

"ငါက ချယ်ရီနံ့သာကို မင်းရဲ့ကိုယ်စား သွားပေးရမယ် ... ဟုတ်လား အေးမောင်၊ ဘာအတွက်များလဲကွာ ... ပြောပါဦး"

"အဓိက,ကတော့ ငါ့ညီမလေး ဘာကြောင့် သေရသလဲဆိုတာကို သိချင်တာပဲ သူငယ်ချင်း၊ ငါ့ရဲ့စိတ်အထင်အရ ညီမလေးဟာ သွေးရိုးသားရိုးသေတာ မဟုတ်ဘူး၊ လုပ်ကြံခံရတာလို့ ထင်တယ်ကွာ"

"လုပ်ကြံခံရတာ ... ဟုတ်လား"

"အေး ... စောမင်းနိုင်လုပ်ကြံလို့ သေရတာလို့ထင်တယ်၊ ဒါပေမဲ့ ငါကိုယ်တိုင်က ဒုက္ခိတလိုဖြစ်နေတော့ ကိုယ်တိုင်သွားပြီး မစုံစမ်းနိုင်ဘူး၊ အဲဒါကြောင့် ညီမလေးရဲ့ဖြစ်ရပ်မှန်ကို



www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာ သိနိုင်ဖို့ ငါ့ရဲ့ကိုယ်စား ယုံကြည်စိတ်ချရသူတစ်ဦးကို လွှတ်ချင်နေချိန်မှာ မင်းနဲ့ မမျှော်လင့်ဘဲ ပြန်ဆုံရတာပဲ သူငယ်ချင်း''

ချစ်သွေးက ခေါင်းကိုသာ တဆတ်ဆတ် ညိတ်နေသော်လည်း ဘာမျှ မပြောချေ။

''ဩော် ... ဒါထက် မင်း အခု ဘာအလုပ်လုပ်နေသလဲ သူငယ်ချင်း၊ မင်းအဖေ ဆုံးသွားပြီးတဲ့နောက် မန္တလေးကနေ မင်း ထွက်သွားကတည်းက ငါတို့သူငယ်ချင်းတွေ ပြန်မဆုံဖြစ်ဘူးနော်''

''အေး ... ဟုတ်တယ်ကွာ၊ ရန်ကုန်မှာနေတုန်းကတော့ ပွဲရုံစာရေး လုပ်ခဲ့တယ်ကွာ၊ အဲဒီပွဲရုံပိုင်ရှင်နဲ့ အဆင်မပြေလို့ အလုပ်ကထွက်ပြီး ဒီမန္တလေးမှာပဲ အလုပ်တစ်ခုခုလုပ်ရင်ကောင်းမလားလို့ စိတ်ကူးရတာနဲ့ တက်လာခဲ့တာကွ''

ချစ်သွေးက သူ၏အလုပ်အကိုင်ကို အမှန်အတိုင်း မပြောလိုသဖြင့် တမင် လိမ်လွှဲပြောလိုက်လေသည်။

''ဩော် ... ဒါဆို မင်းက အခု အလုပ်အကိုင်မရှိသေးဘူးပေါ့၊ အိမ်ထောင်လည်း မကျသေးဘူးပေါ့''

''ဒါပေါ့ကွာ ... အိမ်ထောင်မရှိသေးသလို အလုပ်





လည်း လက်မဲ့ဆိုပါတော့''

''ဟာ ... ဒါဆို အတော်ပဲပေါ့ကွာ၊ မင်း အလုပ်မရှိတုန်း ငါ့ကိုကူညီကွာ၊ မင်းအတွက် မနစ်နာစေရဘူး၊ ငါ့မှာ ဝင်ငွေ သိပ်မရှိပေမယ့် ဘိုးဘွားအမွေ ရွှေတွေရှိပါတယ်ကွ၊ ငါ့အမေရဲ့ ရွှေခြေကျင်းတွေရောင်းပြီး စရိတ်စကအဖြစ် အလုံအလောက် ပေးလိုက်မယ်၊ မင်း ချယ်ရီနံ့သာမြို့ကို သွားကွာ၊ ညီမလေးရဲ့ အဖြစ်မှန်ကို စုံစမ်းပေး၊ အဲဒီကာလအတွင်းမှာ လစာအဖြစ် သုံးရာပေးမယ်ကွာ''

ထမင်းအဝစားပါမှ တစ်မူးသာပေးရသော ထိုခေတ်ထိုအခါတွင် သုံးရာဆိုသောငွေသည် လွန်စွာများပြားလှသဖြင့် ချစ်သွေးမှာ မျက်ခုံးပင့်သွားမိလေသည်။

''အိုင်ဆေး ... မင်းပေးမယ့်လစာက များလှချည်လားကွ၊ ဒီလောက်လစာများတဲ့အလုပ် ငါမလုပ်ဖူးဘူး''

''များဆို စောမင်းနိုင်နဲ့ပတ်သက်ပြီး စုံစမ်းထောက်လှမ်းရမယ့်ကိစ္စမှာ အန္တရာယ်ရှိတယ်လေကွာ၊ အန္တရာယ်ရှိတဲ့အလုပ်မို့လို့ ထိုက်တန်အောင်ပေးရတာပဲ၊ မင်းဟာ ငါ့ရဲ့ လျှို့ဝှက် စေတမန်အနေနဲ့ သွားရမှာ''

''ကောင်းကွာ ... ငါကလည်း စွန့်စားရတာ ဝါသနာပါ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကြိတ်လိုက်ကွာ ... ချယ်ရီနံ့သာဆီ ငါသွားမယ် သူငယ်ချင်း''

✲ ✲ ✲





## ထူးခြားသောလူငယ်တစ်ဦး

ချယ်ရီနံ့သာမြို့လေးမှာ ရှမ်းပြည်မြောက်ပိုင်းမှ တောင်ပေါ်မြို့လေးဖြစ်ပြီး နွေမှတူမှ နွေနှင့် ဆောင်းအခါတို့တွင် ကားလမ်းပေါက်သော်လည်း မိုးအခါမှာမူ တောင်ကျရေများ နေ့ညမရွေး ဒလဟော စီးဆင်းတတ်သဖြင့် မြေလမ်းများပျက်ကာ ကား လုံးဝသွား၍မရချေ။ ထို့ကြောင့် မြင်းဖြင့်ဖြစ်စေ၊ ခြေလျင်ဖြစ်စေ သွားမှရလေသည်။

တစ်နည်းအားဖြင့် ...

ချယ်ရီနံ့သာမြို့လေးသည် တောတောင်များ ထူထပ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းပတ်ထားသော သီးခြားကမ္ဘာမြို့လေးဖြစ်ကာ မိုးတွင်းအခါဆိုလျှင် အခြားမြို့များနှင့် အဆက်အသွယ်ပြတ်သလောက် ဖြစ်လေ့ရှိသည်။

မြို့သူမြို့သားတို့မှာ စပျစ် မက်မန်း လိမ္မော်ခြံလုပ်ငန်း၊ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်း၊ သစ်ခုတ်ခြင်းလုပ်ငန်းတို့ကို တရားဝင်ပြုလုပ် အသက်မွေးကြပြီး အချို့လောဘသားများက တရားမဝင် အရက်ချက်လုပ်ငန်း၊ ဘိန်းစိုက်ပျိုးခြင်း၊ ဘိန်းကုန်ကူးခြင်း၊ လောင်းကစား ပိုင်းထောင်ခြင်းလုပ်ငန်းတို့ကို လျှို့ဝှက်လုပ်ကိုင်၍ ငွေရှာကြလေ၏။

ချောင်ကျသော စိမ့်ကြီးမြိုင်ကြီးထဲရှိ မြို့လေးမို့လည်း နယ်ချဲ့အစိုးရ၏ ဥပဒေသက်ရောက်မှုနည်းပါးပြီး မိုးတွင်းလေးလလုံးလုံး အုပ်ချုပ်သူမဲ့သည့်ဒေသလို ဖြစ်လေ့ရှိကာ ရာဇဝတ်မှုလည်း ထူပြောလေသည်။

သို့သော် တရားမဝင်လုပ်ငန်းများကြောင့် ငွေမတရားဝင်ပြီး ချမ်းသာကြွယ်ဝသူများသည် မြို့လေးမှာ တိုက်တာအဆောက်အအုံများ၊ အုတ်စည်းရိုးခတ်ထားသည့် ခြံဝင်းကြီးများဖြင့် မြို့ပြအဆင့် တင့်တယ်လှပေသည်။

ချယ်ရီနွံ့သာမှာ လားရှိုးခရိုင် လက်အောက်ခံမြို့လေး





ဖြစ်ပြီး ဂါတ်ဌာနရှိသော်လည်း ဌာနအုပ်နှင့် အိုင်အိုတစ်ဦး၊ ဆားပုလင်းတစ်ဦး၊ ပုလိပ်သားလေးယောက်သာရှိသော အုပ်ချုပ်ရေးအင်အားမှာ ငွေကြေးကြွယ်ဝသည့် လောင်းကစားဒိုင်ကြီးများ၊ ဘိန်းရာဇာကြီးများ၏ အင်အားကို မလွှမ်းမိုးနိုင်ချေ။

ထိုငွေရှင်ကြေးရှင် ဒုစရိုက်ဘုရင်ကြီးတို့က လာဘ်ငွေနှင့် အောင်ပေးကာ ခါးပိုက်ထဲ အထည့်ခံထားရသဖြင့် ဌာနအုပ်ကြီးကအစ အမှုအခင်းဖြစ်လျှင် ဒုစရိုက်ဂိုဏ်းတို့ဘက်မှ ဘက်လိုက်ပေးခြင်း၊ ကာကွယ်ပေးခြင်းပြုလျက်ရှိလေရာ တရားဥပဒေစိုးမိုးမှုမဲ့သလိုဖြစ်နေသော မြို့လေးဖြစ်၏။

ယင်းသို့သော တရားမျှတမှုကင်းမဲ့နေသည့် မြို့ကလေးတွင် သနားစဖွယ် ကွယ်လွန်ခဲ့ရသော တစ်ချိန်က ချစ်ရသူလေးနွဲ့လေးရီအတွက် လျှို့ဝှက်စုံစမ်းထောက်လှမ်းပေးရန် ချစ်သွေးတစ်ယောက် ရောက်လာခဲ့ရပြီဖြစ်သည်။

"အင်း ... ချယ်ရီနွံ့သာဆီ အသွင်တစ်မျိုးနဲ့ ချဉ်းကပ်မှ ဖြစ်မယ်"

သို့ကြောင့် ချစ်သွေးသည် နမ္မတူမှုတစ်ဆင့် ချယ်ရီနွံ့သာမြို့လေးဆီ ခရီးသည်တင် လော်ရီကားကြီးဖြင့် လိုက်လာကတည်းက သူ့ကိုယ်သူ ဂျလေဘီ၊ ဗရုတ်သုတ်ခ၊ လူပေလူတေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး၏အသွင်မျိုးဖြင့် လိုက်ပါလာခဲ့လေ၏။

ချိုင်းပြတ်ဂျပ်ခုတ်ထည်အင်္ကျီဟောင်းကို ရှမ်းဘောင်းဘီ အနက်ရောင်နှင့် တွဲဝတ်ကာ ကျောပိုးအိတ်အဟောင်းကို လွယ်ထားပြီး ဆံပင်က စုတ်ဖွားနှင့်ဖြစ်၏။

နွေနှောင်းကာလမို့ မြေသားကားလမ်းက ဖုန်တထောင်းထောင်းထကာ လော်ရီကားကြီး၏နောက်ပိုင်း၌ ထိုင်လိုက်လာသည့် သူ့ကိုယ်ပေါ်သို့ ယင်းဖုန်တို့ နိုတွယ်ကြ၏။

ဦးခေါင်းတစ်ခုလုံး ဖွေးဖွေးလှုပ်ကာ မျက်နှာနှင့်ကိုယ်အနှံ့တွင် ဖုန်အလိမ်းလိမ်းကပ်နေသည့် ချစ်သွေး၏ရုပ်သွင်က ပီဘိ လူပေ လူတေ လူကြမ်းနှင့်တူနေ၏။ နှုတ်ခမ်းမွေးနှင့် ပါးမြိုင်းမွေးတို့ကလည်း သုံးလေးရက်ခန့် မရိတ်ဘဲထားသဖြင့် အတော်စည်ပင်လျက်ရှိပြီဖြစ်၏။

ချစ်သွေး စီးနင်းလိုက်ပါလာသည့် ကားကြီးက လူရောကုန်ပါ တင်လာသောကားဖြစ်ပြီး လူတွေက ကုန်သေတ္တာတို့အပေါ်တွင် ထိုင်လိုက်လာရခြင်း ဖြစ်သည်။

လမ်းကလည်း ကြမ်းလိုက်သည့်ဖြစ်ခြင်း။ စက်သံတဂီးဂီးဖြင့် တောင်ပတ်လမ်းအတိုင်း ရုန်းနေရသည့်ကားပေါ်တွင် ဟိုယိမ်း သည်ယိမ်းဖြင့် လိုက်ပါလာရာမှ အတူလိုက်ပါလာသော





ခရီးသည်များကို မျက်လုံးဝေ့ကြည့်လိုက်မိ၏။

အားလုံး ခရီးသည်က ဆယ့်ငါးယောက်ခန့် ရှိသည်။ အများအားဖြင့် ကုန်သည်များ ဖြစ်ပုံရ၏။ ထိုအထဲမှ မိန်းမချောချောသည့် သူနှင့်ရွယ်တူခန့် ယောကျာ်းပျိုလေးတစ်ယောက်ကို သတိပြုမိသည်။

ယင်းလူငယ်က အနောက်တိုင်းကောင်းဘွိုင် ဘိုင်စကုပ်ထဲကလို ဝတ်စားထား၏။

သားရေဂျာကင် ချိုင်းပြတ်ကို ရှပ်အင်္ကျီလက်ရှည်အကြား အပေါ်မှ ထပ်ဝတ်ထားပြီး သက္ကလတ်ဘောင်းဘီရှည်ကို တောစီး သားရေလည်ရှည်ဖိနပ်နှင့် တွဲဝတ်ထားလေသည်။

ထိုလူငယ်က နေကာမျက်မှန်အမည်းကိုလည်း တပ်ထားကာ သက္ကလတ်ဦးထုပ်ကို ရှေ့သို့ ခပ်ငိုက်ငိုက်ဆွဲချဆောင်းထားပြီး ကုန်သေတ္တာတစ်လုံးကို ကျောမှီထိုင်လျက် လိုက်ပါလာ၏။ သူ့မျက်နှာက နုပျိုဟန်ရှိသော်လည်း ရှုတည်တည် ခပ်တင်းတင်းမျက်နှာပေးကြောင့် ဂျစ်ကန်ကန်ပုံ ပေါက်နေလေသည်။

သူ့ဝယ် အဖော်နှစ်ယောက်ပါ၏။ ထိုနှစ်ယောက်လုံးက ရုပ်ရည်ကြမ်းတမ်းကာ ခန္ဓာကိုယ် ကြံ့ခိုင်တောင့်တင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ခေါင်းတုံးဆံပင်နှင့်ဖြစ်ပြီး နောက်တစ်ယောက်က ဆံရှည်ကိုယ်တော် ဖြစ်သည်။ ထိုသူသည် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ပရပျစ်နှင့်ဖြစ်ပြီး ဆံပင်ကို နောက်လှန်ပြီးကာ နောက်စေ့နားဝယ် သားရေကွင်းနှင့်ချည်ထားသဖြင့် သူ၏ ပိုနီတေး (Ponytail) ဆံပင်က ကုပ်နောက်ဝယ် ဖရိုဖရဲကျနေ၏။

ထိုရုပ်ကြမ်းကြမ်းနှင့်လူနှစ်ယောက်က လူငယ်၏ ဘေးတစ်ဖက်တစ်ချက်တွင် လက်ပိုက်ထိုင်နေကြပြီး မျက်လုံးများမှိတ်ကာ ဆိတ်ငြိမ်စွာ လိုက်ပါလာကြသည်။

ချစ်သွေး အကဲခတ်ကြည့်နေမှန်းသိသဖြင့် လူငယ်က စောင်းငဲ့ကြည့်လိုက်ရာ ချစ်သွေးက ဂရုမထားသလို အကြည့်ကို လွှဲလိုက်ရ၏။

နံနက် ၉ နာရီကတည်းက နမ္မတူမှ ထွက်လာခဲ့သောကားသည် တောင်တစ်လုံးပြီးတစ်လုံး ကွေ့ပတ်လျက် တောင်စဥ်တန်းကို ဖြတ်သန်းလာရာ မွန်းတည့်လုလုတွင် ရွာတစ်ရွာ၌ ထမင်းစား ခေတ္တနားလေသည်။

တိုင်းရင်းသားရွာလေး၏ သက်ကယ်မိုးထားသော်လည်း၊ အကာမရှိသည့် မြေစိုက်ဆိုင်ကလေးမှာပင် ခရီးသည်များ ထမင်း၊





စားကြ၏။

အခြားခရီးသည်တို့နှင့်အတူ သစ်သားစားပွဲရှည်တွင်ထိုင်ကာ ချစ်သွေးထမင်းစားရင်း လူငယ်ချောချောတို့အုပ်စုဆီလှမ်းကြည့်အကဲခတ်လိုက်မိသည်။

ထိုလူငယ်တို့သုံးယောက်အုပ်စုက သီးခြားစားပွဲတစ်လုံးတွင် တိတ်ဆိတ်စွာ စားသောက်နေကြပြီး လူငယ်က ယခုအခါ ဦးထုပ်ကိုချွတ်ပြီး စားပွဲပေါ်တင်ထားသလို နေကာမျက်မှန်ကိုပါ ချွတ်ထားသဖြင့် ထင်းနေသော မျက်ခုံးမွေးတန်းတန်းများနှင့် စူးစူးတောက်တောက်မျက်လုံးတို့ကိုတွေ့ရရာ တကယ့်ကို ကုလားဆင်ချော မိန်းမချော ချောသူဖြစ်ကြောင်း တွေ့ရလေသည်။

ကိုယ်ကိုယ်တိုင်က ရုပ်ရည်ချောမောပြေပြစ်သူသည် မိမိကဲ့သို့ပင် ချောမောပြေပြစ်သူတို့အား လေ့လာရခြင်းကို နှစ်ခြိုက်လေ့ရှိသည့် လူတို့၏ဓလေ့အတိုင်း ပင်ကိုအားဖြင့် လူချောလူသန့်တစ်ဦးဖြစ်သော ချစ်သွေးသည်လည်း မိန်းကလေးများငေးကြည့်ရလောက်အောင် ချောသော ထိုလူငယ်ကို အမှတ်မထင် စိတ်ဝင်စားမိလျက်ရှိတော့၏။

နဖူးဝင်းဝင်း ခပ်ပြေပြေအပေါ် ကွေ့ကွေ့ ကောက်ကောက် ဆံပင်နက်နက်လေးများ ခွေရစ်ကျနေသည့် လူငယ်ကမူ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လှမ်းလှမ်းကြည့်ကာ အကဲခတ်နေသော ချစ်သွေးကို မှုန်တေတေ တစ်ချက်ပြန်ကြည့်ပြီးနောက် မျက်နှာလွှဲသွားလေသည်။

ထမင်းစားသောက်ပြီး၍ ကားပြန်ထွက်ရန် ကားပေါ်ပြန်တက်ကြသည်တွင် ကုန်သည်ဖြစ်ဟန်တူသည့် အမျိုးသမီးခပ်ဝဝနှစ်ဦးကို ဦးစားပေးကာ ထိုလူငယ်ချောက စောင့်ဆိုင်းလျက်ရှိစဉ် ချစ်သွေးသည် သူ့အနီးသို့ မယောင်မလည်ဖြင့် ချဉ်းကပ်သွားပြီး မိတ်ဖွဲ့ရန် ကြိုးစားကြည့်လိုက်လေ၏။

"သူငယ်ချင်း ...မင်းက ကုန်သည်ပဲလား"

ခပ်ပြုံးပြုံး အမူအရာဖြင့် မေးလာသည့်ချစ်သွေးကို ထိုလူငယ်က လည်ပြန်လှည့်ကြည့်လိုက်ပြီး တည်ငြိမ်ခက်မာသောအသံဖြင့် ပြန်ဖြေလေသည်။

"ဟုတ်တယ် ...မရဏာကုန်သည်ပဲ၊ ခင်ဗျားက ဘာလုပ်ချင်လို့လဲ"

"မလုပ်ချင်ပါဘူးကွာ ...ကိုယ်ကတော့ ကုန်သည်မဟုတ်ဘူး၊ နမ္မတူဘော်တွင်းကနေ အလုပ်ပြုတ်လာလို့ ချယ်ရီနီ့သာမှာ ခြံသမားအလုပ်ပဲရရ ဝင်လုပ်မယ်ဆိုပြီး လာခဲ့တာပါ၊ ကိုယ့်နာမည် ချစ်သွေးလို့ခေါ်ပါတယ်"





လူငယ်ချောက မဲ့ပြုံးပြုံးလိုက်လေသည်။

"ကျုပ် ခင်ဗျားကို စိတ်မဝင်စားဘူး၊ ခင်ဗျား ခြံသမားအလုပ်လိုချင်ရင် ချယ်ရီနီ့သာရောက်မှ ခြံပိုင်ရှင်တွေကို သွားမိတ်ဖွဲ့ပြီးပြောချေ"

လူငယ်ချောက ခပ်ပြတ်ပြတ်ပြောပြီး ကားပေါ်တက်သွားသည်တွင် သူ့အဖော် ရုပ်ကြမ်းကြမ်းနှင့်လူနှစ်ယောက်လည်း ချစ်သွေးကို ပေစောင်းစောင်းကြည့်ရင်း လိုက်တက်သွားကြတော့၏။

ချစ်သွေးကမူ နှုတ်ခမ်းထောင့်စွန်းဝယ် ခဲထားသည့် ပိုလိုစီးကရက်ကို နောက်ဆုံးတစ်ချက် ရှိုက်ဖွာလိုက်ရင်း ခပ်ပြုံးပြုံးအမူအရာဖြင့် ပခုံးတွန့်လိုက်ပြီးနောက် စီးကရက်တိုကို လက်မ လက်ခလယ်တို့ဖြင့် တောက်ထုတ်လိုက်လေသည်။

"ကိုဝဏ္ဏ ...အဲဒီလူက ဘာလဲဗျ"

ကားပေါ်မှ မူလနေရာတို့တွင် ထိုင်ကြပြီးနောက် ကားစထွက်စဉ်မှာပင် ခေါင်းတုံးဆံပင်နှင့်လူက လူငယ်ချောကို မေးလိုက်လေသည်။

"မသိပါဘူး ...ဘယ်က ကလေကချေ အပုပ်လက်မဲ့လည်း မသိပါဘူး၊ လူကိုလာရောတာလေ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်သွေးက ကုန်သေတ္တာကြီးတစ်လုံးကို ကျောမှီလျက် မျက်လုံးစုံမှိတ်ကာ လိုက်ပါလာရင်း လေထဲမှ လွင့်လာသည့် စကားသံသဲ့သဲ့တို့ကို နားမှာ ကြားနေရလေသည်။

''စောမင်းနိုင်တို့အဖွဲ့ကတော့ ဟုတ်ပုံမရဘူးနော်''

''ဒါတော့ ခုနေ ဘယ်သိနိုင်မှာလဲ။ ဒါပေမဲ့ တကယ့်ကို အတိဒုက္ခရောက်ပြီး အလုပ်လက်မဲ့ဖြစ်နေပုံရတယ် ကိုနော်ဆေး''

''အမှိုက်ဆိုရင်တော့ အရောမခံနဲ့ ကိုဝဏ္ဏ၊ ဘာမဟုတ်တဲ့ လူတွေကြောင့် ကိုဝဏ္ဏရဲ့ရည်ရွယ်ချက် ပျက်သွားမယ်''

''ကျုပ်သိပါတယ် ကိုနော်ဆေး''

အချို့ခရီးသည်တို့မှာ ငိုက်မျဉ်းသူငိုက်မျဉ်းလျက်ရှိပြီး အချို့လည်း အချင်းချင်း ကုန်စည်ဈေးနှုန်းများအကြောင်း ပြောဆိုနေကြသဖြင့် ဝဏ္ဏတို့ပြောဆိုနေသည့်ကို ဂရုပြုမိကြပုံမရသော်လည်း လွန်စွာနားပါးသည့် ချစ်သွေးက သူတို့၏စကားသံသဲ့သဲ့ကို ကြားနေရ၏။

သူတို့၏ပြောစကားကို ကြားရမှ သူတို့လူစုကို ချစ်သွေး ပို၍ စိတ်ဝင်စားလာမိတော့သည်။

''သူတို့ရဲ့စကားအရ စောမင်းနိုင်တို့နဲ့ ဆက်နွယ်နေတဲ့





သဘောပါလား၊ ပြီးတော့ သူတို့မှာ ရည်ရွယ်ချက်တစ်ခုခုရှိပုံရတယ်၊ အဲဒါဟာ ဘာပါလိမ့်၊ အင်း . . . ချယ်ရီနံ့သာမရောက်ခင်ကတည်းက ငါ့အတွက် စိတ်ဝင်စားစရာတစ်ခု တိုးလာပြီ၊ ငါ့ကို ချယ်ရီနံ့သာရဲ့ ပဟေဠိတွေက စိန်ခေါ်နေပြီပဲ''

ဝဏ္ဏတို့လူစုဘက် လှည့်မကြည့်ဘဲ သေတ္တာနံရံကို ခေါင်းမှီလျက် စဉ်းစားရင်း ချစ်သွေး မဲ့ပြုံးပြုံးလိုက်မိတော့၏။

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com



## နဂါးခံတွင်းသို့

ချယ်ရီနံ့သာမှာ ချစ်သွေးမျှော်လင့်ထားသည်ထက် ပိုမို လှပသာယာသော မြို့လေးဖြစ်၏။

ပေသုံးထောင်ကျော်မြင့်သည့် တောင်ပေါ်တွင် တည်ရှိပြီး တောင်စောင်းအနိမ့်အမြင့်အလိုက် လှူနေအိမ်ခြေ တိုက်တာတို့ကို လှပစွာ ဆောက်ထားကြလေသည်။

တောင်မြင့်ကြီးများ ပတ်လည်ဝိုင်းနေသည့်ကြားမှ အိုအေစစ်လေးနှင့် တူနေ၏။

သူတို့၏ကုန်တင်ခရီးသည်တင် လော်ရီကားကြီး မြို့ဂိတ်





သို့ ဆိုက်ရောက်တော့ ညနေရီပင် အတော်စောင်းစပြုနေချေပြီ။

ကားထိုးရပ်သည်နှင့် အထမ်းသမားအချို့နှင့် မြင်းလှည်းသမားတို့ ဝိုင်းလာကြ၏။

ကုန်သည်တို့က သူတို့၏ ကုန်သေတ္တာများ၊ တောင်းကြီးများကို အထမ်းသမားတို့အား ထမ်းစေကာ မြင်းလှည်းများပေါ် တင်ပြီး အသီးသီး ထွက်ခွာသွားကြတော့၏။

ဝဏ္ဏတို့သုံးယောက်က မြင်းလှည်းတစ်စီးပေါ် တက်လိုက်ကြပြီး . . .

''မြင့်မိုရ်ဦးတည်းခိုခန်းကို မောင်းဗျာ''

ဟု ဝဏ္ဏက မြင်းလှည်းသမားကို ပြောလိုက်ရာ ထိုမြင်းလှည်းလည်း ခွာသံတခွပ်ခွပ်ပေးလျက် ကားဂိတ်မှ ထွက်ခွာသွားတော့၏။ ကားဂိတ်ဝယ် ယောင်ချာချာဖြင့် ကျန်ရစ်သူက . . . ချစ်သွေးပဲ ဖြစ်သည်။

တစ်ကိုယ်လုံး ဖုန်အလိမ်းလိမ်းဖြင့် အဝတ်အစားဟောင်းတို့ကို ဖိုသီဖတ်သီ ဝတ်ထားသည့် သူ့ရုပ်သွင်က မြင်းလှည်းခပေးနိုင်မည့်ပုံ မပေါ်ရာ မည်သည့်မြင်းလှည်းဆရာကမှ ဘယ်သွားမလဲဟု လာမမေးဘဲ ကွက်ကြည့်ကွက်ကြည့်လုပ်နေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သွေးကမူ ဘယ်အရာကိုမျှ ဂရုမစိုက်သည့်ပုံဖြင့် ခေါင်းမှဖုန်တို့ကို ခါထုတ်လိုက်ပြီးနောက် ကျောပိုးအိတ်အဟောင်းကို လွယ်ကာ မြို့ထဲဘက်သို့ ခြေလျင်လျှောက်လာခဲ့လေတော့သည်။

ဟိုသည်ငေးကြည့်ရင်း လျှောက်လာရာမှ မြို့လယ်ဈေးအနီးသို့အရောက်တွင် စားသောက်ဆိုင်တို့ကို တသီတတန်းတွေ့ရပြီး မှောင်စပျိုးပြီမို့ အချို့ဆိုင်တို့မှာ လူစည်ကားစပြုချေပြီဖြစ်၏။

တောကြားတောင်ကြားတွင် တသီးတသန့် တည်ရှိနေသည့် မြို့လေးသို့ နယ်စပ်ဘက်မှ ဘိန်းကုန်သည်များ အများဆုံးလာရောက်ကြသဖြင့် အရက်ဆိုင်၊ စားသောက်ဆိုင်နှင့် ဘိန်းခန်းတို့မှာ မြို့ကြီးပြကြီးနှင့်မခြား စည်ကားလေ့ရှိခြင်း ဖြစ်ပေသည်။

ချစ်သွေးက အောက်လင်းဓာတ်မီးရောင်များဖြင့် ထိန်ထိန်ညီးနေသော စားသောက်ဆိုင်တို့ကို လျှောက်ငေးကြည့်လာရာမှ အခမ်းနားဆုံးဆိုင်တစ်ဆိုင်ထဲသို့ ဝင်ရောက်သွားပြီး အလယ်မှစားပွဲလွတ်တစ်လုံးတွင် ခပ်တည်တည် ထိုင်လိုက်လေသည်။





စားပွဲထိုးက သူ့အနီး ချဉ်းကပ်လာလေလျှင် တရုတ်ဝီစကီ တစ်ပိုင်း၊ ဝက်အခေါက်ကင်တစ်ပွဲ၊ ကြံမဆိုင်ဟင်းချိုနှင့် ထမင်းတစ်လုံး မှာလိုက်လေ၏။

စားသောက်ဖွယ်ရာများ ရောက်လာလေလျှင် အရက်တစ်ပိုင်းကို ဝက်ခေါက်ကင်နှင့်မြည်းကာ ထမင်းကို တစ်ဝတစ်ပြဲစားလေ၏။

သူ အေးဆေးစွာ စားနေသောက်နေစဉ်မှာပင် ဆိုင်ထဲသို့ စားသုံးသူများ တဖြောက်ဖြောက်ဝင်လာကြရာ မကြာမီအချိန်မှာပင် စားပွဲအားလုံးလိုလို လူပြည့်သွားလေတော့သည်။

ဝီစကီတစ်ပိုင်းကုန်သည်တွင် ရီဝေဝေဖြစ်သွားသော်လည်း ကိုယ်ခံအားကောင်းလှသည့် ချစ်သွေးက တကယ်မူးခြင်း မရှိချေ။ သို့သော် သူက မူးဟန်ဆောင်နေလိုက်၏။

စားပွဲပေါ်မှ အစားအသောက်အားလုံးရော အရက်ပါ ကုန်ချေပြီ။ သို့တိုင် ဘီလ် (Bill) မရှင်းဘဲ ခေါင်းကြီးငိုက်စိုက်ဖြင့် အချိန်အတော်ကြာ ငူငူကြီးထိုင်နေသည့် ချစ်သွေး၏အနီးသို့ စားပွဲထိုးလေးတစ်ယောက် ချဉ်းကပ်လာလေသည်။

ထိုစားပွဲထိုးက ချစ်သွေး၏လက်မောင်းကိုကိုင်လှုပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို အစ်ကို ... ဘီလ်ရှင်းတော့မလား၊ အစ်ကို ... ဘီလ်ရှင်းတော့မလားလို့"

နှစ်ခါ သုံးခါ လှုပ်ယမ်းမေးမှ ချစ်သွေးက ခေါင်းကို ဖြည်းဖြည်းထောင်ကာ စားပွဲထိုးလေးကို မျက်လုံးပြူးကြည့်၏။ ပြီးနောက် သူက လျှာလေးအာလေးဖြင့် ပြန်မေးလိုက်လေသည်

"ဘာ ... ဘီလ်ရှင်းမလို့ ... ဟုတ်လား"

"ဟုတ်တယ်လေ ... အစ်ကို သိပ်မူးနေပြီ၊ အစ်ကို ပြန်တော့မယ် မဟုတ်လား၊ ဘီလ်ရှင်းဖို့လေ"

"ဘာဘီလ်လဲ ... ဘာဘီလ်မှ ရှင်းစရာမရှိဘူး"

"ဗျာ"

"ဟုတ်တယ် ... ငါ့မှာ ဘာငွေမှ မရှိဘူး"

"ဟာ ... ဘာမှမရှိဘဲ ဒီလိုဝင်ပြီး စားလို့သောက်လို့ ရမလားဗျ"

ထိုစဉ် အခြေအနေကို လှမ်းအကဲခတ်နေသည့် ဆိုင်ရှင် တရုတ်ကြီးက ကောင်တာပေါ်မှ ဆင်းလာတော့သည်။

"ဘီလိုဖြစ်တာလဲ"

"ဒီမှာဆရာ ... သူက ဘီလ်ရှင်းစရာ ပိုက်ဆံမရှိဘူး တဲ့"





ဆိုင်ရှင်တရုတ်ကြီး၏မျက်နှာ ရဲခနဲ ဖြစ်သွားလေ၏။

"ဘာ ... လူ့ အဲစီလို မီလုပ်နဲ့လေ၊ ဝ စီးပွားရေးလုပ် နေတာ၊ အလှူပီးနေတာ မီဟုတ်ဘူး၊ ပိဆံရှင်းပါ"

"ဟာ ... အပြောရကြပ်လိုက်တာ၊ ပိုက်ဆံမပါဘူးဗျာ၊ ဒီတော့ ကျုပ်စားထား သောက်ထားတာရဲ့ ကုန်ကျငွေ ကျေတဲ့ အထိ ပေါက်ဖော်ကြီးရဲ့ဆိုင်မှာ အလုပ်တစ်ခုခု ခိုင်းဗျာ၊ ဘာ ဖြစ်ဖြစ် လုပ်မယ်၊ ပန်းကန်ဆေးဆိုလည်း ဆေးမယ်ဗျာ၊ ဘာဖြစ် လို့လဲဆိုတော့ ကျုပ် ဒီမြို့ကို ရောက်လာတာဟာ အလုပ်လိုချင် လို့ပဲဗျ၊ အလုပ်လုပ်ပြီး စားကြွေးကို ဆပ်မယ်ဗျာ"

"ခက်လာပဲ ... ဝဆိုင်မှာ ဗီဂန်ဆေးမယ့်လူ ရှိလယ်၊ လူ့ဆီက ပိဆံပဲလိုချင်တယ်၊ ပိဆံပေးပါ"

"ပိုက်ဆံ မပါပါဘူး ဆိုမှဗျာ"

ထိုအခါ တရုတ်ပေါက်ဖော်ကြီးသည် စိတ်မရှည်တော့ ဟန်ဖြင့် ဖောင်းဖောင်းအစ်အစ် လက်ဝါးကြီးနှစ်ဖက်ကို ဖြောင်း ဖြောင်းမြည်အောင် တီးလိုက်လေတော့၏။

'ဖြောင်း ... ဖြောင်း'

သည့်တွင် ဆိုင်နောက်ခန်းထဲမှ ဗလကောင်းကောင်းနှင့် လူနှစ်ယောက် ထွက်လာကာ ပြဿနာတက်နေသည့် စားပွဲဆီသို့



www.burmeseclassic.com

www.burmeseclassic.com



တင်းမာခက်ထန်သော မျက်နှာများဖြင့် ချဉ်းကပ်လာကြတော့သည်။

တရုတ်ပေါက်ဖော်ကြီးက ပါးဖောင်းကြီးများ အစ်ထွက်သွားအောင် ပြုံးလိုက်ရင်း ...

"ကဲ ... အီသားမနာချင်ရင် လူ့ စားသောက်ထားတာတွေအတွက် ပိုက်ဆံရှင်းပါ၊ လူပါးဝရင်တော့ ဝရဲ့တီပွဲနှီယောက်က လက်တီးစာ ကျွေးလိမ့်မီနော် ... ဟင်း ဟင်း ဟင်း"

ဟု ပြောလိုက်ရာ ချစ်သွေးသည် ထိုင်ရာမှ အေးဆေးစွာ ထရပ်လိုက်ပြီး ထီမထင်ဟန်ဖြင့် ဆိုင်ရှင်တရုတ်ကြီးကို ကြည့်လိုက်ကာ ...

"ရတယ်လေ၊ ကျုပ်က ခင်ဗျားရဲ့ဆိုင်မှာ အလကားစားတာ မဟုတ်ဘူး၊ အလုပ်တစ်ခုခု ပြန်လုပ်ပေးမယ်လို့ ပြောပြီးပြီပဲ၊ အဲဒီလို ညှိလို့မရရင်တော့ ကြိုက်တဲ့လမ်းကို ရွေးလို့ရတယ်"

ချစ်သွေး၏ ဂျစ်ကန်ကန်ပြောဆိုဟန်နှင့် ဝတ်စားဆင်ယင်ပုံ ဖရိုဖရဲကြောင့် ဆိုင်ထဲရှိလူများအားလုံးလိုလိုက ဂျလေဘီတစ်ယောက်၊ အလေနတော လူမိုက်လူရမ်းကားတစ်ယောက်ဟု ယူဆသွားကြသလားမသိ ...





မဲ့ရွဲ့ရှုတ်ချသောအကြည့်များဖြင့် မျက်မှောင်ကြုတ်လျက် ဝိုင်းကြည့်နေကြလေသည်။

ယင်းစားသောက်ဆိုင်၏ လုံခြုံရေးသမားများဖြစ်ဟန်တူသည့် ဗလကောင်းကောင်းနှင့် လူနှစ်ယောက်ကလည်း ချစ်သွေးကို ရန်ပြုရန် ညှပ်ပူးညှပ်ပိတ် ရှေ့တိုးလာခဲ့ပြီ။

ပွဲကြီးပွဲကောင်းတော့ တွေ့ရပြီဟူသောအထင်ဖြင့် လူအားလုံးကလည်း စိတ်အားထက်သန်စွာ ဝိုင်းကြည့်နေကြပြီ။

ချစ်သွေးကမူ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် အနီးသို့ ချဉ်းကပ်လာကြသူနှစ်ဦးကို ပေစောင်းစောင်းပြန်ကြည့်နေ၏။

ထိုစဉ်မှာပဲ ...

မှန်အနောက်များကာရံထားသော စားသောက်ဆိုင်၏ အတွင်းပိုင်း သီးသန့်အထူးခန်းထဲမှ လူရွယ်တစ်ဦး ရီဝေဝေ မျက်လုံးများနှင့် တစ်ဆိုင်လုံးကို ဝေ့ကြည့်ရင်း ထွက်လာသည်။ သူ့လက်ထဲတွင် ငွေစက္ကူတချို့ကို ဆုပ်ကိုင်ထား၏။

"ကဲဟေ့ ... ခဏနေကြဦး"

ထိုလူက လက်ဝါးကာလျက် ပြဿနာကို ရပ်တန့်ခိုင်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်တရုတ်ကြီး၏အသွင်က ချက်ချင်းဆိုသလိုပင် ရိုကျိုးသောအသွင်သို့ ပြောင်းသွားတော့သည်။

''ဆရာဘရား . . . ဒီမှာ ဒီကောင် ပိုက်ဆံမရှိဘဲ ဝဆိုင်မှာ လာစားသောက်လို့ ဆုံးမမိလို့ပါ''

''သူစားသောက်ထားသမျှ ရှင်းပေးဖို့ ကျုပ်ရဲ့အာစရိက နိုင်းလိုက်တယ်၊ ကဲ ပြော . . . ဘယ်လောက်လဲ၊ ကျုပ်ရှင်းပေး မယ်၊ ပြဿနာတော့ ဆက်မလုပ်နဲ့''

''ကောင်း ကောင်းပါပြီ ဆရာဘရား၊ အားကီး ကျေးဇူး တင်လယ် . . . ဟဲ ဟဲ ဟဲ''

ဆိုင်ရှင်ပေါက်ဖော်ကြီးကလည်း သူ့ဆိုင်ထဲမှာ ရုတ်ရုတ် သဲသဲ ပြဿနာမဖြစ်စေချင်သဖြင့် ကျေနပ်သဘောကျသွားတော့ ၏။

ပေါက်ဖော်ကြီးပြောသမျှ ငွေကြေးကို ရှင်းပေးပြီးနောက် ဘရားဆိုသူက ချစ်သွေးကို မျက်လုံးမှေးစင်းကြည့်လိုက်ရင်း . .

''ကဲ . . . မောင်ရင်ရဲ့ပြဿနာကို ကျုပ်ရဲ့အာစရိက ဖြေရှင်းပေးပြီးပြီ၊ ကျုပ်ရဲ့အာစရိကို မောင်ရင် လိုက်တွေ့ပေ တော့''

ဟု ပြောလိုက်လေသည်။





''ကျုပ်က လိုက်တွေ့ရမယ် . . . ဟုတ်လား၊ ခင်ဗျားရဲ့ အာစရိက ဘယ်သူလဲ၊ ပြီးတော့ ကျုပ်ရဲ့ပြဿနာကို ဘာဖြစ်လို့ သူက မနေနိုင်မထိုင်နိုင် ဝင်ရှင်းပေးရတာလဲ''

ချစ်သွေး၏ အချိုးမပြေသောစကားကြောင့် ဘရား၏ မျက်နှာပြဲပြဲကြီးက မည်းခနဲ ဖြစ်သွားတော့သည်။

''ဒီမှာ မောင်ရင် . . . ကျုပ်ရဲ့အာစရိနဲ့ပတ်သက်ပြီးပြော ရင် ဆင်ဆင်ခြင်ခြင်ပြောပါ၊ ကျုပ်ရဲ့အာစရိက ဆရာစောမင်း နိုင်ပဲ၊ မောင်ရင့်ပြဿနာကို ဘာကြောင့် ဖြေရှင်းပေးရသလဲဆို တာကိုတော့ အာစရိနဲ့တွေ့မှ မေးကြည့်ပေတော့၊ ကဲ လာ . . . အတွင်းခန်းထဲကို လိုက်ခဲ့''

ဘရားက အထူးစားသောက်ခန်းထဲသို့ ချစ်သွေးကို ခေါ် သွားလေသည်။

မှန်အနောက်များဖြင့် ကာရံထားသည့် အထူးစား သောက်ခန်းထဲသို့ ချစ်သွေးဝင်လိုက်သွားသည်တွင် စားပွဲခင်း အဖြူ၊ အနီတို့ခင်းထားပြီး တရုတ်ဝီစကီပုလင်းများနှင့် စား သောက်ဖွယ်ရာတို့ ပြည့်လျှံစွာရှိနေသည့် စားပွဲတစ်လုံးကို တွေ့ရ လေ၏။

ယင်းစားသောက်ပွဲကြီးကို ဝိုင်းပတ်ထိုင်နေကြသည့် လူ



www.burmeseclassic.com

www.burmeseclassic.com



သုံးဦးကို တွေ့ရရာ အလယ်မှ အသားဖြူဖြူ ရုပ်ရည်သန့်သန့်နှင့် ဖဲသားအဝါရောင် ညဝတ်အင်္ကျီလိုလို ဝတ်ထားသောလူရွယ်က သူ့ကို စူးစူးရဲရဲ ပြုံးကြည့်နေသည်ကို တွေ့ရလေသည်။

"ကျုပ် စောမင်းနိုင်ပဲ၊ မောင်ရင့်နာမည် ဘယ်သူလဲ"

စောမင်းနိုင်ဆိုသူကို ယခုမှ တွေ့ဖူးသဖြင့် ချစ်သွေးက စူးခနဲ တစ်ချက်ကြည့်လိုက်ပြီးနောက် ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်ကာ ...

"ကျုပ်ရဲ့ပြဿနာကို ဝင်ပြီးဖြေရှင်းပေးလိုက်တာ ခင်ဗျားလား ... ဟင်း ဟင်း ... အဲဒီပြဿနာကို ခင်ဗျား ဝင်မရှင်းလည်း ကျုပ်နည်းကျုပ်ဟန်နဲ့ ရှင်းလို့ရပါတယ်၊ အဲ ... ကျုပ်ရဲ့နာမည်က ဇော်ရဲ"

ဟု နာမည်အမှန်ကို မပြောဘဲ အခြားနာမည်တစ်ခုကို လွှဲပြောလိုက်လေသည်။

စောမင်းနိုင်က ချစ်သွေးကို အကဲခတ်သလို စေ့စေ့စပ်စပ် ကြည့်လိုက်ပြီးနောက် လက်ထဲမှ အရက်ကို တစ်ငုံသောက်လိုက်လေ၏။ ပြီးမှ ခပ်အေးအေးလေသံဖြင့် ပြောလေသည်။

"အပြင်ဘက်က မောင်ရင်တို့ ပြောဆိုနေတာတွေကို ကျုပ်ကြားတယ်၊ မောင်ရင် ဒီမြို့ကိုလာတာ အလုပ်ရှာဖို့လာတာ





မှန်း သိရလို့ မောင်ရင်ရဲ့ပြဿနာကို စေတနာ့ဝန်ထမ်း ဝင်ရှင်းပေးလိုက်တာပဲ၊ မောင်ရင့်ကြည့်ရတာ ဘယ်လိုအလုပ်မျိုးဖြစ်ဖြစ် လုပ်မယ့်ပုံပဲ ... ဟုတ်ရဲ့လား၊ ကျုပ် မောင်ရင့်ရဲ့လေသံကို ကြားကတည်းက သဘောကျနေတာ၊ အခု လူကိုတွေ့ရတော့လည်း မဆိုးပါဘူး ... ဘာမဆို ပြတ်ပြတ်သားသား လုပ်ရဲကိုင်ရဲမယ့် ပုံပဲ၊ မောင်ရင် ကျုပ်ဆီမှာ အလုပ်လုပ်မလား"

"ရတယ်လေ ... ကျုပ်အတွက် စားဖို့၊ နေဖို့၊ သုံးစွဲဖို့ နည်းနည်းပါးပါး ရမယ်ဆိုရင် ဘယ်လိုအလုပ်မျိုးဖြစ်ဖြစ် လုပ်ဖို့ ချယ်ရီနံ့သာကို လာခဲ့တာပဲ"

"ဟုတ်ပြီ ... ကြိုက်ပြီ၊ ကဲ ... ဒါဆို ဘရှား ... သူ့ကို ခေါ်သွားပေတော့၊ သူ့ကို ချယ်ရီမြိုင်မှာ နေရာချထားပေးပြီးရင် မင်း ပြန်လာခဲ့ ... ဟုတ်လား"

"ဟုတ်ကဲ့ အာစရိ"

"နေပါဦး ... ကျုပ်ကိုအလုပ်ခန့်လိုက်ပြီလား"

"ဟုတ်တယ်လေ"

"ကျုပ်ရဲ့ နေရေး၊စားရေးကို တာဝန်ယူတယ်ပေါ့"

စောမင်းနိုင်က လက်တစ်ဖက်ထဲတွင် အရက်ဖန်ခွက်ကို ကိုင်ထားလျက်မှ ပခုံးတွန့်ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ . . . ကျုပ်ရဲ့ ချယ်ရီမြိုင်မှာ မောင်ရင့်အတွက် နေစရာရော, စားဖို့ရော အဆင်ပြေအောင် ဘရှားက စီစဉ်ပေးပါလိမ့်မယ်"

"လစာကရော"

စောမင်းနိုင်က နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်၏။

"မင်းရဲ့အရည်အချင်းပေါ် မူတည်ပြီး ပေးမယ်၊ မနစ်နာစေရဘူး"

"ကောင်းပြီလေ"

ထို့နောက် ချစ်သွေးသည် ဘရှားခေါ်ရာနောက်သို့ လိုက်သွားတော့၏။

ဘရှားက စောမင်းနိုင်၏ရထားလုံးကြီးနှင့်ပင် ချစ်သွေးကို တင်ကာ ခေါ်သွားတော့သည်။

ရထားလုံးဖြင့်လိုက်ပါသွားရင်း ချစ်သွေး တစ်ကိုယ်တည်း ကျိတ်ပြုံးလိုက်မိ၏။

"ဟင်း ဟင်း . . . စောမင်းနိုင်လိုလူမျိုးဟာ ဒီမြို့ရဲ့ အခမ်းနားဆုံး စားသောက်ဆိုင်ကြီးမျိုးမှာ ရှိနိုင်မယ်လို့ ငါတွက်ထားတဲ့အတိုင်း ကွက်တိပဲ၊ ခုတော့ ထင်ထားတာထက် ပိုလွယ်ပါလား၊ ဘာပဲဖြစ်ဖြစ် ချယ်ရီမြိုင်မှာ ငါ ခြေချခွင့်ရပြီ"





သူ၏ ပထမခြေလှမ်း အောင်မြင်သွားသဖြင့် ချစ်သွေး အကျေနပ်ကြီး ကျေနပ်လျက်ရှိတော့၏။

ချယ်ရီမြိုင်သည်ဂ ား သူ့အတွက် နဂါးခံတွင်းလား၊ ကျားခံတွင်းလား မသိ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## ချစ်သူ့ပုံရိပ်



ချယ်ရီမြိုင်မှာ အုတ်ပတ်ကားခံ နှစ်ထပ်နှစ်ဆောင်ပြိုင် ပျဉ်ထောင်အိမ်ကြီးဖြစ်၏။

ဟော်နန်းကြီးအလား ကြီးကျယ်ခမ်းနားလှပြီး ရေနံချေးဝကာ အိမ်အထက်ထပ် တစ်ထပ်လုံး မည်းမှောင်နေသော ချယ်ရီမြိုင်စံအိမ်ကြီး၏ အမိုးတို့တွင် စိန်တောင်ပန်းတို့ရှိပြီး အမိုးစွန်းတို့၌ တုရင်ဒေါင့်ပန်းတို့ တပ်ဆင်ထားသဖြင့် ရှေးဆန်သလို မဟာလည်း ဆန်နေလေသည်။

ယင်းစိန်တောင်ပန်း၊ တုရင်ထောင့်ပန်း၊ အိမ်တံစက်





မြိတ်ပန်း၊ ခါးပတ်ပန်းတို့ကို ဆေးအဖြူရောင်သုတ်ထားသဖြင့်လည်း မည်းမှောင်နေသော အိမ်ကြီးနှင့် ပနံရလှပေ၏။

ခြံဝင်းကြီးကလည်း ကေဝက်ကျော်ကျော်မျှ ကျယ်ဝန်းပြီး ခြံရှေ့ပိုင်းနှင့် ဘေးဘက်တို့တွင် ရောင်စုံပန်းရုံတို့ကို စိုက်ပျိုးထားလေသည်။

အိမ်နောက်ဘက် ခြံဝင်းထဲတွင်မူ သီးပင်၊ စားပင်၊ သက်ရင့်ပင်ကြီးများနှင့် ငှက်ပျောတော အုပ်အုပ်ဆိုင်းဆိုင်းကြီး ရှိနေပြီး ရေတွင်းတစ်တွင်းလည်း ရှိပေသည်။

ခြံနောက်ပိုင်း ဝဲဘက်တွင် မြင်းဇောင်းတစ်ခုနှင့် အခန်းလေးများဖွဲ့ထားသည့် တန်းလျားတစ်ခုရှိကာ ယင်းတန်းလျားမှ အခန်းတစ်ခန်း၌ ချစ်သွေးမှာ ဘရှားအပါအဝင် အခြားသော စောမင်းနိုင်၏တပည့်များ၊ ခြံလုပ်သားများနှင့်အတူ နေရလေ၏။

မြင်းဇောင်းတွင် မြင်းငါးကောင်ရှိကာ တန်းလျား၌ ခြံစောင့်နှစ်ဦး၊ ရထားလုံးမောင်းသမားတစ်ဦး၊ မြင်းထိန်းတစ်ဦး၊ စောမင်းနိုင်၏ လက်ရွေးစင်တပည့်သုံးဦးတို့ နေထိုင်ကြရာ ချစ်သွေးမှာ နောက်တိုးတပည့်အဖြစ် လက်ယာဘက်အစွန်ဆုံး အခန်းတွင် နေထိုင်ရလေ၏။

ချယ်ရီမြိုင်သို့ ချစ်သွေးရောက်ရှိလာပြီးနောက် သုံးရက်



www.burmeseclassic.com

www.burmeseclassic.com



လုံးလုံး စောမင်းနိုင်နှင့် ထပ်မံဆုံစည်းရခြင်း မရှိချေ။ ခြံဝင်းရှိ လူအားလုံးမှာ စောမင်းနိုင်၏ခွင့်ပြုချက်မရဘဲ ခြံထဲမှ ထွက်ခွင့် မရသလို အိမ်မကြီးထဲသို့လည်း ဝင်ခွင့်မရချေ။

ထမင်းစားချိန်တစ်ချိန်မှာသာ အိမ်နောက်ဘက်ဆောင်မှ အလုပ်သမားများအတွက် သီးသန့်ထားသော ထမင်းစားခန်းထဲ ဝင်စားရ၏။ ယင်းထမင်းစားခန်းနှင့် မီးဖိုခန်းမှာ တစ်ဆက်တည်း ဖြစ်သော်လည်း မီးဖိုခန်းဘက်သို့ ကူးခွင့်မရှိချေ။

ချစ်သွေးမှာ ခြံကြီးထဲ စရောက်ရောက်ချင်းမှာပင် အားလုံးနှင့် သင့်တင့်အောင်ပေါင်းကာ တစ်ချိန်က ဤစံအိမ်ကြီး ထဲတွင် သေဆုံးကွယ်လွန်ခဲ့ရရှာသော ချစ်ရသူလေး နွဲ့လေးရီ၏ သတင်းကို မသိမသာ မေးမြန်းစုံစမ်းစပြုလေ၏။

သူက နံနက်လင်းသည်နှင့် မြင်းဇောင်းသို့သွားကာ မြင်းစာကျွေးခြင်း၊ မြင်း၏တစ်ကိုယ်လုံးကို ဝက်မှင်ဘီးနှင့်ဖြီးကာ သန့်ရှင်းရေးလုပ်ပေးခြင်းတို့ဖြင့် မြင်းထိန်းကိုငွေတိုးအား ကူညီ လုပ်ကိုင်ပေးလေသည်။

ယင်းသို့ ကူညီလုပ်ကိုင်ပေးရင်း ချယ်ရီပြင်စံအိမ်ကြီးနှင့် ပတ်သက်သည့်အကြောင်းတို့ကို ပါးနပ်စွာ စုံစမ်းမေးမြန်းရလေ၏။





"ကိုငွေတိုး ... ဆရာကိုစောမင်းနိုင်က တစ်ကိုယ် တည်း လူပျိုကြီးလားဗျ"

မြင်းတစ်ကောင်၏ နံပါးကို ဝက်မှင်ဘီးဖြင့် ဖြီးသင်ပေး ရင်း ချစ်သွေးက စပ်စုရ၏။

"ဘယ်က လူပျိုကြီးရမှာလဲကွာ ... သူ့မှာ မိန်းမတွေ ပေါမှပေါ"

"ဘယ်လိုမိန်းမပေါတာလဲဗျ၊ မယားလေးငါးယောက် ယူထားတာလား"

"အဲဒီလိုတော့ မဟုတ်ဘူးကွ၊ ငါသိသလောက်ပြော ရရင် မယားအဖြစ် သူ သတ်သတ်မှတ်မှတ်ယူဖူးတာ နွဲ့လေးရီ ဆိုတဲ့ မိန်းကလေးတစ်ယောက်ပဲ ရှိတယ်ကွ"

"ဟုတ်လား ... သူက အတော်လှသလားဗျ"

"လှပြီလားကွာ ... မန္တလေးသူသာ ဆိုတယ်၊ အသား လေးက ဖွေးဥနေတာကွ၊ အတော်ကို နန်းဆန်ဆန် သိမ်သိမ်မွေ့ မွေ့နဲ့ လှချက်က ကမ်းကုန်ပဲဟေ့၊ သူရှိတုန်းက ခြံထဲဆင်းပြီး ညနေဘက် လမ်းလျှောက်လျှောက်နေတာ တွေ့ဖူးတယ်ကွ"

ချစ်ခဲ့ရသည့် ချစ်သူလေး လမ်းလျှောက်ခဲ့သည်ဆိုသော ခြံဝင်းရှေ့ပိုင်း ပန်းချုံများဆီ လှမ်းငေးကြည့်ရင်း ချစ်သွေး သက်



www.burmeseclassic.com

www.burmeseclassic.com



ပြင်းရှိုက်မိလေသည်။ ပြီးမှ ဆက်မေးရ၏။

"သူက ဘယ်ရောက်သွားသလဲဗျ ကိုငွေတိုးရဲ့"

မြင်းသောက်ရန်ရေကို သစ်သားစည်တို့ထဲ လိုက်ထည့်ပြီးနောက် ကိုငွေတိုးက ခပ်လုမ်းလုမ်းမှ ခွေးခြေပုလေးတွင် သွားထိုင်ကာ ဆေးပေါ့လိပ်တို့ကို မီးညှိဖွာရှိုက်လိုက်၏။ သူက ဆေးလိပ်ကို သုံးလေးဖွာ ဖွာပြီးမှ ချစ်သွေး၏အမေးကို ဖြေသည်။

"ကောင်မလေးက သေသွားပြီကွ"

ချစ်သွေးက အံ့သြဟန်ဆောင်လိုက်၏။

"ဟင် . . . ဟုတ်လား၊ ဘယ်လိုဖြစ်ပြီး သေတာလဲဗျ၊ ငယ်ငယ်ရွယ်ရွယ်နဲ့"

ကိုငွေတိုးက မြင်းဇောင်းနှင့် ကိုက်နှစ်ဆယ်မက ကွာလှမ်းသည့် စံအိမ်ကြီးဆီသို့ မလှုံမလဲသလို တစ်ချက် လှမ်းကြည့်လိုက်ပြီးမှ လေသံကိုနှိမ့်ကာပြောသည်။

"ဘာဖြစ်မှန်း မသိဘူးကွ . . . ကောင်မလေးက တဖြည်းဖြည်း ပိန်ပိန်လာတာပဲ၊ သူမသေခင် တစ်လကျော်ကျော်လောက်က ခြံထဲဆင်းပြီး လမ်းလျှောက်တာ ငါ လှမ်းတွေ့လိုက်တော့ အတော်ပိန်နေပြီကွ၊ အသားအရေဆိုတာ အရင်လို





ဝင်းပြီး တင်းမနေဘူး၊ ဖြူဖျော့ဖျော့နဲ့၊ ခပ်တောင့်တောင့်ဖြောင့်ဖြောင့် သူ့နာပြုမိန်းမနဲ့တွဲပြီး လမ်းလျှောက်တာကို နောက်ဆုံးအကြိမ် မြင်ခြင်းအဖြစ်နဲ့ ငါမြင်လိုက်ရတာကွ"

"နောက်တစ်ခါ မတွေ့ရတော့ဘူးလား"

"ဟင့်အင်း . . . သူ နောက်ပိုင်း အိမ်ပေါ်ကဆင်းတာ မတွေ့ရတော့ဘူးကွ၊ အိမ်ကြီးထဲမှာပဲနေရင်း လုံးပါးပါးသွားပုံရပါတယ်ကွာ"

"သူ့ကို ဆေးရုံတွေ ဆေးခန်းတွေ မပို့ဘူးလား"

"ပို့တာ မတွေ့ဘူးကွ၊ ဒီမြို့လေးမှာကလည်း ဆရာဝန်တစ်ယောက်နဲ့ နပ်စ်နှစ်ယောက်ပဲရှိတဲ့ ဆေးရုံသေးသေးလေးပဲ ရှိတာကွ၊ ဆေးခန်းဆိုလို့လည်း နှစ်ခန်းပဲရှိတယ်၊ ကျကျနန ကုသချင်ရင်တော့ နမ္မတူဖြစ်ဖြစ်၊ လားရှိုးဖြစ်ဖြစ် သွားမှရမယ်"

"သူတို့မှာ ငွေရှိတာပဲ၊ ဘာဖြစ်လို့ မသွားသလဲဗျ"

"အင်း . . . ရောဂါသည့်လာချိန်ဟာ မိုးတွင်းကြီးကွ၊ ငါတို့ဒေသက မိုးတွင်းဆို မြို့ပြတွေနဲ့ အဆက်ပြတ်သွားရောကွ၊ မိုးကြီးပြီး တောင်ကျရေတွေ တအားစီးတော့ ခုလို နွေမှာ ရေတစ်စက်မှ မရှိတဲ့ ချောက်ချောင်းတွေ၊ သဲချောင်းတွေပါ ရေလျှံ၊ တံတားတွေကျိုး၊ လမ်းတွေပျက်၊ တောင်စောင်းတွေပြိုဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



သွားရေးလာရေး လုံးဝခက်သွားရော၊ ခြေလျင်သွားရင်လည်း လမ်းမှာ နှစ်ညလောက်အိပ်ရမယ်၊ တောင်ကျချောင်းတွေ ရေမကျရင် ရက်တွေကြာသွားမယ်''

ချစ်သွေး သက်ပြင်းရှိုက်လိုက်မိတော့သည်။

''ဒီဒေသကလည်း မလွယ်ပါလားနော်''

''အေး ... ဒေသခံတွေကတော့ ဒီလိုပဲနေတာပဲကွ၊ တော်ရုံရောဂါတော့ တိုင်းရင်းသားတွေရဲ့ ရိုးရာဆေးဝါးနဲ့ ပျောက်တာပါပဲကွာ၊ ဒီမြို့မှာ ဆေးရုံရှိပေမယ့် ဆေးဝါးမစုံဘူး''

''ဆရာစောမင်းနိုင်က သူ့မိန်းမသေသွားပြီးတဲ့နောက် အိမ်ထောင်ထပ်မပြုဘူးလား''

''မပြုတော့ဘူးကွ ... ခုဆို သူ့မိန်းမသေတာ တစ်နှစ်နီးပါးရှိပြီလေ''

''နောက်ပိုင်းမှာ မိန်းမကိစ္စကင်းရှင်းတယ်ပေါ့''

''အဲဒီလိုလည်း မဟုတ်ဘူးကွ၊ အပြင်မှာတော့ အပျော်မယားတွေ သူယူထားတာရှိတယ်လို့ ဘရားတို့ဆီက တစ်စွန်းတစ်စ ကြားဖူးတာပဲ၊ ဒီစံအိမ်ကြီးဆီတော့ နောက်ထပ် ဘယ်မိန်းမကိုမှ ခေါ်မလာတော့ဘူးကွ''

''ဩော်''





''ငါပြောတာတွေ မင်း ဘယ်သူ့မှ လျှောက်မပြောနဲ့နော်၊ ဒီမှာက အနေအထိုင် တတ်မှ၊ အချိန်ပြည့် အန္တရာယ်ရှိတယ်''

''အေးပါဗျာ ... စိတ်ချပါ''

✵

နွေနှောင်းကာလဖြစ်သော်လည်း တောင်ပေါ်ဒေသမို့ မိုးငွေ့ရေယုက်လျက် ညမှောင်သည်နှင့် အအေးဓာတ်က လွှမ်းခြုံလာတော့သည်။

ချယ်ရီမြိုင်စံအိမ်ကြီးကား နွေနှောင်းည၏ ရင်ခွင်၌ ဆိတ်ဆိတ်ငြိမ် အိပ်မောကျလျက်ရှိချေပြီ။

အိပ်စက်မပျော်သေးသည့် ချစ်သွေးတစ်ယောက်သာ တန်းလျားဘက်မှထွက်ကာ ခြံဝင်းထဲပတ်လျှောက်လာခဲ့ပြီး စံအိမ်ကြီး၏ဝဲဘက်ရှိ စံပယ်ရုံနံဘေးမှ သစ်သားခုံတန်းလေးတွင် အသာထိုင်လိုက်လေသည်။

ညဦးအတော်နက်ခဲ့ပြီမို့ နံဘေးခြံဝင်းတို့သည်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ဆိတ်ငြိမ်ကာ ပြည့်လုလုလဝန်းကမူ ထိန်ထိန်သာလျက် ရှိတော့၏။

လရောင်ဖြင့် အဝေးဆီ၌ လှမ်းမြင်နေရသည့် တောင်ထိပ်များကိုမူ တောင်ငွေ့ဖြူဖြူတို့ ဖုံးလွှမ်းလျက်ရှိတော့သည်။

ချစ်သွေးသည် ညမွှေးပန်းရနံ့ စီးမျောမွှေးပျံ့နေသည့် ညည့်လေပြည်ကို ရှူရှိုက်ရင်း စံအိမ်ကြီးကို ငေးကြည့်နေလိုက်မိ၏။

စံအိမ်ကြီး၏အပေါ်ထပ် မှန်ပြတင်းများအားလုံးလိုလို ပိတ်လျက်ရှိပြီး လရောင်ဖျန်းပက်ထားသဖြင့် မှန်ပြတင်းတို့၏ နောက်ကွယ်မှ ဇာခန်းဆီးများကို မြင်နေရလေသည်။

နှစ်ဆောင်ပြိုင်အိမ်ကြီး၏ နောက်ဘက်အဆောင်ရှိ ပြတင်းပေါက်တစ်ပေါက်ကမူ ပွင့်လျက်ရှိပြီး ပြတင်းအဝမှ ခန်းဆီးစက ညည့်လေပြည်ဝယ် နွဲ့နွဲ့လေး လှုပ်ယိမ်းလျက် ရှိလေ၏။

ချစ်သွေးသည် ဘာရယ်မဟုတ်ဘဲ ထိုပြတင်းပေါက်ကို ငေးမောကြည့်လျက်ရှိစဉ် မှောင်ပိန်းနေသည့် ပြတင်းဝတွင် ဖြူဖြူသဏ္ဌာန်တစ်ခုကို မြင်လိုက်ရသလိုလို ရှိသဖြင့် ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်မိလေသည်။

''မိန်း မိန်းမတစ်ယောက်လား မသိဘူး''





သူ ဇဝေဇဝါဖြင့် တွေးလျက်ရှိစဉ်မှာပင် ပြတင်းဝမှ လူရိပ်သည် ပိုမိုထင်ရှားစွာ ပေါ်လာလေ၏။

မိန်းကလေးက ဆံပင်ရှည်ရှည်တို့ကို နောက်သို့ ဖားလျားချထားလျက် ပြတင်းပေါက်တစ်ခုကိုမှီကာ နွဲ့လျစွာ ရပ်နေပြီး ချစ်သွေးရှိရာဆီသို့ ငုံ့ကြည့်လျက်ရှိလေ၏။

ထိန်ထိန်သာသော လရောင်ဖွေးဖွေးက မိန်းကလေး၏ ကိုယ်ပေါ် ဖြာကျလျက်ရှိရာ လှပသောခန္ဓာကိုယ်ကောက်ကြောင်းကိုလည်းကောင်း၊ လရောင်ဖြင့် ဝင်းပနေသည့် မျက်နှာချောချောကိုလည်းကောင်း အထင်းသားတွေ့နေရရာ ချစ်သွေးမှာ ပါးစပ်အဟောင်းသားဖြစ်ကာ ခေါင်းမွေးများ ထောင်ထသွားရတော့သည်။

''ဟာ ... နွဲ့ နွဲ့လေးရီပါလား ...၊

အာ ... နွဲ့လေးရီ မဖြစ်နိုင်ပါဘူး၊ နွဲ့လေးရီက သေပြီးပြီပဲ''

သူ တုန်လှုပ်အံ့သြစွာ ငေးကြောင်ကြည့်နေစဉ်မှာပင် ပြတင်းဝမှနေ၍ နောက်သို့ တစ်လှမ်းချင်းဆုတ်သွားသလား မသိ။ သူမ၏ပုံရိပ်ဖြူဖြူက ပြတင်းဝမှနေ၍ တဖြေးဖြေး မျက်ကွယ် သွားပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သွေးသည် အတွင်းဘက်၌ မည်းမှောင်နေသည့် ပြတင်းဝကို အငေးသားကြည့်ရင်း ရင်ပရမ်းပတာခုန်ကာ ကျန်ရစ်ခဲ့တော့သည်။


သူက မျက်တောင်ကိုပုတ်ခတ်ပုတ်ခတ်ပြုရင်း ပြတင်းဝမှ ဇာလိုက်ကာစ လေပြည်အဝှေ့ဝယ် တလွန့်လွန့်ဖြစ်နေသည်ကို အတန်ကြာ ငေးကြောင်ကြည့်နေမိ၏။

"နေပါဦး ... ငါ စောစောက နွဲ့လေးရီကိုမြင်လိုက်ရတာ တကယ်ရောဟုတ်ရဲ့လား၊ စိတ်စွဲပြီး မြင်ချင်ရာမြင်လိုက်တာများလား"

ချက်ချင်းဆိုသလိုပင် သူ့စိတ်က ဇဝေဇဝါဖြစ်သွားသည်။ မည်သို့ဖြစ်စေ စံအိမ်ကြီး၏ အပေါ်ထပ်ရှိ ပြတင်းပေါက်အားလုံးထဲတွင် ထိုပြတင်းပေါက်တစ်ပေါက်တည်း ပွင့်ဟနေသည်ကတော့ အမှန်ပင်ဖြစ်ပါ၏။

✿ ✿ ✿





## အရှည်အချင်းစစ်ပွဲ

"ဘာ ... ညက နွဲ့လေးရီကို မင်း မြင်လိုက်ရတယ်ဟုတ်လား"

"ဟုတ်တယ် ကိုငွေတိုး ... ကျွန်တော့်မျက်စိ မမှားလောက်ပါဘူး၊ နွဲ့လေးရီမှ နွဲ့လေးရီအစစ်ဗျ"

"မဖြစ်နိုင်တာကွာ ... နွဲ့လေးရီက သေတာဖြင့် ကြာလှပြီ၊ ပြီးတော့ မနေ့ညက ချယ်ရီမြိုင်စံအိမ်ကြီးရဲ့အပေါ်ထပ်မှာ ဘယ်သူမှ မရှိဘူးကွ၊ ဆရာစောမင်းနိုင်က မနေ့နေ့လယ်ပိုင်းကတည်းက မက်မန်းခြံကိုသွားတာ၊ ညက ခြံထဲမှာ အိပ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို ပြန်မလာဘူး၊ ဘရှားရော မဲကောက်နဲ့ ကြိုးထုံးတို့ပါ ပါသွားတယ်''

''သြော် . . . ဒါကြောင့် ဒီမြင်းဇောင်းထဲမှာ ရထားဆွဲ မြင်းတစ်ကောင်ပဲ ရှိနေတာကိုး''

''အေး . . . ဟုတ်တယ်၊ စံအိမ်ကြီးရဲ့အောက်ထပ်မှာ ဒေါ်ငြိမ်းရင်နဲ့ ဝါနုတို့နှစ်ယောက်ပဲ အိပ်ကြတာ၊ သူတို့က ဆရာ စောမင်းနိုင်ရဲ့ ခွင့်ပြုချက်မရဘဲ အိမ်ပေါ်ထပ်ကို လုံးဝတက်ရဲ တာ မဟုတ်ဘူး''

''တက်ရဲရောဗျာ ကျွန်တော် ညက လရောင်အောက် မှာ တွေ့လိုက်ရတာ ကိုယ်လုံးလှလှ၊ ဖြူဖြူဝင်းဝင်းဗျ၊ ဆံပင် ကလည်း တင်ပါးလောက်အထိ ရှည်တာ . . . ဖားဖားကိုဝေနေ တာပဲ၊ ဒေါ်ငြိမ်းရင်က မည်းမည်းဝဝ၊ ဝါနုက ပုပုလုံးလုံးလေး၊ သူတို့ ဘယ်လိုမှမဖြစ်နိုင်ဘူး''

''အေး . . . အဲဒါဆို ဥစ္စာစောင့်မပဲ ဖြစ်မယ်၊ ဟိုးအရင် တုန်းက ရှေးဇော်ဘွားတွေလက်ထက်က ဒီခြံတွေနေရာကို ကမ်းမဖြူသိုက်နန်းလို့ခေါ်တယ်ကွ၊ ငါ့အဘိုးမသေခင်က ပြော သွားဖူးတယ်၊ ဒီနေရာတစ်ဝိုက်မှာ ရှေးဟောင်းသိုက်တွေရှိတယ်''

မြင်းထိန်းကိုငွေတိုးမှာ ဓနုမျိုးနွယ်မှ ဆင်းသက်လာသူ





ဖြစ်ပြီး ချယ်ရီနံ့သာသားစစ်စစ်ဖြစ်သဖြင့် ဤချယ်ရီနံ့သာမြို့လေး အကြောင်း သိနေခြင်းဖြစ်သည်။

''ဘာပဲဖြစ်ဖြစ် ညက ကျွန်တော်တွေ့လိုက်တဲ့သူလေး ဟာ ဥစ္စာစောင့်မလည်း မဖြစ်နိုင်ဘူးဗျ၊ နွဲ့လေးရီမှ နွဲ့လေးရီ အစစ်''

ကိုငွေတိုးက လက်ဖြင့် ပယ်ပယ်နယ်နယ် နှံ့စပ်အောင် နယ်ထားသည့် မြင်းစာခွက်ထဲသို့ ဆားအနည်းငယ်ထည့်ကာ ထပ်နယ်လိုက်ပြီးနောက် လက်ကိုဆေးရင်း ချစ်သွေးကို လည်ပြန် လှည့်ကြည့်သည်။

''မင်းပြောသလိုဆိုရင် နွဲ့လေးရီဟာ မကျွတ်မလွတ်ဘဲ တစ္ဆေခြောက်တယ်ပေါ့ . . . ဒီလိုလား၊ ပြီးတော့ နွဲ့လေးရီပါလို့ စွပ်စွဲရအောင် မင်းက နွဲ့လေးရီကို အပြင်မှာ မြင်ဖူးလို့လား၊ မင်း ဒီမြို့ရောက်မလာခင် လအတော်ကြာကတည်းက နွဲ့လေးရီ ဆုံးပါးသွားတာပဲဟာ''

''စံအိမ်ကြီးရဲ့ညှော်ခန်းပြတင်းပေါက်ကနေ နာရီအိမ်ကြီး အနားမှာ ချိတ်ထားတဲ့ နွဲ့လေးရီရဲ့ ကိုယ်လုံးပြည့်ဓာတ်ပုံကြီးကို ကျွန်တော် မြင်ဖူးထားတယ်လေဗျာ''

ကိုငွေတိုးက ခေါင်းယမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မင်းဟာ လူငယ်ဖြစ်ပြီး အတော်စပ်စုတာပါလား၊ ဆရာတောမင်းနိုင်ရဲ့အကြောင်း မင်း မသိသေးဘူး၊ သူနဲ့ပတ်သက်ပြီး မင်းသွားမစပ်စုနဲ့၊ သူက နဂါးထက် အဆိပ်ပြင်းတယ်နော်"

ချစ်သွေးက မြင်းသောက်ရန်ရေကို သံကိုင်းပုံးထဲမှ သစ်သားစည်ပိုင်းပြတ်ထဲ လောင်းထည့်ရင်း ပခုံးနှစ်ဖက် တွန့်လိုက်သည်။

"ဆရာတောမင်းနိုင်ဟာ အဲဒီလိုလူမှန်းသိလျက်ရဲ့ ကိုငွေတိုးက ဘာဖြစ်လို့ သူ့ဆီမှာ အလုပ်ဝင်လုပ်ရတာလဲဗျ"

"ငါဟာ အစက ကိုယ်ပိုင်မြင်းလှည်းရှိတဲ့ မြင်းလှည်းသမားပါကွာ၊ နံ့သာဦးစေတီဘုရားပွဲမှာ ဟောင်စီဝင်ကစားလိုက်တာ မြင်းလှည်းပြုတ်သွားလို့ အလုပ်လက်မဲ့ဖြစ်တာနဲ့ ဒီမှာအလုပ်ဝင်လုပ်ရတာကွ၊ လစာကလည်း ကောင်းတယ်လေကွာ"

"အေးဗျာ ... ကျွန်တော်လည်း ရပ်တည်မရလို့သာ ဒီခြံကြီးထဲ ရောက်လာရတာ၊ ခု ရောက်တာဖြင့် လေးရက်ရှိပြီ၊ ခင်ဗျားတို့ရဲ့သူဌေးက ဘာမှလည်း တာဝန်မပေး၊ တစ်ခါမှလည်း ခေါ်မတွေ့ဘူး"

ကိုငွေတိုးက မြင်းဇောင်းအဝရှိ ခွေးခြေပေါ်တွင် ခြေ





ချိတ်ထိုင်ရင်း ဆေးပေါ့လိပ်ကို မီးညှိဖွာပြီးနောက် တွေးတွေးဆဆဖြင့် ပြောလေသည်။

"ငါ ဆရာတောမင်းနိုင်ဆီမှာ အလုပ်ဝင်တာ နှစ်နှစ်လောက်ရှိပြီ၊ သူဟာ အကျိုးအကြောင်းမဲ့တဲ့အလုပ် ဘာမှ မလုပ်ဘူးကွ၊ အေး ... မင်းကို သူ တစ်ခုခု သဘောကျလို့ အလုပ်ခန့်ထားတာပဲဖြစ်မယ်၊ မင်းကို တစ်ခုခုခိုင်းဖို့ အကြံအစည် ရှိပါလိမ့်မယ်"

"အဲဒါ ဘာဖြစ်နိုင်မလဲဗျ"

"အဲဒါတော့ ငါလည်းမသိဘူး၊ ဘရှားနဲ့ကြိုးထုံးတို့ သူတို့ချင်းပြောတာကို နားစွန်နားဖျားကြားမိတာကတော့ မင်းရဲ့သတ္တိကို ကြိုက်တယ်ဆိုပဲကွ၊ ဒါပေမဲ့ သတ္တိရှိရုံနဲ့ မရဘူး၊ အရည်အချင်းလည်း ရှိမှ ဖြစ်မယ်တဲ့၊ မင်းရဲ့အရည်အချင်းကို ဆရာတောမင်းနိုင် စစ်လိမ့်မယ်နဲ့တူတယ်ကွ၊ သူက ဘရှားတို့လို တိုက်ရည်ခိုက်ရည်ကောင်းတဲ့ လူမိုက်မျိုး လိုချင်ပုံရတယ်"

"ကျွန်တော်က လူမိုက်တော့ မဟုတ်ဘူးဗျ၊ ဒါပေမဲ့ သူ တိုက်ရည်ခိုက်ရည် စမ်းသပ်မယ်ဆိုရင်တော့ အစမ်းသပ်ခံဖို့ အဆင်သင့်ပဲ"

✿



www.burmeseclassic.com

www.burmeseclassic.com



မက်မန်းခြံမှ စောမင်းနိုင် ပြန်ရောက်ပြီး နောက်နေ့ ညနေခင်းမှာပင် ကြိုးထုံးက သူ့အခန်းရှေ့သို့ရောက်လာကာ ဆရာစောမင်းနိုင်က ခေါ်ခိုင်းလိုက်ကြောင်းပြောသဖြင့် ချစ်သွေး လိုက်သွားရသည်။

ချယ်ရီနံ့သာစံအိမ်ကြီး၏ရှေ့တွင် ဂေါက်သီးတွင်းစိန် လေ့ကျင့်သည့် ပေနှစ်ဆယ်ပတ်လည်ခန့်ကျယ်ဝန်းသော မြက်ခင်းပြင်လေးရှိရာ မြက်ခင်းအစပ်တွင် စောမင်းနိုင်က ကြိမ်ကုလားထိုင်အဝိုင်းကြီးတစ်လုံးပေါ်၌ ထိုင်နေ၏။

သူ့လက်ယာဘက်မှ ခွေးခြေခုံတွင် ဘရှားက ခြေနှစ်ဖက် ကားကားထားလျက် လက်ခပ်တင်းတင်းပိုက်ကာ ရှုတည်တည်ဖြင့် ထိုင်နေသည်။ ဂျပ်ခုတ်အင်္ကျီချိုင်းပြတ် ဝတ်ထားသဖြင့် သူ၏လက်မောင်းကြွက်သားတို့ အပြိုင်းပြိုင်းထနေသည်ကို အထင်းသားတွေ့နေရ၏။

စောမင်းနိုင်၏ လက်ဝဲဘက်မှ ခွေးခြေခုံတွင် မဲကောက်က ခြေချိတ်ထိုင်ထားလျက်မှ လက်တစ်ဖက်ဖြင့် မေးမွေးငုတ်စိစိတို့ကို သပ်ရင်း ချစ်သွေးကို မျက်လုံးမှေးစင်းကြည့်နေသည်။





စောမင်းနိုင်ကမူ သူ့ထိုင်ခုံရှေ့ရှိ စားပွဲပုလေးပေါ်မှ စပျစ်သီးကို လှမ်းခြွေလိုက်ပြီး ပါးစပ်ထဲ တစ်လုံးချင်းပစ်ထည့်ရင်း ချစ်သွေးကို ခပ်ပြုံးပြုံးမျက်နှာဖြင့် အကဲခတ်ကြည့်နေ၏။

ချစ်သွေးက စောမင်းနိုင်၏မျက်စောင်းထိုး နှစ်လံခန့် အကွာတွင် ရပ်လိုက်ပြီး လက်နှစ်ဖက်ကို ခန္ဓာကိုယ်၏ နံဘေးသို့ တွဲလောင်းချထားရင်း စောမင်းနိုင်ကို တည်တည်ငြိမ်ငြိမ်ကြည့်ကာ ...

"ကိုစောမင်းနိုင် ... ကျုပ်ကိုခေါ်တယ်ဆိုလို့ လာတာ၊ ကျုပ်ကို တာဝန်တစ်ခုခု ပေးတော့မယ်ထင်တယ်"

ဟု ခပ်အေးအေးလေသံဖြင့် ပြောလိုက်လေ၏။

သူတို့၏ဆရာအရှင်သခင်ကို ရိုကျိုးမှု လုံးဝမရှိသော ဟန် လေသံတို့ဖြင့် ပြောလိုက်သည့် ချစ်သွေးကြောင့် ဘရှားတို့ သုံးဦးစလုံး မျက်နှာကြောများ တင်းခနဲဖြစ်သွားကြသော်လည်း စောမင်းနိုင်ကမူ ဂျစ်တစ်တစ်ဟန်ပေါက်နေသည့် ချစ်သွေးကို သဘောကျသလို ပြုံးကြည့်မြဲ ကြည့်နေရာမှ ...

"အေး ... မင်းကို တာဝန်တစ်ခုပေးဖို့ စဉ်းစားမိတာနဲ့ ခေါ်ခိုင်းလိုက်တာပဲ၊ ဒါပေမဲ့ အဲဒီတာဝန်က အန္တရာယ်များတယ်၊ စွမ်းရည်သတ္တိရှိရှိနဲ့ ဦးဆောင်လုပ်နိုင်မှ ဖြစ်မယ်၊ ငါ့မက်မန်းခြံထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ မွေးထားတဲ့ တပည့်နှစ်ယောက်ရှိတယ်၊ သူတို့ကို မင်း ဦးဆောင်ရမယ်၊ ဒါပေမဲ့ အဲဒီလို ဦးဆောင်နိုင်တဲ့အစွမ်း မင်းမှာ ရှိ,မရှိ ငါ စမ်းသပ်စစ်ဆေးဖို့ အခု ခေါ်နိုင်းလိုက်ရတာပဲ''

ဟု လေသံအေးအေးဖြင့် ရှင်းပြလေသည်။ စောမင်းနိုင်၏အသံမှာ တည်ငြိမ်လျက် ပျော့ပျောင်းညင်သာသော်လည်း ပြတ်သားမှု ရှိ၏။ သူ၏နှုတ်ခမ်းတို့က ပြုံးနေသည့်တိုင် မျက်လုံးတို့က အေးစက်စက်အသွင် ရှိလေ၏။

''ရပါတယ် ...ကြိုက်သလို စမ်းနိုင်ပါတယ်''

ချစ်သွေးက မနိုးမခန့်ပုံစံဖြင့် လက်ပိုက်လိုက်ရင်း မဲ့ပြုံးပြုံးလျက် ပြောလိုက်ရာ ဘရှားက ထိုင်ရာမှ ဝုန်းခနဲထလိုက်လေသည်။ စောမင်းနိုင်က လက်ကာလျက် တားလိုက်လေသည်။

''ဘရှား ...နေဦး၊ ငါ သူ့ကို ပြောစရာရှိတယ်''

''ဆရာပြောပြီးရင်တော့ ကျွန်တော့်ရဲ့လက်သီးဒဏ်ကို ဒီကောင် ဘယ်လောက်ခံနိုင်မယ်ဆိုတာ စမ်းကြည့်ခွင့်ပြုပါ''

''အေးပါ၊ ကဲ ဒီမှာ ဇော်ရဲ ...မင်း ဦးဆောင်ရမယ့် ပင့်ကူသုံးကောင်ဟာ ငါ့ရဲ့ ဟောဒီလက်ရွေးစင်တပည့်တွေကို ကျော်ဖြတ်နိုင်သူတွေ မဟုတ်ဘူး၊ မင်း သူတို့တွေကို ကျော်ဖြတ်နိုင်မှ ဒါမှမဟုတ် အနည်းဆုံး တန်းတူယှဉ်နိုင်မှ အရည်အချင်း





စစ်ပွဲ အောင်မယ်''

''ရပါတယ် ...စိန်လိုက်လေ''

''ဟုတ်ပြီ၊ ကဲ ကဲ ဘရှား ...မင်း သိပ် ဆန္ဒပြင်းပြနေရင်လည်း မင်းနဲ့ပဲ အရင် စမ်းကြည့်ရမှာပေါ့ကွာ ...ဟုတ်ပြီလား''

စောမင်းနိုင်က လက်ဝဲဘက်လက်ထဲမှ အရက်ခွက်ကို မော့လိုက်ပြီးနောက် လက်ယာဘက်လက်ထဲမှ စပျစ်သီးကို ပါးစပ်ထဲ ပစ်ထည့်ဝါးရင်း ကြိမ်ကုလားထိုင်အပိုင်းကြီး၏ နောက်မှီကို ကျောမှီလိုက်ကာ စိမ်ပြေနပြေ စောင့်ကြည့်နေလိုက်၏။

ထိုအခါ ရှမ်းဘောင်းဘီပင်နီရောင်ကို ဂျပ်ခုတ်ချိုင်းပြတ်အင်္ကျီ နီညိုရောင်နှင့် တွဲဝတ်ထားသည့် ဘရှားက မြက်ခင်းပြင်၏ အလယ်သို့ လျှောက်လှမ်းသွားပြီးနောက် ချစ်သွေးဘက်လှည့်ကာ ခါးထောက်ရပ်ကြည့်လိုက်လေသည်။

ချစ်သွေးကလည်း သူ့ရှေ့တည့်တည့် နှစ်လံခန့်အကွာသို့ လျှောက်လှမ်းသွားကာ ခြေနှစ်ဖက် ခွဲရပ်ရင်း လက်နှစ်ဖက်ကို ခန္ဓာကိုယ်၏ ဘေးနှစ်ဖက်သို့ ချထားလိုက်၏။

မြက်ခင်းပြင်စိမ်းစိမ်း၏အလယ်တွင် သူတို့နှစ်[illegible] တစ်ဦးကိုတစ်ဦး ရှူးရှူးရဲရဲကြည့်ကာ မျက်နှာချင်းဆိုင်[illegible]လျက်ရှိပြီ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . စတော့"

စောမင်းနိုင်ထံမှ အမိန့်ပေးသံ ပြတ်သားစွာ ထွက်ပေါ်လာသည်နှင့် ဘရှားသည် ဝမ်းခေါင်းသံကြီးဖြင့် အော်ဟစ်ကာ ချစ်သွေး၏မျက်နှာကို ခြေစောင်းဖြင့် ခုန်ကန်လိုက်၏။

"ကျား"

ချစ်သွေးက ဝဲဘက်သို့ ခြေတစ်လှမ်း ဖျတ်ခနဲလှမ်းကာ ဒူးညွတ်ရှောင်လိုက်ရင်း ပစ်မှတ်လွဲချော်ကာ မြေပေါ်သို့ ဘရှားလွှားခနဲအကျတွင် သူ၏နံစောင်းကို ခြေစောင်းဖြင့် ခတ်ထည့်လိုက်လေသည်။

'ဖြောင်း'

ပြင်းထန်အားပါလှသည့် ခြေစောင်းကန်ချက်က တိကျလှရာ ဘရှား၏ အောက်ပိုင်းနံရိုးကို ထိချက်ပြင်းသွားပြီး မြေပေါ် ဘုန်းခနဲ တစောင်းပစ်ကျသွားတော့၏။

ဘရှား၏မျက်နှာက အံ့အားသင့်သွားဟန်ရှိပြီး အကြီးအကျယ် ရှက်သွားဟန်ဖြင့် မျက်နှာတစ်ပြင်လုံး ရဲတက်သွားတော့သည်။

သူက ချက်ချင်း လူးလဲထလိုက်ပြီးနောက် ချစ်သွေးကို ကျွံခတ်သည့်နှယ် ဘယ်ဝိုက်ညာဝိုက် လက်သီးတို့ဖြင့် တရစပ်





ထိုးတော့၏။

"ကဲကွာ . . . လူပါးဝတဲ့ကောင်၊ သေစမ်း သေစမ်း"

ဝိုးခနဲ ဝိုးခနဲ ဝင်လာသမျှ လက်သီးချက်တို့ကို ခေါင်းယမ်းကာ ငုံ့ကာ ကိုယ်ခန္ဓာနွဲ့ကာ ယိမ်းကာဖြင့် ချစ်သွေးက လှပစွာရှောင်လိုက်ပြီးနောက် ဘယ်ထောက်လက်သီး၊ ညာဖြတ်လက်သီး၊ ဘယ်ဝိုက်လက်သီး၊ ညာပင့်လက်သီးတို့ဖြင့် တရစပ်တုံ့ပြန်တိုက်ခိုက်လိုက်တော့သည်။

'ဖောင်း'

'ဖြောင်း'

'ဖောင်း'

'ခွပ်'

"အား"

"အင့်"

ချစ်သွေး နောက်ဆုံးပစ်သွင်းလိုက်သည့် ပင့်လက်သီးက ပြင်းထန်အားပါလှရာ ဘရှား၏အရှိက်ကို ထိထိမိမိ ထိသွားပြီး ဘရှားမှာ ဖားဖိုကြီးမှ မြည်သံထွက်သလို ရှူးခနဲအသံထွက်လျက် ဒူးခွေကျသွားတော့၏။ သူ၏မျက်နှာသည်လည်း ဖူးရောင်လျက် ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စက္ကန့်ပိုင်းအတွင်း မြေပေါ်ဒူးထောက်လျက် ခွေကျသွားသည့် ဘရှား၏အဖြစ်ကို ကြိုးထုံးနှင့်မဲကောက်တို့က ပါးစပ်အဟောင်းသားဖြင့် မယုံနိုင်အောင် ကြောင်ကြည့်နေမိကြရာမှ ကြိုးထုံးက မြက်ခင်းပြင်သို့ လွှားခနဲ ခုန်ထွက်လာတော့၏။

ကြိုးထုံးသည်ကား တရုတ်ကပြားပီပီ အသားဖြူကာ ခန္ဓာကိုယ်အထက်ပိုင်း ပါးလျားသော်လည်း ခြေတံရှည်၊ လက်တံရှည်လျက် ပေါင်ခြေသလုံးတို့က တောင့်တင်းလှလေသည်။

သူက နဖူးပေါ်ဝဲကျနေသည့် ဆံပင်ရှိုင်းရှိုင်းတို့ကို ခေါင်းဆတ်ခနဲ ခါထုတ်လိုက်ရင်း ညာလက်ဝါးစောင်းကို ရှေ့ထုတ်လျက် ခြေနှစ်ချောင်းကို ရှေ့နောက်ခွဲကာ ဒူးညွတ်လိုက်၏။

ထို့နောက် နောက်ခြေကို ဖျတ်ခနဲ ရှေ့သို့ တစ်လှမ်းတိုးလိုက်ကာ ရှေ့မှညာခြေကို အရှိန်ပြင်းစွာ ဆတ်ခတ်လိုက်လျက် တိုက်စစ်ကို စဖွင့်လိုက်တော့သည်။

ကြိုးထုံး၏ခတ်ခြေကို ဝဲဘက်လက်ဖျံရိုက်ချက်ဖြင့် ရိုက်ဖယ်ထုတ်လိုက်ရင်း ဝဲဘက်ခြေကို ရုတ်ခနဲ နောက်ဘက်သို့ ရုပ်လိုက်ပြီးသည်နှင့် ညာခြေအမြင့်ကန်ချက်ဖြင့် ကြိုးထုံး၏နားသယ်ကို ကန်ထည့်လိုက်လေ၏။

'ဖောင်း'





ဖောင်းခနဲအသံနှင့်အတူ ကြိုးထုံးမှာ အထိနာသွားကာဘေးသို့ ယိုင်ဆင်းသွားတော့သည်။

သူက ချက်ချင်း ကိုယ်ကိုတည့်မတ်ရန် ဟန်ပြင်လိုက်စဉ်မှာပင် ချစ်သွေးက တစ်ဟုန်ထိုးပြေးဝင်လာပြီး ဝိုက်လက်သီး၊ ဖြတ်လက်သီး၊ ပင့်လက်သီးတို့နှင့် ပူးသတ်လိုက်ရာ ကြိုးထုံးမှာ လက်ကားယား ခြေကားယားဖြင့် လုံအောင်မကာကွယ်နိုင်သောကြောင့် ရင်ဘတ်၊ မျက်နှာ၊ နားထင်တို့ကို လက်သီးချက်တို့ ထိမှန်ကုန်တော့၏။

ကြိုးထုံး ဒယိမ်းဒယိုင်ဖြစ်သွားသည်ကို အခွင့်ကောင်းယူပြီး ချစ်သွေးက မျက်ခွက်ဆီသို့ ညာလက်သီးပစ်သွင်းလိုက်ကာ တစ်ဆက်တည်းမှာပင် ညာဒူးပင့်တိုက်ချက်ဖြင့် ကြိုးထုံး၏ရင်ဝကို လျှပ်တစ်ပြက်တိုက်ချလိုက်ရာ အွတ်ခနဲအသံနှင့်အတူ ရှေ့သို့ ငိုက်လာပြီး မြက်ခင်းပြင်ပေါ် ဒူးထောက်ကျသွားတော့သည်။

ကြိုးထုံးပါ အရေးနိမ့်သွားပြီဖြစ်သဖြင့် စောမင်းနိုင်က မဲကောက်ကို မျက်လုံးစွေကြည့်လိုက်လေလျှင် မဲကောက်လည်း ထိုင်ရာမှ ခပ်ဖြည်းဖြည်း ထလိုက်တော့၏။

သူသည်ကား အသားမည်းနက်ပြီး ဦးခေါင်း[illegible]ငယ်သလောက် ခန္ဓာကိုယ်က ဝက်ဝံကြီးတစ်ကောင်[illegible] ဝဖြိုး



www.burmeseclassic.com

www.burmeseclassic.com



ကြီးထွားလှသူဖြစ်သည်။

သက္ကလတ်ဘောင်းဘီရှည်အနက်ကို ဆွယ်တာအနက် ရောင်နှင့် တွဲဖက်ဝတ်ထားပြီး အင်္ကျီလက်မောင်းတို့ကို လိပ်တင် ထားရာ သူ၏ ကြီးမားတုတ်ခိုင်လှသည့် လက်မောင်းအိုးကြီးမျာ ကို အထင်းသား မြင်ရလေ၏။

ကုပ်တိုတို၊ ရင်အုပ်မောက်မောက်၊ ဝမ်းဗိုက်ပူပူနှင့် ဝက်ဝံနက်ကြီးသည် ပါးစောင်ဝယ် ငုံထားသည့် ကွမ်းယာကို လေးငါးချက်ဝါးလိုက်ပြီးနောက် ပျစ်ခနဲ ကွမ်းတံတွေးထွေးလိုက် ကာ ချစ်သွေး၏ရှေ့တည့်တည့်သို့ ကားယားကားယားဖြင့် လျှောက်လှမ်းလာလေသည်။

သူက မျက်နှာကို ခပ်မော့မော့ထားကာ မျက်လုံးမှေ စင်းကြည့်ရင်း ကြီးမားလှသည့် လက်ကြီးနှစ်ဖက်ကို ကားလိုက်ပြီ ကွမ်းချေးများတက်နေသော သွားကြဲကြဲကြီးများပေါ်အောင် သွား ဖြီးလျက် မခိုးမခန့် ရယ်လိုက်လေ၏။

"ဟင်း ဟင်း ဟင်း"

အရပ် ခြောက်ပေနီးပါးရှိကာ ခန္ဓာကိုယ်ကြီးမားတုတ်ခိုင် လှသည့် မဲကောက်မှာ ဝက်ဝံနက်ကြီးတစ်ကောင်လို၊ လူ့ဘီလူး ကြီးလို အသွင်ရှိသဖြင့် တော်ရုံလူက သူ့ကိုမြင်သည်နှင့် သွေး





ပျက်သွားရသည်ချည်း ဖြစ်၏။

ချစ်သွေးကမူ နည်းနည်းမှ မမှုသည့်ပုံဖြင့် ညာခြေ ညာလက်ရှေ့တွင်ထားလျက် ခြေကို အနည်းငယ်ခွဲကာ ခပ် စောင်းစောင်းအသွင် ရပ်နေရာ သူ၏ မထိမဲ့မြင်ဟန်က အပွဲပွဲ နွှဲလာဖူးသည့် ဝက်ဝံနက်ကြီးမဲကောက်ကို စိန်ခေါ်သလို ဖြစ်နေ လေသည်။

မဲကောက်က ရှေ့သို့ ခြေတစ်လှမ်းပြီးတစ်လှမ်း တိုးလာ ကာ လက်တစ်ကမ်းခန့်အလိုတွင် ချစ်သွေး၏လက်ကို ဖမ်းဆုပ် ညှစ်လိုက်လေသည်။

ချစ်သွေးသည် လက်ကောက်ဝတ်ကို ဆုပ်ညှစ်ဆွဲယူ ခံလိုက်ရသည်တွင် အင်အားချင်းပြိုင်ကာ ဆောင့်ရုန်းခြင်းမပြုဘဲ သူ၏ညာခြေကို မဲကောက်၏ညာဘက်သို့ လှမ်းလိုက်ရင်း မဲကောက်ဆွဲခေါ်ရာသို့ အလိုက်သင့်ပါသွားလိုက်လေ၏။

ထို့နောက် သူ၏ဘယ်ခြေကို ညာခြေ၏ရှေ့သို့ လျင်မြန် စွာ လှမ်းလိုက်ပြီးလျှင် သူ၏ဝဲဘက်လက်က မဲကောက်၏ လည်ပင်းကို လက်ပြန်ဖက်လိုက်ကာ မဲကောက်အား နောက်သို့ လှန်ချလိုက်တော့၏။

ချစ်သွေး၏လှုပ်ရှားမှုမှာ အားပါလှပြီး လျင်မြန်တိကျလှ



www.burmeseclassic.com

www.burmeseclassic.com



ရာ မဲကောက်မှာ ခါးလှန်အချိုးခံရသလို ဖြစ်သွားကာ နောက်သို့ ပက်လက်လန်ပစ်ကျသွားတော့သည်။

'ဘုန်း'

''အား''

''အီး''

''ဟင်''

အဖြစ်အပျက်က မယုံနိုင်စရာမို့ စောမင်းနိုင်ကိုယ်တိုင် အံ့တားတသင့်ဖြစ်ကာ ထိုင်ခုံကို ကျောမှီနေရာမှ ကိုယ်ကို ကြွလိုက်မိပြီး နှုတ်မှ အာမေဍိတ်သံပင် ခုန်ထွက်သွားရလေ၏။

ပေါင်နှစ်ရာခန့်ရှိမည့် မဲကောက်၏ ရောမခန္ဓာကိုယ်ကြီးကို ကောက်ရိုးပင်ကိုခေါက်ချိုးချသလို ခေါက်ချိုးချလိုက်ပုံက ပညာသားပါလှပြီး လွန်စွာသေသပ်လှသဖြင့် စောမင်းနိုင်မှာ လွန်စွာ အားရကျေနပ်သွားကာ လက်ခုပ်တဖြောင်းဖြောင်း တီးလျက် ချီးမွမ်းထောပနာပြုလိုက်သည့်အပြင် လက်ရည်စစ်ပွဲကိုလည်း ရပ်တန့်လိုက်တော့သည်။

''တော်ပြီ ... တော်လောက်ပြီ''

မမျှော်လင့်ဘဲ မရှုမလှ ရုပ်ပျက်ဆင်းပျက် ခံလိုက်ရသည့် ဝက်ဝံနက်ကြီးမဲကောက်မှာ မြက်ခင်းပြင်ပေါ် ပိုးလိုးပက်





လက်ကြီးဖြစ်နေရာမှ ဒေါသတကြီး လူးလဲထလာသည့်တိုင် သူ့ဆရာစောမင်းနိုင်က တိုက်ခိုက်မှုကို ရုတ်တရက်ရပ်ဆိုင်းလိုက်သောကြောင့် ရှူးရှူးရှားရှားဖြင့် မချင့်မရဲဖြစ်သွားရတော့၏။

ချစ်သွေးကမူ မဲကောက်ကို လုံးဝဂရုမပြုတော့ဘဲ စောမင်းနိုင်၏ လက်ယာဘက်ရှိ ခွေးခြေခုံတွင် ခပ်တည်တည် သွားထိုင်လိုက်ပြီး ခါးဆန့်ကာ အနည်းငယ်တွန့်သွားသည့် သူ၏ ဂျပ်ခုတ်အကျႌကို ဆွဲချပြုပြင်လျက် ရှိလေသည်။

အရှိုက်က အောင့်နေဆဲမို့ ခါးအနည်းငယ်ကိုင်းထားရသည့် ဘရားမှာ သူ့ခုံတွင် ဝင်ထိုင်နေသော ချစ်သွေးကို ဖယ်ခိုင်းရန် မဝံ့သဖြင့် ယောင်ချာချာ ရပ်နေရလေ၏။

ကြိုးထုံးမှာမူ ချစ်သွေး၏ဒူးချက်မိထားသောကြောင့် အသက်ရှူ မမှန်ချင်ဖြစ်နေပြီး ရင်ဘတ်ကိုလက်ဖြင့်ဖိရင်း ခွေးခြေတစ်လုံးတွင် ကုန်းကုန်း ကုန်းကုန်းနှင့် ဝင်ထိုင်လိုက်ရလေသည်။

မဲကောက်သည်လည်း သူ၏ ကွေးကွေးကောက်ကောက် ဆံပင်တို့တွင်ရော၊ ခန္ဓာကိုယ်အနှံ့မှာပါ တွယ်ကပ်နေသည့် သစ်ရွက်ခြောက် အမှိုက်စတို့ကို လက်ဖြင့်သပ်ချရင်း သူ့ခုံမှာ သူပြန်ထိုင်လျက်မှ ချစ်သွေးကို မကျေမချမ်း မျက်မှောင်ကြီးကုတ်ကြည့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စောမင်းနိုင်က သူ၏ ရွှေစင်စီးကရက်ဘူးထဲမှ ဂျွန်ပလေးယားစီးကရက်တစ်လိပ်ထုတ်ကာ သူ၏နှုတ်ခမ်းတွင် တပ်လိုက်ပြီးနောက် စီးကရက်ဘူးကို ချစ်သွေးအား ကမ်းလိုက်လေသည်။

စောမင်းနိုင်မှာ သူ လွန်စွာမြတ်နိုးသော ရွှေစင်ရွှေသားအစစ်ဖြင့် ပြုလုပ်ထားသည့် သူ့စီးကရက်ဘူးကို မည်သည့်အခါကမျှ တပည့်တို့အား ကိုင်ခွင့်ပြုသူ မဟုတ်ချေ။

ယခု ချစ်သွေးအား စီးကရက်တည်ခြင်းမှာ အံ့ဖွယ်အခွင့်ထူးပေးခြင်းပင် ဖြစ်လေသည်။

ဘရှား၊ ကြိုးလုံးနှင့် မဲကောက်တို့သည် ချစ်သွေးကို မလိုတမာကြည့်လိုက်ကြသော်လည်း ကန့်ကွက်စကား မပြောဝံ့ကြချေ။

ချစ်သွေးသည် ဂျွန်ပလေးယားစီးကရက်ကို ကြိုက်သူ မဟုတ်သော်လည်း ဘရှားတို့၏ရှေ့တွင် တမင် မင်္ဂလာယူပြချင်သဖြင့် ရွှေစင်စီးကရက်ဘူးထဲမှ ဂျွန်ပလေးယားစီးကရက် တစ်လိပ်ကို ခပ်တည်တည် ထုတ်ယူလိုက်ပြီး စောမင်းနိုင်ကမ်းပေးသည့် ရွှန်ဆန်မီးခြစ်ကို ထောက်ခနဲခြစ်ကာ မီးညှိလိုက်လေ၏။

ပြီးလျှင် ရွှန်ဆန်မီးခြစ်ကို စောမင်းနိုင်အား ပြန်မပေး





သေးဘဲ စီးကရက်ကို ဟန်ပါပါဖွာရှိုက်လိုက်ပြီးနောက် ပါးစပ်ထဲမှ ဆေးငွေ့တို့ကို ခပ်မျှဉ်းမျှဉ်း မှုတ်ထုတ်လိုက်လေသည်။

ပြီးမှ ရွှန်ဆန်မီးခြစ်ကို စောမင်းနိုင်အား ပြန်ပေးလိုက်ပြီးလျှင် ခြေချိတ်ထိုင်လိုက်လျက် ...

"ကဲ ကိုစောမင်းနိုင် ... ကျုပ်ကို တာဝန်ပေးဖို့ စဉ်းစားထားပြီးပြီလား"

ဟု မေးဆတ်ကာ မေးလိုက်လေသည်။

ချစ်သွေး၏ဟန်ပန်နှင့် အမူအရာမှာ ဘရှားတို့လူစုအတွက်တော့ အတော့်ကို မျက်စိစပါးမွေးစူးစရာ ဖြစ်နေတော့၏။

စောမင်းနိုင်ကမူ ဘာမျှမဖြစ်သလို ချစ်သွေးကို ပြုံးကြည့်ရင်းမှ ...

"အင်း ... မောင်ရင့်ကို အရည်အချင်းစစ်ပွဲမှာ အောင်မှတ် အပြည့်ပေးလိုက်ပါပြီ၊ ဒါထက် မောင်ရင်ဟာ အရင်က ဘာအလုပ်လုပ်ဖူးသလဲ၊ အသတ်အပုတ် ကျွမ်းကျင်ပုံကြည့်ရတာဖြင့် အရင်ကလုပ်ဖူးတဲ့အလုပ်ဟာ တော်တော့အလုပ် မဟုတ်လောက်ဘူး"

ဤတွင် ချစ်သွေးက ယုတ္တိတန်အောင်ပြောလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



“လုပ်တဲ့အလုပ်ကတော့ ပွဲရုံစာရေး၊ မြင်းလှည်းမောင်း သမား၊ ဆန်စက်တာလီ၊ ကုန်ကားစပယ်ယာ စုံလို့ပါပဲဗျာ၊ တိုက်ရေးခိုက်ရေး အတတ်ပညာတွေကိုတော့ အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးဆိုတဲ့ ပုဂ္ဂိုလ်ဆန်းကြီးဆီကနေ မြန်မာ့ရိုးရာ သိုင်းတွေရော၊ ဂန္ဓာလရာဇ်သိုင်းရော၊ အနောက်မဖွဲ့မတိုင်းက သိုင်းပါ သင်ကြားခဲ့ရဖူးတယ်ဗျ”

“သြော် သြော် ... ဒါကြောင့် ဒီလောက်အစွမ်းထက် နေတာကိုး”

ထို့နောက် စောမင်းနိုင်က ထိုင်ရာမှထရပ်လိုက်ပြီး သောက်လက်စစီးကရက်ကို မြေပေါ်ပစ်ချလိုက်ကာ ရှူးဖိနပ် ဖြင့် ဖိချေလိုက်၏။

“ကဲ လာ ... မင်းကို တာဝန်ပေးမယ်”

စောမင်းနိုင်က စံအိမ်ကြီးဆီ ဦးတည်လျှောက်သွားရာ ချစ်သွေးလည်း နောက်မှ လိုက်သွားတော့သည်။ ဘရားတို့ကမူ သူ့ကို ဘုကြည့်ကြည့်ရင်း ကျန်ရစ်ခဲ့ကြ၏။

သလင်းကျောက်ဖြူသားလှေကားထစ်များကို နင်းတက် ခဲ့ပြီးနောက် အိမ်ရှေ့တံခါးမကြီးမှနေ၍ မှိုင်းလုံးကော်ဇောကြီးများ ခင်းထားသော ခမ်းနားထည်ဝါလှသည့် ဧည့်ခန်းကြီးထဲသို့ ဆက်





ဝင်ခဲ့ရလေသည်။

စောမင်းနိုင်က နောက်သို့လှည့်မကြည့်ဘဲ ဧည့်ခန်းမ ကြီးကို ဖြတ်လျှောက်ပြီးနောက် ကျွန်းလှေကားကြီးအတိုင်း အိမ် ပေါ်ထပ်သို့ တက်သွားရာ ချစ်သွေးလည်း လိုက်တက်သွားရ တော့၏။

ဧည့်ခန်းကြီးထဲမှ ကျွန်းဆက်တီခုံများကို ဖုန်သုတ်နေ သည့် အိမ်ဖော်ကောင်မလေး ဝါနုက ချစ်သွေးကို အထူးအဆန်း သဖွယ် လှမ်းကြည့်နေလေသည်။

ဤစံအိမ်ကြီး၏အပေါ်ထပ်သို့ စောမင်းနိုင်၏ လက်ရုံး တပည့် ဘရားတို့ပင် တစ်လနေ၍ တစ်ခေါက်တက်ခွင့် မရချေ။ ယခု ချယ်ရီမြို့သို့ မနေ့တစ်နေ့ကမှ ရောက်လာသည့် တပည့် အသစ်က ခပ်တည်တည်တက်သွားခြင်းကို ဝါနု အံ့သြနေဟန် ရှိ၏။

“အိမ်ပေါ်ထပ်မှာလည်း စင်္ကြံလမ်းများကအစ မှိုင်းလုံး ကော်ဇောကြီးများ ခင်းထားပြီး ချစ်သွေးလိုက်ဝင်သွားရသည့် အခန်းကျယ်ကြီး၏ ကြမ်းပြင်ကိုမူ ကော်ဇောခင်းမထားချေ။

ကျွန်းလျှာထိုးခင်း ကြမ်းပြင်မှာ ဖယောင်းတိုက်ထား သဖြင့် ပြောင်လက်နေ၏။ ပေနှစ်ဆယ်ပတ်လည်ခန့် ကျယ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



မည့် ယင်းအခန်းထဲတွင် မည်သည့်အိမ်ထောင်ပရိဘောဂမှ မရှိဘဲ အခန်း၏နံရံတစ်ဖက်အနီးတွင် ကျွန်းသားကုလားထိုင် တစ်လုံးသာ ရှိ၏။

ကုလားထိုင်၏နောက်ဘက်ရှိ နံရံကပ်စင်မြင့်တို့အပေါ်တွင် ဓားလှံလက်နက်မျိုးစုံ တင်ထားသည်ကို တွေ့ရလေသည်။

စောမင်းနိုင်က ပြတင်းပေါက်နှစ်ပေါက်အကြားရှိ နံရံပေါ်၌ ချိတ်ဆွဲထားသော မြေပုံရှေ့တွင် ခါးထောက်ရပ်လိုက်လေ၏။

သူက အစိမ်းရင့်ရောင် ညအိပ်ဝတ်ရုံလို ဖဲသားအင်္ကျီရှည်ကြီးကို ဝတ်ဆင်ထားပြီး ခါး၌ အနီရောင်အဝတ်ခါးပတ်ကို ပတ်ထားလေသည်။

သူ၏ဝတ်စုံက အတန်ငယ် ပွရောင်းရောင်းဖြစ်နေသော်လည်း မြင့်မားသော အရပ်၊ ကြံ့နိုင်သော ကိုယ်လုံးကိုယ်ထည်တို့ကြောင့် ကြည့်ကောင်းလှ၏။

စောမင်းနိုင်က နံရံထက်မှ မြေပုံကို လက်ညှိုးညွှန်ပြလိုက်ပြီး ...

"အဲဒီမြေပုံကို ငါဆွဲထားတာပဲ ဇော်ရဲ၊ မန်းနားနဲ့ ရွှေလီမြစ်ကြားက ရွာလေးဆီ သွားရမယ့် မြေပုံအညွှန်းပဲ၊ အဲဒီမှာ ပန်ဖန်းဆိုတဲ့ ရွာလေးရှိတယ်၊ ပန်ဖန်းရဲ့ရွာလူကြီးဟာ တစ်ချိန်





က ဒီချယ်ရီနံ့သာမြို့မှာ အခြေချနေထိုင်ပြီး ဘိန်းခန်းဖွင့်ထားတယ်၊ သူက ငယ်ငယ်ကတည်းက တေပေနေလို့ ရွာလူကြီးဖြစ်တဲ့ သူ့အဖေက ရွာကနေ မောင်းထုတ်ခဲ့တာပဲ၊ သူ့နာမည်က ဇော်နဂါး ...၊

ဇော်နဂါးဟာ တော်တော်လည်းမိုက်သလို သတ္တိလည်းရှိတယ်၊ ဒီမြို့မှာကတည်းက တပည့်တပန်း ပြည့်ပြည့်စုံစုံနဲ့ နေခဲ့တာ၊ သူ ဂျင်ဝိုင်းမှာ ငွေ သိန်းနဲ့ချီရှုံးပြီး ကြွေးတင်တော့ ငါ့ဆီက အတိုးနဲ့ယူပြီး ဆပ်လိုက်တယ် ...၊

အဲဒီနောက် အဲဒီကောင်က ငါ့ရဲ့ ငွေအရင်းရော အတိုးပါ မပေးတော့ဘူး၊ ငါ့တပည့်တွေလွှတ်ပြီး အလီလီတောင်းပေမယ့် နေ့ရွှေ့ ညရွှေ့ လုပ်နေတယ်၊ ငါက ဓားကြိမ်းကြိမ်းတော့ ဘိန်းခန်းကိုဖြုတ်ပြီး မြို့ကနေ ပြောင်းပြေးသွားတယ် ...၊

နောက် အဲဒီပန်ဖန်းမှာ သူ ရွာသူကြီးဖြစ်နေတဲ့အကြောင်း သတင်းကြားရလို့ ငါ့ရဲ့တပည့် ကျောက်ရုံကိုလွှတ်ပြီး ကြွေးတောင်းခိုင်းလိုက်တယ်၊ အဲဒီကတည်းက ကျောက်ရုံ ပြန်မလာတော့ဘူး၊ ငါတော့ အဲဒီကောင် ဖြောင်လိုက်တာလို့ ထင်တယ်၊ သူက ငါ့တပည့်အားလုံးကို သိနေတယ်၊ ဒါကြောင့် အဲဒီပန်ဖန်းကို လွှတ်ဖို့ လူရှာနေတုန်း မင်းကိုတွေ့ခဲ့တယ်၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



လိုချင်တဲ့အရည်အချင်း မင်းမှာအပြည့်ရှိတယ်''

''ကျုပ်က ပန်ဖန်းကိုသွားပြီး ဘာလုပ်ရမှာလဲ''

''အဓိက,ကတော့ ကျောက်ရုံရဲ့သတင်းကို စုံစမ်းပါ၊ ကျောက်ရုံရှိနေသေးရင် ရအောင်ပြန်ခေါ်ခဲ့ပါ၊ ကျောက်ရုံ အသတ်ခံရတာဆိုရင် ဇော်နဂါးကို ကျောက်ရုံအတွက် လက်စားပြန်ချေပေးပါ၊ ဒါပဲ''

''သူ့ဆီက ငွေပြန်ရရင်ရော ကျေနပ်မှာလား''

''ငွေမလိုချင်ဘူး၊ ကျောက်ရုံကိုပဲ လိုချင်တယ်၊ ဒါမှမဟုတ် ဇော်နဂါးရဲ့အသက်ကို လိုချင်တယ် ... ဒါပဲ''

''ကျုပ်တို့ ဘယ်တော့ ခရီးစထွက်ရမှာလဲ''

''မနက်ဖြန်မနက်စောစော ထွက်လိုက်၊ မင်းအတွက် အကူတပည့်တွေပါ ပါလိမ့်မယ်၊ ရော့ ... ဒါယူသွား''

စောမင်းနိုင်က သူ၏အင်္ကျီရင်ဘတ်ကြားထဲမှ တစ်စုံတစ်ရာကို ဆွဲထုတ်ပေး၏။ မည်းနက်နေသော လျှူဂါအော်တိုမက်တစ်ပစ္စတိုလေးပင် ဖြစ်သည်။

''ကျည်အပြည့်ထည့်ထားတယ် ... လိုရင်သုံး၊ မင်းသေနတ်ပစ်ဖူးတယ်မဟုတ်လား''

ချစ်သွေးက ခေါင်းညိတ်ပြလိုက်ပြီး လျှူဂါပစ္စတိုကို





လက်ထဲ၌ ဆကြည့်နေ၏။ စောမင်းနိုင်က ပိုက်ဆံတစ်ထပ်ကိုပါ ထုတ်ပေးပြီး ...

''ငါ တာဝန်ကျေတာပဲ လိုချင်တယ်၊ မြင်းသုံးစီး ယူသွား''

''ကောင်းပြီလေ''

ချစ်သွေးက လျှူဂါပစ္စတိုကို ခါးနောက်တွင် ထိုးလိုက်ပြီး ဂျပ်ခုတ်အင်္ကျီကို အောက်သို့ ဆွဲဆန့်ကာ သေနတ်ဒင်ကို ဖုံးလိုက်ရ၏။

''ကဲ ... မင်း သွားနိုင်ပြီ''

ထိုအခါမှ ချစ်သွေးလည်း စံအိမ်ကြီး၏အပေါ်ထပ်မှ တစ်လှမ်းချင်း ဆင်းလာခဲ့ပါတော့သတည်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

အန္တရာယ်နယ်မြေ

မရဏည

ချယ်ရီမြိုင်၏လျှို့ဝှက်ချက်

ဝိညာဉ်မြို့

www.burmeseclassic.com

www.burmeseclassic.com

ဝက/၁၆၃၈

အခန်း (၂)

## အန္တရာယ်နယ်မြေ

ချယ်ရီနံ့သာမှ ထွက်လာတော့ နှင်းပင်မကွဲသေး။ သူတို့မှာ မြင်းသုံးစီးအပြင် လားနှစ်ကောင်ပါ ပါ၏။

လားနှစ်ကောင်၏ ဘေးတစ်ဖက်တစ်ချက်တွင် ပစ္စည်းအပြည့်ဖြင့် တောင်းကြီးများကို ချိတ်ဆွဲထားသည်။ ကုန်ရောင်းကုန်ဝယ်သွားသည့်ပုံစံဖြစ်အောင် ဖန်တီးထားခြင်းဖြစ်၏။

ပန်ဖန်းက နယ်စပ်နှင့်ဆက်သွယ်မှုရှိသော ရွာငယ်လေးဖြစ်သဖြင့် နယ်စပ်ကုန်သည်ပုံစံဖမ်းပြီး ချစ်သွေးတို့ခရီးနှင်ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီနှံ့သာမြို့မှအထွက် လမ်းဘေးခါတ်ဆီအရောင်းဆိုင်ငယ်လေးရှေ့တွင် ရပ်ထားသော ဆိုင်ကယ်နံဘေး၌ ခါးထောက်ရပ်ကြည့်နေသည့် ဆံပင်ကုပ်ဝဲနှင့် လူငယ်တစ်ဦးကို ချစ်သွေး သတိပြုလိုက်မိ၏။

သက္ကလတ်ဘောင်းဘီရှည်နှင့် ဖရေဇာကုတ် ဝတ်ဆင်ထားပြီး မြင်းစီးဦးထုပ်ဆောင်းထားသည့် ထိုလူငယ်က သူ့ကို စူးစူးရဲရဲ ကြည့်နေသည်။

''ဟို ချာတိတ်ပါလား''

မြင့်မိုရ်ဦးကည်းခိုခန်းမှာ တည်းသည်ဆိုသော ဝဏ္ဏဆိုသည့် ဂျစ်ကန်ကန်လူငယ်ဖြစ်၏။ သူကလည်း ချစ်သွေးကို မှတ်မိပုံရကာ မိုက်ကန်းကန်းကြည့်နေ၏။ သည်တစ်ခါတော့ သူ့ဘော်ဒီဂတ်များ ဖြစ်ဟန်တူသည့် ခေါင်းတုံးရော ပိုနီတေးဆံပင်နှင့်လူပါ မတွေ့ရချေ။

သူက ရွဲ့ချင်စိတ်ဖြစ်ပေါ်လာသဖြင့် မျက်စိတစ်ဖက်မှိတ်ပြလိုက်တော့ ကောင်လေး ဒေါကန်သွားပုံရပြီး လက်သီးဆုပ်ထောင်ပြသည်။

ချစ်သွေးက မြင်းကို ခွာချက်မှန်မှန်ဖြင့် နှင်ရင်း အသံထွက်အောင် ရယ်လိုက်မိသည်။

ခု နစ် စဉ် ကြယ် တာ ပေ



တောင်ဆင်းတောင်တက်ခရီးမို့ ခရီးက သိပ်မတွင်လှချေ။ တစ်နေကုန် ခရီးနှင်ကြပြီး ဓနုတိုင်းရင်းသားရွာလေးတစ်ရွာတွင် တစ်ညတာ နားခိုရသေး၏။

နံနက်လင်းလျှင် ထိုရွာမှထွက်ပြီး မြေပုံကိုကြည့်ကာ တောင်ကြားလမ်းများ၊ တောင်ပတ်လမ်းများ၊ ကမ်းပါးစွန်းများကို ခက်ခက်ခဲခဲ ဖြတ်သန်းပြီးမှ မွန်းလွဲသုံးနာရီခန့်တွင် ပန်ဖန်းရွာသို့ ရောက်ရှိသွားတော့သည်။

ခရီးလမ်းက ကြမ်းတမ်းလွန်းပြီး အန္တရာယ်များလှသလို ရွာဆက်ပြတ်သဖြင့် တောကြီးမျက်မည်းကို ဖြတ်သန်းရသည့် နယ်ဖြစ်နေရာ အရှေ့ဘက်ဒေသများမှ ပန်ဖန်းကို လာရောက်ရန် မလွယ်လှချေ။

ချစ်သွေး၏နောက်လိုက်နှစ်ယောက်ဖြစ်သော အုံ့နောင်နှင့် နော်တူးတို့မှာ အသက် ၁၈–၁၉ ခန့်မျှသာရှိသော တိုင်းရင်းသားလူငယ်လေးများဖြစ်၏။

သူတို့က သန်မာဖျတ်လတ်ပြီး ရေစိမ်ကျွဲလို အကြမ်းပတမ်းခံသူလေးများ ဖြစ်သည်။ သို့ကြောင့်လည်း စောမင်းနှင့်အာ စိတ်ကြိုက်ရွေးချယ်ထည့်ပေးလိုက်ခြင်း ဖြစ်ပုံရ၏။ သူတို့သည် စကားနည်းပြီး အမိန့်နာခံတတ်သူများလည်း ဖြစ်သည်။

ခု နစ် စဉ် ကြယ် တာ ဆေ

www.burmeseclassic.com

www.burmeseclassic.com



ပန်ဖန်းကား ရွှေလီမြစ်ကမ်းပါးမှာ မေးတင်ထားသော ရွာလေးဖြစ်၏။

အိမ်ခြေသုံးလေးဆယ်ခန့်သာရှိပြီး အိမ်ကြီးအိမ်ကောင်းဆို၍ ရွာလူကြီး၏ နှစ်ထပ်တိုက်အိမ်အိုကြီးသာ ရှိသည်။

ရွာလူကြီး၏အိမ်ဆီ တန်းသွားပြီး သစ်ပြားများဖြင့် ကာရံထားသည့် ဝင်းခြံကြီးထဲဝင်လာခဲ့သည်။

တိုက်အိမ်အိုကြီး၏ရှေ့ ဘေးဘက်ရှိ သစ်ပင်ရိပ်အောက်တွင် အပေါ်ပိုင်းကိုယ်ဗလာနှင့် ရှမ်းဘောင်းဘီရှည်ဝတ် လူငယ်တစ်ဦးကို တွေ့ရ၏။

ထိုလူငယ်က ထင်းခြမ်းများပေါက်နေရာမှ ရပ်လိုက်ပြီး ပေါက်ဆိန်ကို လက်မှာကိုင်လျက်သားဖြင့် ချစ်သွေးတို့ကို စူးစမ်းသလို ကြည့်နေ၏။

ချစ်သွေးက မြင်းပေါ်မှ ဆင်းလိုက်ပြီး ...

''ကျုပ်တို့ ကုန်သည်တွေပါ၊ မိုင်းတပ်ဘက်က လာတာပါ၊ ရွာလူကြီးနဲ့ တွေ့ချင်တယ်''

ထိုလူငယ်က ပေါက်ဆိန်ကိုချထားခဲ့ပြီး ချစ်သွေးတို့ကို လက်ကာပြကာ ...

''ဒါဆို ခဏစောင့်ပါ''





ဟုပြောလျက် တိုက်အိမ်ကြီးထဲသို့ ဝင်သွားလေသည်။

ချစ်သွေးက တိုက်အိမ်ကြီးကို အကဲခတ်ကြည့်လိုက်သည်။ ပေါ်တီကို၊ ဝရန်တာတို့ မရှိဘဲ တုံးတိကြီးဆောက်ထားသည့် တိုက်အိုကြီးက ဂိုဒေါင်ကြီးတစ်လုံးနှင့် ပိုတူနေ၏။

ခဏအကြာတွင် လူငယ်ထွက်လာပြီး ...

''အိမ်ထဲဝင်သွားပါ ... ဆရာနဂါး ရှိပါတယ်''

ဟု ပြောပြီးနောက် ထင်းခြမ်းများကို ဆက်ခွဲနေတော့၏။

တိုက်အိမ်ကြီးရှေ့ ဝဲဘက်မှ မြင်းချည်တိုင်တို့တွင် မြင်းတွေရော လားတွေပါ ချည်ပြီးနောက် အိမ်ကြီးထဲ ဝင်လာခဲ့သည်။

သစ်သားကုလားထိုင် သုံးလေးလုံးနှင့် သစ်သားဗီရိုတစ်လုံးသာရှိသော ဧည့်ခန်းမကြီး၏ထိပ်မှ ကျွန်းထိုင်ခုံကြီးတွင် အသက်လေးဆယ်ကျော်ခန့် လူဝဝခုံခုံ တစ်ဦးထိုင်နေ၏။

ထိုလူက ပါးစောင်တွင်ခဲထားသော ဆေးတံကို ချွတ်လိုက်ပြီးလျှင် ဖိတ်မန္တကပြုလေသည်။

''လာပါ ... ကြွကြွပါ၊ ကျုပ်က ဒီရွာရဲ့ ရွာသူကြီး ဇော်နဂါးပါ''

ချစ်သွေးတို့က ကုလားထိုင်တို့တွင် ဝင်ထိုင်[illegible]၏။

''ဟုတ်ကဲ့ ... ကျုပ်နာမည်က ဇော်ရဲ[illegible] သူက အံ့



www.burmeseclassic.com

www.burmeseclassic.com



နောင်၊ သူက နော်တူး၊ ဒီဘက်လမ်းကြောင်းကနေ ကုန်မသွယ်ဖူးလို့ စမ်းသပ်ကုန်သွယ်ကြည့်မလို့ မိုင်းတပ်ကနေ လာခဲ့တာပါ''

ဇော်နဂါးက ဆေးတံကြီးကို ပြန်ခဲရင်း ချစ်သွေးဝဲ့ကို အကဲခတ်သလို အတန်ကြာကြည့်နေ၏။ ပြီးမှ နှုတ်ခမ်းမွေးနှစ်ဖက် ကားတက်သွားအောင် ပြုံးလိုက်ပြီး ...

''အင်း ... ကျုပ် ဘာကူညီရမလဲ''

ဟု မေးလိုက်လေ၏။

''ကျုပ်တို့နဲ့အတူပါလာတဲ့ကုန်တွေက အောက်ဘက်ပြည်မကနေ တကူးတကမှာခဲ့ရတဲ့ ငါးခြောက်ငါးခြမ်းတွေနဲ့ ပုစွန်ခြောက်တွေပါပဲ၊ ဈေးကောင်းစောင့်ရောင်းချင်လို့ ဒီရွာမှာ တစ်ညတန်သည်, နှစ်ညတန်သည် တည်းချင်ပါတယ်၊ ဖြစ်နိုင်ရင် ရွာလူကြီးရဲ့အိမ်မှာ တည်းပါရစေ၊ တည်းခိုခလည်း ပေးပါ့မယ်''

''ဩော် ဟော် ... ရပါတယ် တည်းပါ၊ ဒီရွာရောက်လာတဲ့ ကုန်သည်မှန်သမျှ ကျုပ်ဆီမှာပဲ တည်းကြတာပါပဲ''

ရွာလူကြီးဇော်နဂါးက လိုက်လျောဖော်ရွေစွာပြောရင်း လက်ခုပ်တီးလိုက်ရာ အိမ်ကြီး၏နောက်ဘက်မှ ဆံပင် ခပ်ရှိုင်းရှိုင်းနှင့် ညိုညိုထွားထွား လူငယ်တစ်ဦးထွက်လာ၏။





''ဟေ့ အိုက်ပန် ... ဧည့်သည်တွေကို နောက်ဘက်အဆောင်ကအခန်းမှာ နေရာချထားပေးလိုက်''

အိုက်ပန် နေရာချထားပေးသည့်အခန်းက အတော်ကျယ်ကျာ ပြတင်းနှစ်ပေါက်ပါသဖြင့် လေနှင့်အလင်းရောင်ကောင်းစွာ ဝင်၏။

ချစ်သွေးက ကြမ်းပြင်တွင် ခင်းထားသော ဖျာကြမ်းပေါ်ထိုင်ကာ စီးကရက်တစ်လိပ် ထုတ်သောက်လျက် အပန်းဖြေလိုက်သည်။

''အင်း ... ဇော်နဂါးဆီတော့ ရောက်ပြီ၊ ကျောက်ရဲ့အတွက် ဆက်လှုပ်ရှားဖို့ပဲ ကျန်တော့တယ်''

လားများပေါ်မှ ကုန်ခြင်းတောင်းတို့ကို အုံနောင်တို့က သယ်လာပြီး အခန်းထောင့်တစ်ထောင့်မှာ ထောင်ထားလိုက်ကြ၏။

''ကဲ ... မင်းတို့လည်း အေးအေးဆေးဆေး နား၊ ရွာထဲလျှောက်ကြည့်ချင်လည်း ကြည့်၊ ညနေစာကတော့ နောက်မှကြည့်စီစဉ်ကြတာပေါ့''

ချစ်သွေး ခဏနားပြီးနောက် အိမ်နောက်ဘက်သို့ ထွက်လာခဲ့၏။ စကြံလမ်းအတိုင်း သူလျှောက်လာရာ မီးဖိုဆောင်



www.burmeseclassic.com

www.burmeseclassic.com



မရောက်မီတွင် သော့ခတ်ထားသည့် အခန်းကြီးနှစ်ခန်းကို ကျော်ဖြတ်ခဲ့ရသည်။

မီးဖိုဆောင်ထဲတွင် အိုက်ပန်နှင့်တိုင်းရင်းသား အမျိုးသမီးကြီးတစ်ဦးကို တွေ့ရ၏။ အမျိုးသမီးကြီးက ထမင်းအိုးကို ထင်းမီးဖိုနှင့် တည်နေပြီး အိုက်ပန်က ဂေါ်ရခါးသီးတို့ကို စားပွဲဝိုင်းလေးပေါ်တွင် တင်လှီးနေ၏။

အိုက်ပန်က ချစ်သွေးကို လှည့်ကြည့်ပြီး ...

"အစ်ကိုတို့ ညစာမချက်နဲ့၊ ဆရာနဂါးက အစ်ကိုတို့ကို ဒီညနေစာကျွေးဖို့ မှာထားတယ်"

ဟုပြောလိုက်ရာ ချစ်သွေးက ပြုံးလိုက်ပြီး ...

"ကောင်းတာပေါ့၊ ဒါထက် ဒီကို ဧည့်သည်တွေ မကြာခဏ ရောက်တတ်သလားကွ"

ဟု မေးမြန်းလိုက်လေသည်။

"မကြာခဏတော့ မလာတတ်ဘူးဗျ၊ နွေတို့ ဆောင်းတို့မှာပဲ လေးငါးဆယ်ဖွဲ့လောက် လာတယ်၊ များသောအားဖြင့် မိုင်းနားတို့ မိုင်းတပ်တို့ဘက်က လာကြတယ်၊ မကြာခင် မိုးကျတော့မယ်၊ အစ်ကိုတို့က နောက်ဆုံးကုန်သည်တွေ ဖြစ်မယ်ထင်တယ်"





အိုက်ဖန်က စကားပြောပြေပြစ်သည်။ သူ့ကိုပေါင်းပြီး စကားနှိုက်လျှင် ရနိုင်ကြောင်း ချစ်သွေး အကဲခတ်မိ၏။

ချစ်သွေးက နောက်ဖေးတံခါးပေါက်မှထွက်ကာ ခြံနောက်ပိုင်းကို လေ့လာကြည့်လိုက်သည်။

ကျယ်ဝန်းသောခြံကျယ်ကြီး၏ နောက်ဘက်စွန်း ထောင့်နားမှ ဝါးရုံတောနောက်တွင် ဂိုထောင်ငယ်လေးတစ်လုံးကို တွေ့ရ၏။

ချစ်သွေးက ဝါးရုံကိုပတ်လျက် လျှောက်သွားလိုက်ကာ ဆယ့်ငါးပေပတ်လည်ခန့်ရှိပြီး ဆယ်ပေခန့်မြင့်သည့် အလုံပိတ်ဂိုထောင်ငယ်ကို ကွေ့ပတ်ကြည့်လိုက်လေသည်။

ယင်းဂိုထောင်ငယ်မှာ သွပ်မိုးသွပ်ကာဖြစ်ပြီး ဝင်ပေါက်ကို သစ်သားတံခါးရွက်ဖြင့် ပိတ်ကာ သော့ခလောက်တွဲလောင်းခတ်ထား၏။

ဟိုသည်လေ့လာကြည့်ရှုပြီးနောက် ချစ်သွေး အိမ်ကြီးဘက်သို့ ပြန်လျှောက်လာတော့ ခြံနောက်ပိုင်းသို့ အမှိုက်ပစ်ရန် အမှိုက်တောင်းကိုမ,လာသည့် အိုက်ပန်နှင့်ဆုံသည်။

သူက အိုက်ပန်ကိုပြုံးပြပြီး စံအိမ်ကြီး၏ဘေးဘက်မှ ပတ်ထွက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူခြံဘေးရှိ သစ်တိုပင်ကြီးအောက်မှ ဝါးကွပ်ပျစ်တွင် ထိုင်ရင်း စီးကရက်သောက်နေစဉ် အံ့နှောင်နှင့်နော်တူးတို့ ခြံ ရှေ့မှ ဝင်လာသည်ကို တွေ့ရသည်။

သူတို့က သူ့ဆီ လျှောက်လာကြပြီး ဝါးကွပ်ပျစ်မှာ ဝင်ထိုင်လိုက်ကြ၏။

''မင်းတို့ ရွာထဲသွားတာလား''

''ဟုတ်တယ်အစ်ကို ... ကျွန်တော်တို့ ရွာထိပ်လည်း ရောက်ခဲ့တယ်''

ချစ်သွေးက တိုက်အိမ်ကြီးဘက်သို့ လှမ်းကြည့် အကဲ ... ခတ်လိုက်ပြီးနောက် တိုးတိုးမေးသည်။

''ကျောက်ရံရဲ့သတင်း ဘာကြားသလဲ''

အံ့နှောင်က ခပ်တိုးတိုးပြန်ပြော၏။

''လွန်ခဲ့တဲ့နှစ်လလောက်က ကိုကျောက်ရံနဲ့တူတဲ့ လူ တစ်ယောက် ဒီရွာရောက်လာတာကို တွေ့တဲ့လူက တွေ့တယ်တဲ့ အစ်ကို''

''ဒါဆို ကျောက်ရံ ဒီရွာကိုရောက်လာခဲ့တာတော့ သေ ချာပြီပေါ့''

''ဟုတ်တယ် ... တွေ့တဲ့သူတွေက မြစ်ကမ်းနားမှာ





ငါးရှာနေတဲ့သူနှစ်ယောက်ပဲ၊ သူတို့ကို ဆေးလိပ်တိုက် မိတ်ဖွဲ့ပြီး စုံစမ်းကြည့်တာ''

''အေး ... ကောင်းတယ်၊ နောက် ဘာသိသေးသလဲ''

''သူတို့ ညနေဘက် မြစ်ထဲပိုက်ချဖို့ထွက်လာတုန်း ရွာထဲ မြင်းတစ်စီးနဲ့ဝင်လာတဲ့ မျက်နှာစိမ်းကို ရွာလမ်းမှာတွေ့ရ တယ်တဲ့၊ သူတို့ပြောတဲ့ ရုပ်ရည်ပုံပန်းသဏ္ဌာန်အရဆိုရင် ... ကိုကျောက်ရံပဲ ဖြစ်မှာသေချာတယ်''

''ဟုတ်ပြီ တွေ့ပြီးတော့''

''အဲဒီညနေဘက်က အဲဒီလူကိုတွေ့ရပြီး နောက်နေ့က စပြီး မတွေ့ရတော့ဘူးတဲ့၊ အဲဒီလူစီးလာတဲ့မြင်းကိုတော့ ခြံထဲက ချည်တိုင်မှာ နောက်နေ့တစ်နေ့လုံး တွေ့နေရတယ်တဲ့ ...၊ အဲ ... နောက်နှစ်ရက်လောက်နေတော့ ပိုင်းဝိုးဘက်က မြင်းကုန်သည်တွေ လာပြီး အဲဒီမြင်းကို ဆွဲသွားတာ တွေ့ရတယ် တဲ့''

လူကိုသတ်ပြီး မြင်းကို အစဖျောက်လိုက်ပြီဖြစ်ကြောင်း သေချာပြီ။

''မင်းတို့ကြားတာ ဒါပဲလား''

''ဟုတ်တယ်''



www.burmeseclassic.com

www.burmeseclassic.com



''အေး . . . ကျောက်ရုံကို အပြတ်ရှင်းလိုက်တာ သေချာပြီ၊ အတော်ရက်စက်တဲ့လူတွေပဲ၊ ငါတို့လည်း သတိ ဝီရိယရှိရှိ နေရမယ် . . . ကြားလား၊ ဒီပန်ဖိန်းဟာ ငါတို့အတွက် တကယ့် အန္တရာယ်နယ်မြေပဲ''

''ဟုတ်ကဲ့အစ်ကို''

''ဒါထက် မင်းတို့က ချယ်ရီနံ့သာသားတွေပဲလား''

ချစ်သွေးက သည်ချာတိတ်နှစ်ယောက်ထံမှ စောမင်းနိုင်နှင့် နွဲ့လေးရီတို့အကြောင်း စကားနှိုက်ထုတ်ရန် အစပျိုးလိုက်၏။

''အံ့နောင်က နမ္မတူဘက်က၊ ကျွန်တော်က မိုင်းနှင်းဘက်ကပါ''

''ဘယ်လိုကဘယ်လို ကိုစောမင်းနိုင်ဆီမှာ အလုပ်ဝင်လုပ်ဖြစ်တာလဲ''

''ကျွန်တော်တို့က နမ္မတူဘော်တွင်းမှာ အလုပ်ဝင်ခဲ့ကြတာပါ အစ်ကို''

''ဪ''

''အဲဒီမှာလုပ်တာ မြေပြို၊ တွင်းပြိုနဲ့ အန္တရာယ်များသလောက် လစာက နည်းလွန်းတာနဲ့ စိတ်ပျက်နေတုန်း လစာကောင်းကောင်းရမယ်၊ စားဝတ်နေရေးလည်း တာဝန်ယူမယ်၊





စွန့်စားတဲ့အလုပ်တော့ လုပ်ရမယ်ဆိုပြီး ပွဲစားတစ်ယောက်က လာပြောတာနဲ့ ကျွန်တော်တို့ သူငယ်ချင်းလေးယောက် ချယ်ရီနံ့သာဆီ လိုက်လာကြတာပါ''

''လေးယောက် . . . ဟုတ်လား၊ ဒါဖြင့် နောက်နှစ်ယောက်ရော''

''ဒီကျတော့ ဆရာစောမင်းနိုင်က အရည်အချင်း စစ်တယ်လေ အစ်ကို''

''ဟုတ်ပြီ . . . ဘယ်လို အရည်အချင်းစစ်တာလဲ''

''ချရတာ . . . ကိုကြိုးထုံးနဲ့ရော ကိုဘရှားနဲ့ရော''

''မင်းတို့ ခံရတယ်ပေါ့''

''ဘာပြောကောင်းမလဲ . . . မရှုမလှဘဲ၊ ကျွန်တော်တို့ သုံးရက်လောက် ဆန်ပြုတ်သောက်ရတယ်၊ ကိုဘရှားရဲ့လက်သီးစာ ပါးစောင်မှာ မိသွားလို့''

အံ့နောင်က ပြောရင်းပြုံးသည်။ ချစ်သွေးသည်း ပြုံးလိုက်မိပြီး . . .

''မင်းကရော နော်တူး''

''ကျွန်တော်က ကိုကြိုးထုံးရဲ့ ခြေကန်ချက်ပြီး ဆယ်မိနစ်လောက် မထနိုင်ဖြစ်သွားတယ် အစ်ကို''



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား . . . အေးပေါ့လေ မင်းတို့က ကလေးသာသာ ရှိသေးတာပဲ၊ သူတို့ကို ဘယ်ယှဉ်နိုင်မှာလဲ၊ ဒါတောင် မင်းတို့ကို စောမင်းနိုင်က ရွေးလိုက်တယ်ပေါ့"

"ဟုတ်တယ်အစ်ကို၊ ကျွန်တော်တို့က သူ့လူတွေကို မနိုင်ပေမယ့် သတ်လုံးသတ်ပေါက်ကောင်းတယ်, သက်လုံကောင်းတယ်, ဖွံ့သတ္တိရှိတယ်ဆိုပြီး ရွေးလိုက်တာ၊ အလုပ်ခန့်လိုက်တာပါ အစ်ကို"

"နောက်နှစ်ယောက်ကိုတော့ မခန့်ဘူးပေါ့"

"ဟုတ်တယ်အစ်ကို၊ အဲဒီကောင်နှစ်ကောင်က ကျွန်တော်တို့ထက် လူကောင်ကြီးပေမယ့် သတ္တိမရှိလှသလို ရှုံ့တွန့်တွန့်နဲ့မို့ အလုပ်မခန့်တာဘဲ၊ သူတို့ကို ဆရာစောမင်းနိုင်က လမ်းစရိတ်ပေးပြီး ပြန်လွှတ်လိုက်တယ်"

အံ့နောင်နှင့်နော်တူးမှာ တကယ်လည်း သတ္တိကောင်းကြပုံရ၏။

"အင်း . . . ဒီကောင်လေးတွေနဲ့ငါဟာ တစ်နေ့ကျရင် ရန်သူဖြစ်သွားနိုင်တယ်၊ သူတို့ဟာ သူတို့ရဲ့အလုပ်ရှင် စောမင်းနိုင်အပေါ် သစ္စာရှိမှာ သေချာတယ်၊ ဒါကြောင့် သင်းတို့ဟာ ငါ့ရဲ့ရန်သူဖြစ်လာမှာ သေချာတယ်"





ရိုးသားဖြူစင်ဟန်ရှိကြသော်လည်း သစ္စာလည်းရှိမှာ သေချာသည့် သည်လူငယ်နှစ်ဦးကို စေ့စေ့ကြည့်ရင်း ချစ်သွေး သက်ပြင်းမောချလိုက်မိပါတော့သတည်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## မရဏည

ထိုနေ့ညက ညစာကို အိုက်ဖန်က စီစဉ်ကျွေးမွေးလေသည်။

''မင်းရဲ့ဆရာရောကွ အိုက်ဖန်''

''ဆရာက အပေါ်ထပ်က သူ့အခန်းမှာပဲ စားတယ် အစ်ကို၊ အစ်ကိုတို့ကို ညှော်ခံကျွေးမွေးဖို့ ကျွန်တော်ကပဲ တာဝန်ယူထားရတယ်''

''ဪ ... အေး''

''နောက်နေ့တွေမှာတော့ အစ်ကိုတို့မှာ ရိက္ခာပါရင်





ကိုယ့်ဘာသာ မီးဖိုဆောင်မှာ ချက်ပြုတ်စားလို့ ရတယ်အစ်ကို၊ ဒီမှာလာတည်းတဲ့ ကုန်သည်အဖွဲ့တွေကတော့ သူတို့ဘာသာ ချက်စားကြတာပဲ''

''ရပါတယ်ကွာ ... တို့လည်း မနက်ဖြန်တော့ ကိုယ့်ဘာသာ ချက်စားပါ့မယ်၊ အိမ်ရှင်တွေကို ဒုက္ခပေးသလို ဖြစ်တာ မကောင်းပါဘူး၊ မင်းတို့က ညှော်ဝတ်ကျေပါတယ်၊ ဒါပေမဲ့''

''ဟုတ်ကဲ့ ... ပြောပါအစ်ကို''

''မင်းတို့ရဲ့ဆရာကို တို့တွေက အိမ်ရှင်အဖြစ်နဲ့ လေးလေးစားစားဆက်ဆံပြီး အေးအေးဆေးဆေးစကားပြောချင်တာကွ''

''အဲဒါတော့ ခွင့်လွှတ်ပါအစ်ကို၊ ဆရာက သူ့ဘာသာ အေးအေးဆေးဆေး နေလေ့ရှိလို့ပါ''

''ဟုတ်ပါပြီ ဟုတ်ပါပြီ ... ဒါထက် အုပ်စုလိုက် လာတည်းတဲ့သူတွေက သူ့ဘာသာချက်ပြုတ်စားကြတယ်ဆိုတော့ တစ်ယောက်ချင်းလာတည်းတဲ့သူကျတော့ရော မင်းတို့ကပဲ ချက်ကျွေးသလား၊ သူ့ဘာသာ ချက်စားသလား''

''တစ်ယောက်တည်းလာတည်းသူက မရှိမှုရှိတာဘဲ အစ်ကိုရဲ့၊ ကုန်သည်တွေဆိုတာ အစ်ကိုတို့လိုပဲ အနည်းဆုံး လေးယောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်တွဲလာကြတာ၊ တစ်ခါတလေ မိန်းမတွေတောင်ပါလာသေး''

''လွန်ခဲ့တဲ့ နှစ်လလောက်ကတော့ မင်းတို့ဆီမှာ လူတစ်ယောက်လာတည်းဖူးတယ်ဆိုကွ အိုက်ဖန်ရဲ့''

သူ့စကားအဆုံးဝယ် အိုက်ဖန်မျက်နှာ ကွက်ခနဲပျက်သွားသည်ကို သတိပြုမိ၏။

သူက သက်ပြင်းချပြီး ...

''ဟုတ်ပါတယ် အစ်ကို၊ ဒါပေမဲ့ သူက တစ်ရက်တည်းတည်းတာပါ''

''ဩော် ... ဒီလိုလား၊ ဒါထက် ငါ့ညီ ... ဒီခြံရဲ့နောက်ပိုင်းက ဂိုထောင်ဟောင်းလေးက ဘာဂိုထောင်လဲကွ''

''အဲဒါ အရင်က ဆရာ့ရဲ့အဖေ ဖိုထိုးတဲ့ ဖိုရုံပါ အစ်ကို''

''ဩော် ... ဟုတ်လား''

''ဟုတ်တယ် အစ်ကို၊ ဆရာကတော့ အင်္ဂရတ်တွေ့ဘာတွေ ဝါသနာမပါလို့ ဖိုရုံကိုပိတ်ထားလိုက်တာ ကြာပါပြီ''

'''အဲဒီဖိုရုံထဲ မင်းဝင်ဖူးလား''

''ဝင်ဖူး အဲ ... မ မဝင်ဖူးပါဘူး အစ်ကို''

မျက်နှာပျက်ကာ စကားအမှားမှားအယွင်းယွင်း ဖြစ်သွားသည့် အိုက်ဖန်ကိုကြည့်ပြီး ချစ်သွေး၏ရင်ထဲ၌ သံသယများ





ကြီးထွားလာတော့၏။ ထို့ကြောင့် စကားမြားတစ်စင်း ထပ်ပစ်လိုက်သည်။

''အစ်ကိုက အင်္ဂရတ်ပညာကို စိတ်ဝင်စားတယ်ကွာ၊ ဝင်ကြည့်လေ့လာလို့ မရဘူးလား''

''အဲ ... မရဘူးအစ်ကို၊ အဲဒါက ဆရာနဂါးတို့ရဲ့ ဘိုးဘွားဘီဘင်မျိုးနွယ်တို့ရဲ့ သီးသန့်နေရာပါ၊ သူစိမ်းဝင်ခွင့်မရှိပါဘူး''

''ဩော် ... ဒီလိုလား၊ အေးပေါ့ကွာ၊ အဲလိုဆိုတော့လည်း ဘာတတ်နိုင်မှာလဲ''

ထို့နောက် ချစ်သွေးက ဘာမျှထပ်မပြောတော့ဘဲ ထမင်းကိုသာ ဆက်စားနေလိုက်ပါတော့သတည်း။

✡

နောက်နေ့နေ့လယ်တွင် ဇော်နဂါး ဆေးတံကြီးခဲလျက် အိမ်ပေါ်ထပ်မှ ဆင်းလာသည်ကို တွေ့ရ၏။

''ဘယ်လိုလဲ ညွှသည်တော်ကြီး ... [illegible]ရေးဝယ်



www.burmeseclassic.com

www.burmeseclassic.com



တာ အဆင်ပြေပြီလား''

''အဆင်မပြေသေးပါဘူးဗျာ၊ ကျုပ်ရဲ့တပည့်နှစ်ယောက်ကိုတော့ ကမ်းနားဆင်းပြီး ကုန်သည်မော်တော်တွေအလာမှာ ဈေးစပ်နိုင်းထားတယ်၊ ခင်ဗျားရဲ့အိမ်မှာ တည်းခိုရတာ အားနာပါတယ်ဗျာ၊ မကြာခင် အဆင်ပြေသွားမှာပါ''

''ရပါတယ် ... ဘယ်နှရက်တည်းတည်း အားနာစရာမလိုပါဘူး၊ တည်းခိုခတတ်နိုင်ရင်တော့ နှစ်ပေါက်တဲ့အထိ နေဗျာ၊ ကျုပ်ဘက်ကတော့ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဆိုသလိုပဲ ကြာကြာတည်းခိုလေ သဘောကျလေပဲဗျို့ ... ဟားဟား ဟား''

ရယ်ရွှန်းပတ်ရွှန်းပြောရင်း ညှော်ခန်းကြီးထဲမှ ကုလားထိုင်တို့တွင် မျက်နှာချင်းဆိုင် ထိုင်ဖြစ်ကြ၏။

''ဒါထက် တစ်ခုမေးချင်တယ်ဗျာ''

''မေးပါ မေးပါ''

''ဒီခြံနောက်ပိုင်းက ခင်ဗျားရဲ့ ဖိုရုံလေးထဲ ဝင်ပြီး လေ့လာကြည့်လို့ မရဘူးလားဗျ''

ဇော်နဂါးက မျက်ခုံးပင့်လိုက်၏။

''ဩော် ... ဒါလား၊ ဟဲ ဟဲ ... ခင်ဗျား လေ့လာချင်





တယ်ပေါ့၊ ရပါတယ်ဗျာ ... ခင်ဗျားတို့ မပြန်ခင်တစ်နေ့တော့ လေ့လာကြည့်ပေါ့၊ ခင်ဗျားတို့ရဲ့ကုန်တွေကို အရင်စွံအောင်ရောင်းပါဦးဗျာ၊ နောက်တော့ ဖိုရုံတံခါးကို ကျုပ် ဖွင့်ပေးပါ့မယ်၊ ခင်ဗျား လေ့လာရပါစေမယ် ... ဟဲ ဟဲ''

ထိုနေ့ညက ညစာထမင်းဝိုင်းမှာ အတော် ထူးခြား၏။ သူတို့ထမင်းဝိုင်းတွင် ဇော်နဂါးပါ ဝင်စားသဖြင့် ထူးခြားသည်ဟုဆိုရခြင်းဖြစ်သည်။ အိုက်ဖန်၏ပြောကြားချက်က သူတို့၏ဆရာသည် မည်သည့်အခါကမျှ ညှော်သည်များနှင့် တစ်ဝိုင်းတည်းစားလေ့မရှိဟု သိထား၏။

ထမင်းပိုင်းတွင် ချစ်သွေးတို့ချက်သော ဟင်းများရောအိုက်ဖန်တို့ချက်သည့် ဟင်းများပါ ပါသဖြင့် ဟင်းအမယ်စုံလှချေ၏။

သည့်အပြင် ဇော်နဂါးက မက်မန်းဝိုင်ဖြင့် ညှော်ခံသဖြင့် ထမင်းဝိုင်းက ပိုလို့ စိုပြည်လှသည်။

''ကဲ ... သောက်စရာရှိသောက်၊ စားစရာရှိ အားရပါးရ စားကြဗျာ၊ ကျုပ်ကတော့ ပောာဒီဝီစကီလေးပဲ နှစ်ခွက်လောက် မော့မယ်၊ ခွင့်လွှတ်နော်''

''ရပါတယ်ဗျာ ... ဒီလို မြိုင်မြိုင်ဆိုင်ဆိုင်စားသောက်



www.burmeseclassic.com

www.burmeseclassic.com



ရတာပဲ ကျေနပ်လှပါပြီ''

အိုက်ဖန်တို့ချက်သည့် တောင်ဆိတ်သားကင်နှင့် တော ကြောင်သားဆီပြန်ဟင်းက စား၍ကောင်းလှသလို မက်မန်းဝိုင်က လည်း သောက်၍ကောင်းလှ၏။

ထမင်းဝိုင်းတွင် ဇော်နဂါးက သူ၏ကျေးရွာမှ ရွာသူ ရွာသားတို့ ဖြစ်ပျက်ကြုံတွေ့သမျှကို ဟာသနှောကာ အူရှင်ရှင်ဖြင့် ပြောပြရာ ထမင်းဝိုင်းက စိုပြည်လျက်ရှိတော့သည်။

''တစ်ခါဗျာ တောလူဆိုတဲ့ ကျုပ်ရဲ့ရွာသားတစ်ယောက် ဟာ အင်မတန် သတိမေ့တတ်တယ်ဗျား၊ တစ်နေ့တော့ ဟိုဘက် ရွာကအပြန် ရွှေလီမြစ်ကို လှေကူးတို့နဲ့ ကူးလာပြီး ကျုပ်တို့ရွာ ဘက်လည်း ပြန်ရောက်ရော သူ့အိမ်သူ ဘယ်လိုပြန်ရမှန်း မသိ ဘူး၊ အိမ်ကို မမှတ်မိတော့ဘူး ဖြစ်နေတယ်၊ ဒါကြောင့် လှေ သမားကိုမေးတယ် သူ့အိမ် ဘယ်နားမှာရှိသလဲပေါ့၊ လှေသမား ကလည်း တစ်ရွာတည်းသားဆိုပေမယ့် တောလူရဲ့အိမ်ကို ဘယ်လိုညွှန်ရမှန်းမသိဘူး ...။

အဲဒီအချိန်မှာ မိန်းကလေးတစ်ယောက် တခြားလှေပေါ် က ဆင်းပြီး ကမ်းပေါ်တက်သွားတာတွေ့တော့ လှေသမားက တောလူကို အဲဒီကောင်မလေးရဲ့နောက်က လိုက်သွား၊ မျက်ခြည်





မပြတ်စေနဲ့၊ သူဝင်တဲ့အိမ်ရဲ့ဘေးအိမ်ဟာ ခင်ဗျားရဲ့အိမ်ပဲ ကိုတောလူလို့ ပြောလိုက်တယ် ...။

အဲဒီမှာတင် တောလူဟာ စောစောက နန်းတင်ဆိုတဲ့ ကောင်မလေးရဲ့နောက် ပြေးလိုက်တာပေါ့ဗျာ ...။

အဲဒီအခါ ကောင်မလေးက သူ့နောက်ကို အရူးယားဖား ယား ခပ်သုတ်သုတ်လိုက်လာတဲ့ တောလူကို သတိပြုမိသွား တော့ သူ့ကို တစ်ချချနှောင့်ယှက်မယ်ထင်ပြီး ခြေလှမ်းကို မြန်မြန် လှမ်းသတဲ့ဗျ၊ တောလူလည်း ကောင်မလေး မျက်ခြည်ပြတ် သွားမှာစိုးပြီး မပြေးရုံတမယ် နောက်ကလိုက်ပါလေရော ...။

ကောင်မလေးက လန့်သထက်လန့်လာပြီး ကျုပ်ရဲ့ခြံဝင်း ရှေ့လည်း ရောက်ရော ကျုပ်ကို ရွာသူကြီးဆိုပြီး အားကိုးတကြီးနဲ့ ခြံထဲ ဝင်လာသဗျ၊ အဲဒီအခါ တောလူက အေးအေးဆေးဆေးနဲ့ပဲ ကျုပ်အိမ်ရဲ့ဘေးက ခြံဝင်းထဲ ဝင်သွားပါရောဗျာ၊ လှေဆိပ်က လူက ကောင်မလေးဝင်သွားတဲ့အိမ်ရဲ့ ဘေးအိမ်ဟာ ခင်ဗျားရဲ့ အိမ်ပဲလို့ မှာလိုက်တာကိုး၊ အဲဒီလို မှာလိုက်တဲ့စကားကို မမေ့ အောင် တောလူက ပါးစပ်ကနေ တတွတ်တွတ်ရွတ်လာတာကိုး ဗျ ...။

ဖြစ်ချင်တော့ တောလူဝင်သွားတဲ့အိမ်က ရွာဆိ မကြာ



www.burmeseclassic.com

www.burmeseclassic.com



မီရက်ပိုင်းကမှ မန်းနားဘက်က ပြောင်းလာတဲ့ အပျိုကြီးသားအမိရဲ့အိမ် ဖြစ်နေတယ် …၊

တောလူက သူ့အိမ်လို့ထင်ပြီး အိမ်ပေါ်ကို တိုက်ရိုက်တက်သွားသတဲ့၊ အဲဒီအချိန်မှာ အပျိုကြီးက ရေချိုးမလို့ အဝတ်လဲနေတဲ့အချိန် တောလူက အိပ်ခန်းထဲပါ ဝေါက်လျှောက်ဝင်သွားတော့ အပျိုကြီးက လန့်အော်ပါလေရော …၊

အဲဒီအခါ တောလူက အပျိုကြီးကို သူ့မိန်းမလို့ပဲထင်ပြီး 'ဟဲ့ မိန်းမ … ငါ့များ တဈွေကျနေတာပဲ၊ ငါလည်း ပင်ပန်းလာတယ် နင်နဲ့အတူ ရေချိုးမယ်' ဆိုပြီး အင်္ကျီချွတ်သတဲ့၊ သူလည်း အင်္ကျီချွတ်ရော အပျိုကြီးက ပိုလန့်ပြီး 'အို … ဘယ်လိုလူလဲ အမေ့ပါလား … သွား သွား' ဆိုပြီး နှင်သတဲ့ …၊

အော်သံဟစ်သံတွေကြောင့် အပျိုကြီးရဲ့အမေက အိပ်ခန်းထဲ ပြေးဝင်လာတော့ ထဘီရင်ရှားထားတဲ့ သူ့သမီးနဲ့ အင်္ကျီချွတ်နေတဲ့ တောလူကိုတွေ့ပြီး ဘာပြောလို့ ပြောရမှန်းမသိဖြစ်နေသတဲ့ …၊

အဲဒီအချိန်မှာ တောလူက အဘွားကြီးကို သူ့ယောက္ခမထင်ပြီး 'ဟော … ယောက္ခမကြီးတောင် ရောက်နေပါလား' လို့ နှုတ်ဆက်မေးမြန်းပါရော၊ အဲဒီမှာတင် အပျိုကြီးက ပွက်





လောရိုက်အောင် အော်ဟစ်ပြီး 'ဒီမှာ လာကြပါဦး … လူတစ်ယောက် အိမ်ထဲဝင်လာပြီး သားပြောမယားပြော ပြောနေပါတယ်' လို့ ရပ်ရွာကို အကူအညီတောင်းတော့တယ် …၊

ကျုပ်တို့လည်း အော်သံကြားလို့ ပြေးသွားတဲ့အချိန်၊ ရွာသားတွေလည်း တုတ်တွေ၊ ဓားတွေနဲ့ စုဝေးရောက်လာပြီး တောလူကို ရိုက်မယ်တကဲကဲ ဖြစ်ကြတော့တာပေါ့ …၊

ဒါတောင် တောလူက အလျှော့မပေးဘဲ 'ဟေ့လူတွေ … ဒါ ဘာလုပ်ကြတာလဲ၊ ကျုပ်ရဲ့အိမ်ပေါ် ဘာဖြစ်လို့ စုပြုံတက်လာကြတာလဲ၊ ကျုပ်မိန်းမနဲ့ ကျုပ် ဘာမှ ပြဿနာမဖြစ်ဘူး၊ သူ လူမှားပြီးအော်နေတာ' လို့ ဟောက်လိုက်သေးတယ်၊

ဒီမှာတင် ကျုပ်က သူ့ကိုနားရင်းတစ်ချက်ရိုက်ပြီး 'ဟေ့ကောင် … ဒါ မင်းရဲ့အိမ်မဟုတ်ဘူး၊ မင်းရဲ့အိမ်က ရွာမြောက်ပိုင်းမှာ၊ ဒါလည်း မင်းရဲ့မိန်းမ မဟုတ်ဘူး၊ မျက်နှာကို သေချာကြည့်' ဆိုပြီး မာန်မဲရတော့တာပေါ့ …၊

အဲဒီတော့မှ တောလူက အပျိုကြီးဟာ သူ့မိန်းမ မဟုတ်ဘူးဆိုတာကို သတိထားမိသွားတော့တယ်၊ သူ့မိန်းမကလည်း သတင်းကြားပြီး လိုက်လာတယ်၊ အဲဒီတော့မှပဲ တောလူရဲ့ ထူးထူးခြားခြား မေ့တတ်မှုကြောင့် ဒီလိုဖြစ်ရတာဆိုပြီး အားလုံးက



www.burmeseclassic.com

www.burmeseclassic.com



တောလူကို ခွင့်လွှတ်လိုက်ကြရတော့တယ်''

''ဟား ဟား ဟား ... အတော်မေ့တတ်သူပဲဗျာ၊ ဖြစ်မှ ဖြစ်ရလေ''

ချစ်သွေးတို့သည် စကားပိုင်းဖွဲ့ရင်း ဇော်နဂါးတိုက်သည့် အရက်ကို တစွတ်စွတ်သောက်ကြရာ အတော်မူးလာတော့၏။ မကြာမီမှာပင် အားလုံး ခေါင်းစိုက်ကုန်ကြတော့သည်။

သတိလစ်ကာ လဲပြိုကျသွားသူတို့ကိုကြည့်ရင်း ဇော်နဂါးက အားပါးတရ ပြုံးလိုက်ပါတော့သတည်း။

✲

ချစ်သွေး သတိရလာတော့ စွတ်စိုထိုင်းမှိုင်း မှောင်မည်းနေသည့် မြေအောက်ခန်းတစ်ခုထဲ ရောက်နေတာကို သတိပြုမိသည်။

သူ့လက်နှစ်ဖက်ကို သံကြိုးတစ်ချောင်းဖြင့် လက်နောက်ပြန်ချည်ကာ သော့ခလောက်တစ်ခုနှင့် ခတ်ထားသည်ကို လက်ချောင်းများဖြင့် စမ်းသပ်ကြည့်ပြီး သိရ၏။





ချစ်သွေးက ဇော်နဂါးသည် ထင်ထားတာထက် ပိုမိုပါးနပ်ပြီး သူတို့ကို သည်လောက်မြန်မြန်ဆန်ဆန်ကြီး မယုံသင်္ကာဖြစ်သွားရသည်မှာ မည်သည့်အကြောင်းကြောင့်နည်းဆိုသည်ကို စဉ်းစားမရဖြစ်သွားသည်။

မည်သို့ဖြစ်စေ ...

ချစ်သွေးက အမှောင်ထဲမှာပင် မဲ့ပြုံး ပြုံးလိုက်မိပြီး သူ့ဘောင်းဘီအတွင်း လျှို့ဝှက်အိတ်ငယ်လေးထဲ လက်နှိုက်ကာ သံကွေးကွေးလေးတစ်ချောင်းကို ဆွဲထုတ်ယူလိုက်၏။

ထိပ်ဖျား၌ အနည်းငယ်ကောက်ထားသည့် ထိုသံချောင်းလေးကို သော့ခလောက်ထဲ ထိုးထည့်ကာ ဟိုဘက်သည်ဘက် အတန်ကြာ လှည့်လိုက်ရာ ...

'ချောက်'

သော့ပွင့်သွားပြီးသည်နှင့် သံကြိုးကို ဖြည်၍ရသွားလေသည်။

သူ့ဝဲဘက်ခြေထောက်ကိုလည်း သံကြိုးတစ်ချောင်းနှင့် ချည်ကာ သော့ခတ်ထားပြန်ရာ ထိုသော့ကိုလည်း ခဏအကြာမှာပင် ဖွင့်၍ရသွားတော့၏။

ထို့နောက် ...



www.burmeseclassic.com

www.burmeseclassic.com



သူက အပြင်မှ အလင်းရောင်လေး နည်းနည်းဝင်နေသည့် အက်ကွဲကြောင်းတစ်ခုရှိရာသို့ စမ်းစမ်း စမ်းစမ်းဖြင့် ချဉ်းကပ်သွားပြီး လက်ဖြင့် စမ်းသပ်ကြည့်လိုက်လေသည်။

"ဩော် ....ဒါ သစ်သားတံခါးချပ်ပဲ၊ အပြင်ကနေ ချက်ထိုးထားတာတို့, သော့ခတ်ထားတာတို့ မရှိဘူး၊ တော်သေးတာပေါ့"

ချစ်သွေးက သစ်သားတံခါးချပ်ကြီးကို အနည်းငယ် ဆွဲဖွင့်လိုက်ပြီးလျှင် အပြင်ဘက်သို့ ခေါင်းပြူကြည့်ကာ အကဲခတ်လိုက်၏။

အကျယ် သုံးပေအမြင့် လူတစ်ရပ်ကျော်ကျော်ခန့် ရှည်လျားသည့် စင်္ကြံတစ်လျှောက် နံရံကပ်မှန်အိမ်လေးများ ထွန်းညှိထားသဖြင့် အတန်လင်းကျင်းလျက်ရှိပါသည်။

ချစ်သွေးသည် လူသူကင်းမဲ့နေသည့် စင်္ကြံအတိုင်း တစ်လှမ်းချင်း လျှောက်လှမ်းရင်း နားကိုဖွင့်၊ မျက်စိကိုဖွင့်လာရာ တံခါးရွက်တစ်ရွက် အတန်ငယ်ဟနေသည့် အခန်းတစ်ခန်းရှေ့နားသို့ ရောက်လာတော့၏။

ထိုစဉ် အတွင်းခန်းထဲမှ ရယ်သံတစ်သံကို ကြားလိုက်ရတော့သည်။





"ဟင်း ဟင်း ဟင်း ....ဇော်နဂါးအပေါ် ဒီလို လူပေါ်လူဇော်လာလုပ်လို့ ဘာရမလဲ၊ မင်းတို့ရဲ့ ကုန်ပစ္စည်းခြင်းတွေကို ငါ့တပည့်တွေ စစ်ဆေးကြည့်ပြီးပြီ ကုန်ပစ္စည်းနည်းနည်းကို အပေါ်ယံမှာတင်ထားပြီး အထဲမှာ အဝတ်ဟောင်းတွေနဲ့ အုတ်ခဲတွေပဲ ပါတယ် ...၊

ဒါကိုကြည့်ခြင်းအားဖြင့် မင်းတို့ဟာ ကုန်သည်အစစ်တွေ မဟုတ်ဘူး, ကုန်သည်ဟန်ဆောင်ပြီး ပန်ဖန်းကို ရောက်လာကြမှန်း ငါသိရပြီ၊ ဒါကြောင့် မင်းတို့သောက်တဲ့အရက်ထဲ အိပ်ဆေးထည့်လိုက်တာ၊ ပြီးတော့မှ ဟောဒီ မြေအောက်ခန်းတွေထဲ မင်းတို့ကို ခေါ်လာခဲ့တာပဲ"

"ကဲ ပြောစမ်း ...မင်းတို့ ဘာကြောင့် ငါ့ကိုလာပြီး လှည့်ဖြားရတာလဲ ...ပြောစမ်း"

'ရှမ်း ရှမ်း'

"အား"

ကျာပွတ်ရိုက်သံနှင့်အတူ အံ့နောင်၏အော်သံကို ကြားလိုက်ရရာ ချစ်သွေးက တံခါးရွက်ကို အနည်းငယ်ဟပြီး အတွင်းခန်းဆီ အကဲခတ်ကြည့်လိုက်လေသည်။

ဆယ်ပေပတ်လည်ခန့်သာရှိသည့် အခန်းငယ်တွင် နံရံ



www.burmeseclassic.com

www.burmeseclassic.com



ကပ် မီးမှန်အိမ်တစ်လုံး ချိတ်ထားရာ အတော်လင်းကျင်းလျက် ရှိလေ၏။

အခန်းထဲမှ တိုင်တစ်တိုင်တွင် အုံ့နောင် ကျောမှီထိုင်လျက်ရှိပြီး သူ့လက်နှစ်ဖက်ကို သံကြိုးတစ်ချောင်းဖြင့် နောက်ပြန်ချည်ကာ သော့ခတ်ထားလေသည်။

အုံ့နောင်၏ရှေ့တွင် ဇော်နဂါးက မားမားကြီးခါးထောက်ရပ်လျက် လက်ထဲတွင် ကျာပွတ်တစ်ချောင်းကို ကိုင်ထားလေ၏။

စောစောကကြားလိုက်ရသည့် မေးခွန်းကိုပင်ထပ်မေးရင်း ကျာပွတ်ဖြင့် တရွှမ်းရွှမ်း ရိုက်ပြန်သည်။

'ရွှမ်း ရွှမ်း'

"အား အ"

ထိုအခန်းထဲတွင် အုံ့နောင်နှင့် ဇော်နဂါးတို့ နှစ်ယောက်တည်းသာရှိပြီး အခြားသူကို မတွေ့ရချေ။

"ကဲ ဟေ့ကောင် ... ပြောစမ်း၊ ဘာကိစ္စအတွက်နဲ့ ငါ့ကို လာပြီး လှည့်စားကြသလဲလို့ ဟင်း ဟင်း ... ငါ့ကို လာလှည့်ဖြားတဲ့ မင်းတို့သုံးယောက်စလုံး နောင်တကြီးကြီး ရစေရမယ်၊ မင်းတို့ထက်အရင် ရောက်လာဖူးတဲ့ ကျောက်ရုံဆိုတဲ့ ကောင်ကိုလည်း ဒီအခန်းထဲမှာပဲ သတ်ပြီး ကျောက်ခေါင်းထဲ





သွင်းထားပြီးပြီ ... သိရဲ့လား၊ အေး ... အမှန်အတိုင်းမပြောရင် ဒီညဟာ မင်းတို့အတွက် ကျောက်ရုံလိုပဲ မရဏည ဖြစ်သွားမယ်မှတ်"

ထိုစဉ် ချစ်သွေးက တံခါးရွက်ကို ခြေထောက်ဖြင့်ကန်ကာ ဖွင့်လိုက်တော့၏။

'ဝုန်း'

"ဟာ ... မင်း မင်း"

မမျှော်လင့်သည့်အဖြစ်အပျက်မို့ ဇော်နဂါးသည် လွန်စွာအံ့အားသင့် ထိတ်လန့်သွားပြီး နောက်သို့ ချာခနဲလှည့်ကြည့်လိုက်လေသည်။

"ဟင်း ဟင်း ဟင်း ... ဇော်နဂါး ... မင်း ကျောက်ရုံကို သတ်လိုက်တယ်ဆိုတာကို ဝန်ခံလိုက်ပြီပေါ့ ... ဟုတ်လား"

"ဟုတ်တယ် ... ဝန်ခံတယ်ကွာ၊ အဲဒီတော့ ဘာဖြစ်လဲ ... ကဲကွာ"

'ရွှမ်း'

'ရွှမ်း'

"ကဲကွာ ... ဝင်ရှုပ်တဲ့ကောင် သေစမ်း"

'ရွှမ်း'



www.burmeseclassic.com

www.burmeseclassic.com



ဇော်နဂါးက ဒေါသတကြီးဖြင့် ကျာပွတ်ကို မြှောက်လျက် လှည့်ပတ်ရိုက်တော့ရာ ချစ်သွေးက ကိုယ်ကိုယိမ်းကာနွဲ့ကာဖြင့် လျင်မြန်စွာ ရှောင်လိုက်ပြီး အခွင့်ရသည်နှင့် ဇော်နဂါး၏ရင်ဝသို့ ခြေစောင်းဖြင့် ထိထိမိမိ ခပ်ပြင်းပြင်း ခတ်ထည့်လိုက်တော့၏။

'ဖောင်း'

"အား"

အသက်ရှူမှားကာ ဒူးညွတ်ကျသွားသည့် ဇော်နဂါး၏ လည်ကုပ်ကို လက်ဝါးစောင်းဖြင့် ခပ်ဆတ်ဆတ်ခုတ်ထည့်လိုက်၏။

'ဒုတ်'

ဇော်နဂါးမှာ အသံပင်မထွက်နိုင်ဘဲ မြေပေါ်ခွေလဲကျသွားသည်တွင် ချစ်သွေးက အုံ့နှောင်အား ချည်တုပ်ခတ်ထားသည့် သော့ခလောက်ကို သော့တုဖြင့် ဖွင့်ပေးလိုက်လေသည်။

"ဟာ ... အစ်ကိုရောက်လာလို့ပဲဗျာ၊ တော်ပါသေးရဲ့ ... လူကို ကျွဲလို နွားလို ရိုက်တာဗျ"

"နော်တူးရော အုံ့နှောင်"

"မသိဘူး ... ကျွန်တော် သတိရလာတော့ သံကြိုးနဲ့ လက်ပြန်ကြိုးတုပ် သော့ခတ်ထားတာကို တွေ့ရတာပဲ"





"အေး အေး ... ဒါဆို ငါတို့အုံးယောက်ကို သီးသန့် ချုပ်ထားပြီး တစ်ယောက်ချင်းမေးသမျှ ဖြေရမယ်ပေါ့၊ ဟင်း ဟင်း ... ခုတော့ သင်း ဝဋ်လည်ပြီ"

ချစ်သွေးက ပြောပြောဆိုဆိုဖြင့် အုံ့နှောင်အားခတ်ထားခဲ့သည့် သံကြိုးဖြင့် ဇော်နဂါးကို ရစ်ပတ်ချည်နှောင်ပြီး သော့ခတ်လိုက်တော့သည်။

ပြီးသည်နှင့် အခန်းထဲမှ ထွက်လိုက်ကြပြီး စင်္ကြံအတိုင်း လျှောက်လာရာ တံခါးရွက်အနည်းငယ်ဟနေသည့် အခန်းတစ်ခန်းရှေ့ရောက်သည်တွင် လှမ်းလက်စခြေလှမ်းတို့ကို ရပ်လိုက်ကြလေသည်။

ချစ်သွေးက တံခါးရွက်ကို တွန်းဖွင့်လိုက်ရာ စင်္ကြံလမ်းမှ မီးရောင်ဟပ်နေသဖြင့် အတွင်းဘက်သို့ သေချာစွာမြင်ရလေ၏။

အခန်းထဲမှ ကြမ်းပြင်ပေါ်တွင် နော်တူးမှာ ခေါင်းငိုက်စိုက်ကျကာ ကွေးကွေးလေး လဲကျလျက် ရှိလေ၏။

သူ၏လက်နှစ်ဖက်ကိုလည်း သံကြိုးတစ်ချောင်းဖြင့် သံ လက်နောက်ပြန်ချည်ထားကာ သော့ခလောက်တစ်လုံးဖြင့် သံကြိုးကို ခတ်ထားလေသည်။

ချစ်သွေးက အခန်းထဲ လှမ်းဝင်လိုက်ပြီး သော့ခလောက်



www.burmeseclassic.com

www.burmeseclassic.com



ကို ဖွင့်ပေးလိုက်လေ၏။

ထို့နောက် နော်တူး သတိရလာအောင် သူတို့နှစ်ယောက် ပြုစုလိုက်ကြရာ ခဏအကြာမှာပင် နော်တူးသည် သတိကောင်းစွာ ရသွားတော့သည်။

''ဟာ ... ကျွန် ကျွန်တော်တို့ ဘယ်ရောက်နေတာလဲ ဟင်''

''ငါတို့ကို ဖော်နဂါးက အရက်ထဲဆေးခတ်ပြီး ဒီမြေအောက်ခန်းတွေထဲမှာ ဖမ်းထားတာကွ၊ အခု ငါက ဖော်နဂါးကို မြေအောက်ခန်းတစ်ခန်းထဲမှာ ဖမ်းချုပ်ထားလိုက်ပြီးပြီ၊ ကဲ ... ငါတို့ အပေါ်တက်ကြမယ် ... ထ''

ချစ်သွေးက နော်တူးကို ဆွဲထူလိုက်ပြီး စကြံလမ်းဆီ ပြန်ထွက်၏။ သူတို့သည် စနစ်တကျ ဆောက်လုပ်ထားသော စကြံအတိုင်း လှေကားထစ်များကို လှမ်းတွေ့ရာဘက်ဆီ ခပ်သုတ်သုတ် လျှောက်လှမ်းလာကြလေသည်။

ထို့နောက် စကြံလမ်း၏အဆုံးတွင် တွေ့ရသော အုတ်လှေကားထစ်များအတိုင်း အပေါ်သို့သတိထားတက်ခဲ့ရာ လှေကားတစ်ဆစ်ချိုးကွေ့လိုက်သည်နှင့် အပေါ်မှ မီးအလင်းရောင်ကို တွေ့ရပြီး စကားသံများကိုပါ ကြားရတော့၏။





''ဟေ့ ကြာကြီး ... ငါတို့ရဲ့ဆရာတော့ ဟိုကောင်တွေကို အရှေခွံခွာနေလောက်ပြီကွ''

''အေးကွာ ... အဲဒီကောင်တွေကို ငါတို့ရဲ့လက် အပ်လိုက်ရင် ပြီးရော၊ ဟင်း ... ကျောက်ရုံဆိုတဲ့ကောင်ကို အရေခွံဆုတ်သလို ဆုတ်ပစ်လိုက်ချင်ပါရဲ့ကွာ ... အေ့''

''ဟား ဟား ဟား ... အကြွေးလာတောင်းတဲ့ ကျောက်ရုံဆိုတဲ့ကောင် ငါတို့ဆရာဆီက အကြွေးရော အတိုးပါ တစ်လုံးတစ်ခဲတည်း ရသွားတာ၊ မြိန်လိုက်တာကွာ ... ဟား ဟား ဟား''

''အခုကောင်တွေကလည်း ဘယ်လိုအကြံနဲ့ ရောက်လာကြသလဲမသိဘူးကွ၊ သူတို့ရဲ့ကုန်ပစ္စည်းခြင်းတောင်းတွေထဲမှာ အဝတ်စုတ်တွေနဲ့ အုတ်ခဲ့ကျိုးတွေချည်းပဲကွ''

''ဒါကြောင့် အဲဒီလေိမ်ကောင်တွေ ငရဲပြည်ရောက်နေတာပေါ့ကွ ... ဟား ဟား ဟား''

ထိုစဉ် ချစ်သွေးတို့က တံခါးရွက်ကို ဆွဲဖွင့်ပြီး အရက်ဝိုင်းဖွဲ့နေကြသူတို့ဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် လှမ်းဝင်သွားလိုက်တော့၏။

''ငရဲပြည်ကို သွားရမှာက မင်းတို့ကွ ... သိရဲ့လား''



www.burmeseclassic.com

www.burmeseclassic.com



''ဟာ ...မင်း မင်းတို့''

အံ့ဩ နားမလည်နိုင်စွာ မျက်လုံးအပြူးသားဖြင့် ကြောင်ကြည့်နေကြသည့် ဇော်နဂါး၏တပည့်တို့ဆီသို့ ချစ်သွေးက ခုန်ဝင်လိုက်ကာ အနီးဆုံးလူရှယ်ကို ခြေစောင်းကန်ချက်ဖြင့် ကန်ထည့် လိုက်တော့သည်။

'ဖောင်း'

''အား''

'ဝုန်း'

'ခွမ်း'

'ချလွမ်'

BURMESE CLASSIC .com

ဇော်နဂါး၏တပည့်မှာ အရက်စားပွဲပေါ်သို့ အရှိန်ပြင်းစွာ ပစ်လဲကျသွားရာ အရက်ပုလင်းများရော ဖန်ခွက်များပါ လွင့်စဉ် ကျကွဲကုန်တော့၏။

အံ့နောင်နှင့်နော်တူးတို့ကပါ လျင်မြန်စွာ ဝင်ရောက် တိုက်ခိုက်တော့ရာ ...

'ဖောင်း'

'ဖောင်း'

'ဖြောင်း'





''အား''

''အ''

အငိုက်မိသွားကြသည့် ဇော်နဂါး၏တပည့်လေးယောက် စလုံးမှာ ခဏအတွင်းမှာပင် လောကကြီးနှင့် ခေတ္တအဆက်ပြတ် သွားကြတော့၏။

''ကဲ ...မင်းတို့နှစ်ယောက် ဒီအောက်ထပ်မှာ စောင့် နေရစ်ကြ၊ ငါ အိမ်ပေါ်ထပ်တက်ပြီး မွှေလိုက်ဦးမယ်၊ ခြံထဲကို ဘယ်သူမှ မဝင်စေနဲ့''

အံ့နောင်တို့ကို အောက်ထပ်၌ထားရစ်ခဲ့ပြီး အိမ်ပေါ်ထပ် သို့ လှေကားအတိုင်း ချစ်သွေး ပြေးတက်ခဲ့တော့၏။

အိမ်ပေါ်ထပ်တစ်ထပ်လုံးမှာ လူသူကင်းမဲ့လျက် တိတ် ဆိတ်နေ၏။

ချစ်သွေးက ဇော်နဂါး၏အိပ်ခန်းဟု ယူဆရသော အိပ် ခန်းကျယ်ကြီး၏ တံခါးဝဆီ လျှောက်လှမ်းသွားပြီး တံခါး၌ခတ် ထားသည့်သော့ကို သူ၏သော့ဖွင့်ကိရိယာသံချောင်းကောက် ကောက်လေးဖြင့် လှည့်ကာ ဖွင့်တော့သည်။

'ချောက်'

သော့ပွင့်သွားသည်တွင် အခန်းထဲဝင်ခဲ့ပြီး ကျွန်းခုတင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးပေါ်မှ မွေ့ရာခေါင်းအုံးတို့ကို လှန်လှောရှာဖွေလိုက်၏။

ပြီးလျှင် ခုတင်ခေါင်းရင်းရှိ ကျွန်းဗီရိုကြီး၏တံခါးကို သော့တုဖြင့်ဖွင့်ပြီး အံဆွဲတစ်ခုပြီးတစ်ခု ထပ်ဖွင့်ကာ စစ်ဆေးရှာဖွေရာ အလယ်အံဆွဲထဲ၌ ရူပီးငွေစက္ကူ အထပ်လိုက်ကိုတွေ့ရတော့သည်။

ချစ်သွေးက ငွေစက္ကူများကို ရေတွက်လိုက်ပြီး သူလိုချင်သည့် ငွေအရေအတွက်ပြည့်သည်တွင် ကုတ်အင်္ကျီအတွင်းအိတ်ထဲ ထည့်လိုက်လေသည်။ ထို့နောက် ကျန်ငွေများကို အံဆွဲထဲ ပြန်ထည့်ကာ အံဆွဲကိုရော ဗီရိုကိုပါ ပြန်ပိတ်လိုက်လေ၏။

ပြီးလျှင် ချစ်သွေးက ဗီရိုနံဘေးရှိ စားပွဲပေါ်မှ ခဲတံတစ်ချောင်းနှင့် ကော်ပီစာအုပ်တစ်အုပ်ကိုယူကာ စာရွက်တစ်ရွက် ဖြဲဆုတ်ယူလိုက်ပြီး ယင်းစာရွက်ပေါ်၌ အောက်ဖော်ပြပါအတိုင်း ရေးလိုက်လေသည်။

"ဇော်နဂါး

ကြွေးရှိရင် ပြန်ဆပ်ရတယ်။

စောမင်းနိုင်ရဲ့ စေတမန်များ"





ထိုစာရွက်ကို စားပွဲပေါ်တင်ကာ အပေါ်မှ စာရွက်ဖိ ဖန်တုံးဖြင့် ဖိထားလိုက်လေသည်။

ထို့နောက် အောက်ထပ်သို့ ပြန်ဆင်းလာခဲ့ရာ ဇော်နဂါး၏ တပည့်များမှာ သတိလစ်နေကြဆဲဖြစ်ကြောင်း တွေ့ရလေ၏။

"ကဲ ... ငါတို့လိုချင်တာရပြီ၊ သွားကြမယ်"


ခဏအကြာမှာပင် ချစ်သွေးတို့ စေတမန်သုံးဦးမှာ ဖောင်းဝတ်ရောင်မြင်းကိုယ်စီကို နှင်ကာ ပန်ဖန်းရွာကလေးထဲမှ ထွက်ခွာသွားပါတော့သတည်း။

✿ ✿ ✿



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## ချယ်ရီမြိုင်၏ လျှို့ဝှက်ချက်

စောမင်းနိုင်က လက်ယာဘက်လက်ထဲတွင် ကိုင်ထားသော ငွေစက္ကူအထပ်ဖြင့် လက်ဝဲဘက်လက်ဝါးကို တဖြန်းဖြန်း ရိုက်ရင်း အကျေနပ်ကြီး ကျေနပ်သဘောကျလျက်ရှိလေသည်။

"ဟား ဟား ဟား ... မင်းတို့က ဇော်နဂါးအပေါ် ခေါင်းတုံးပေါ်ထိပ်ကွက်တာပေါ့ ... ဟုတ်လား ... ဟား ဟား ဟား"

ထို့နောက် စောမင်းနိုင်က ပိုက်ဆံအထပ်တို့ကို စားပွဲပေါ် ပစ်တင်လိုက်ပြီး ကျွန်းဆက်ဆီခုံတစ်လုံးတွင် ခြေချိတ်ထိုင်လိုက်





လျှက် ဗွန်ပလေးယားစီးကရက်ကို မီးညှိဖွာရှိုက်လိုက်လေသည်။

ခဏကြာမှ သူ့ရှေ့ရှိ ကျွန်းဆက်တီခုံတွင် ငြိမ်သက်စွာ ထိုင်နေကြသည့် ချစ်သွေးတို့သုံးဦး၏ရှေ့သို့ ၅၀ တန် ငွေစက္ကူ ဆယ်ရွက်စီ ချပေးလိုက်ပြီး ...

"ဒါ အရေးတော်ပုံ အောင်မြင်ခဲ့တဲ့အတွက် မင်းတို့ကို ချီးမြှင့်တဲ့ ဘောက်ဆူးငွေပဲ ... ယူကြ"

ဟု ပြုံးပြုံးကြီးပြောလိုက်ရာ ချစ်သွေးတို့သုံးဦးလည်း ငွေစက္ကူတို့ကို ခပ်ပြုံးပြုံးမျက်နှာပေးများဖြင့် ကောက်ယူလိုက်ကြ၏။

ခပ်လှမ်းလှမ်းမှ နံရံအနီးတွင် တန်းစီရပ်နေကြသည့် ဘရှား၊ မဲကောက်နှင့် ကြိုးထုံးတို့ကတော့ မျက်မှောင်ကြီးများကြုတ်လျက် ချစ်သွေးတို့ကို မလိုတမာအကြည့်ဖြင့် ကြည့်နေကြလေသည်။

"အေး ... ဒါပေမဲ့ ဇော်နဂါးဆိုတဲ့ကောင်ကို မင်းတို့ အပြတ်ရှင်းခဲ့ရမှာကွ"

"ကျုပ်က လူမသတ်ချင်ဘူး"

ဤတွင် ငြိမ်ကြည့်နေသည့် ဘရှားက အမှတ်ယူကာ ဝင်ပြောလိုက်လေ၏။

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com



"ကျွန်တော်သာဆို ဇော်နဂါးကို ကျောက်ရုံအတွက် လက်စားချေတဲ့အနေနဲ့ အဲဒီနေရာမှာတင် သတ်ခဲ့မှာပဲ၊ အခု ဒီကောင်တွေက ရန်စမီးရှည်အောင် မီးကြွင်းမီးကျန်ထားခဲ့တာပဲ အာစရိ"

စောမင်းနိုင်က ဘရှားကို လက်ကာပြလိုက်၏။

"ခုလောက်အောင်မြင်လာတာကိုပဲ ငါ ကျေနပ်လှပါပြီ ဘရှားရာ၊ ဇော်ရဲတို့က အဲဒီကောင်တွေကို ပညာကောင်းကောင်းပေးခဲ့နိုင်ပြီပဲ၊ ဇော်နဂါးလိုကောင်ကို ဂရုစိုက်စရာမလိုပါဘူးကွာ၊ အဲဒီကောင်ကစပြီး ငါ့ကို နားရွက်တံတွေးဆွတ်ခဲ့တာပါ"

မည်သို့ဖြစ်စေ ထိုနေ့မှစပြီး ချစ်သွေးမှာ စောမင်းနိုင်၏ ယုံကြည်ကိုးစားခြင်းခံလာရတော့၏။

✡

ချစ်သွေးက သူ့အခန်းလေးထဲရှိ အိပ်ရာပေါ်တွင် ပက်လက်လှန် လဲလျောင်းလျက် သံချေးကိုက်နေသည့် ခေါင်မိုးသွပ်





တို့ကို ငေးမော့ကြည့်ရင်း ပြုံးနေမိသည်။

"အင်း . . . ငါ စီမံချက်အဆင့်နှစ်ကိုတော့ ကျော်ဖြတ်နိုင်ခဲ့ပြီ၊ မကြာခင် စီမံချက်အဆင့်သုံးကို စတင်နိုင်ရမယ်"

ချစ်သွေးအတွက် စီမံချက်အဆင့်တစ်က ချယ်ရီမြိုင်စံအိမ်ကြီးထဲ ရောက်ရှိဖို့ဖြစ်သည်။

စီမံချက်အဆင့်နှစ်က စောမင်းနိုင်၏ ယုံကြည်ကိုးစားမှု ရရှိရန် ဖြစ်၏။ ယခု ထိုစီမံချက်အဆင့်နှစ်ကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပြီဖြစ်၏။

မကြာမီစီမံချက်အဆင့် ၃ ကို စတင်ရတော့မည်။

သူ တွေးကောင်းနေဆဲ စေ့ထားသည့်တံခါးရွက် ပွင့်သွားပြီး ကိုငွေတိုး၏ခေါင်းက အရင်ဝင်လာသည်။ သူ့ကိုမြင်တော့ ကိုငွေတိုး ပြုံးသွား၏။

"အောင်မယ် ဟောကောင်ဇော်ရဲ . . . မင်းက အာစရိရဲ့ ဘောက်ဆူးမြိုက်မြိုက်ကလေး ရလိုက်လို့ ပီတိဖြာနေတယ်ပေါ့လေ"

ပြောရင်း အခန်းထဲလှမ်းဝင်လာကာ ကွပ်ပျစ်ခြေရင်းဘက်တွင် ဝင်ထိုင်သည်။ ပြီးတော့ လက်ကြားညှပ်လာခဲ့သည့် ဆေးပေါ့လိပ်ကိုဖွာ၏။



www.burmeseclassic.com

www.burmeseclassic.com



“ရော့”

ချစ်သွေးက နတ်သမီးမီးခြစ်လေး ကမ်းပေးလိုက်သည်။ ကိုငွေတိုးက မီးခြစ်အံဆွဲလေးထဲမှ မီးခြစ်ဆံတစ်ဆံကိုထုတ်ကာ ဂျစ်ခနဲခြစ်၏။ ရှဲခနဲ မီးတောက်လာတော့ မီးသေနေသော ဆေးပေါ့လိပ်ကို မီးညှိသည်။ ပြီးမှ မီးခြစ်ဆံကို နှစ်ခါသုံးခါလောက် ခါလိုက်ပြီး အခန်းအပြင်ဘက် လွှင့်ပစ်လိုက်၏။ ထို့နောက်မှ စကားစသည်။

“မင်းတို့ ဘောက်ဆူးမြက်မြက်ကလေးရတာရော့. အာစရိရဲ့ ဟိမန္တာချီးမွမ်းခန်းအဖွင့်ခံရတာရောကို ဟိုကောင်တွေက မကျေနပ်ကြဘူးကွ”

ကိုငွေတိုးက ဘရှားတို့၏ အခန်းများရှိရာဘက်သို့ မေးငေါ့ပြရင်း နှုတ်ခမ်းကိုမဲ့ကာ ပြောသည်။

ချစ်သွေးက ဦးခေါင်းနောက်တွင် ယှက်ထားည့် လက်ဝါးနှစ်ဖက်ကို အနည်းငယ် အားယူမတင်ကာ ခေါင်းအတန်ငယ်ထောင်လျက် ရယ်လိုက်မိသည်

“ဟား ဟား ဟား ... ကျုပ်က သူတို့ကို ဂရုမစိုက်ပါဘူးဗျာ ... နေစမ်းပါစေ”

“ဒါထက် ဘောက်ဆူးရတော့ မင်းတို့သုံးယောက်စလုံး





အတူတူ ရတာဆို၊ တကယ်ဆို ဦးဆောင်စွန့်စားပြီး ကြံရည်ဖန်ရည်ထုတ်ရတဲ့မင်းကို ပိုပြီး ချီးမြှင့်သင့်တာပေါ့ကွ”

မျက်မှောင်ကြုတ်ပြောရင်း ကိုငွေတိုးက ဆေးပေါ့လိပ်ကို သုံးလေးချက် ဖိဖွာနေ၏။ ချစ်သွေးက ပြုံးလိုက်သည်။

“ကျုပ်က ငွေကို ဂရုမစိုက်ပါဘူးဗျာ၊ ကိုယ်တာဝန်ယူရတဲ့ အလုပ်တစ်ခု အောင်မြင်သွားရင် ကျေနပ်နေတာပါပဲ”.

ဤတွင် ဆေးပေါ့လိပ်အဖွာရပ်ရင်း ကိုငွေတိုးက သူ့ ‌ ‌ မကြည့်ဖူးသောအကြည့်မျိုးဖြင့် လှည့်ကြည့်သည်။

“ဩော် ... မင်းက ငွေကို ဂရုမစိုက်ဘူး ... ဟုတ်လား၊ ဒါဆို အဲဒီငွေတွေထဲက ငါ့ကို ပိုက်ဆံတစ်ရာလောက်ချေးပါလား”

“ခင်ဗျားက ဘာလုပ်ဖို့လဲ”

ကိုငွေတိုး၏မျက်နှာက ပြုံးဖြဲဖြဲ ဖြစ်သွားသည်။

“မနက်ဖြန်ဟာ ဝါနုလေးရဲ့ ဆယ့်ကိုးနှစ်မြောက် မွေးနေ့လေကွာ၊ သူ့ကို ရွှေလက်စွပ်လေးတစ်ကွင်း မွေးနေ့လက်ဆောင်ဝယ်ပေးချင်လို့”

နန်းဝါနုမှာ ချယ်ရီမြိုင်စံအိမ်ကြီးမှ အကူအဖော် မိန်းကလေးဖြစ်သည်။ ထမင်းချက် ဒေါ်ငြိမ်းရင်ကို ကူညီပေးရသူလေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ မျက်နှာလေး အနည်းငယ်ပြားသော်လည်း နှာခေါင်းလုံးလုံး၊ အသားဖြူဖြူလေးနှင့် ချစ်စရာရှမ်းမလေးဖြစ်သည်။

''သူနဲ့ ခင်ဗျားနဲ့ ဘာဆိုင်လို့ ရွှေလက်စွပ်ကြီးတောင် ဝယ်ပေးမှာလဲဗျ''

''ဝါနကို ဘုရားကလည်း ပိုးနေတာကွ၊ ဒါကြောင့် ငါက သူ့ထက်ပိုသာချင်လို့ပါ မင်းကလည်း ... အဟဲ''

''ဩော် ... ခင်ဗျားက လက်စသတ်တော့ ကိုယ့်သမီးလောက်လေးကို ကြိုက်နေတာကိုး''

''မင်းကလည်းကွာ ... သူ့ထက် ငါက ရှစ်နှစ်လောက်ပဲ ကြီးတာပါကွ၊ ဘုရားလည်း ငါးနှစ်လောက်ကြီးတာပါပဲ၊ လုပ်ပါကွာ ... အဲဒီကောင်ထက် သာမှ ဖြစ်မှာကွ၊ အဲဒီကောင်က လက်ရဲဇက်ရဲရယ်''

ကွပ်ပျစ်ပေါ်တွင် ခဏခဏပြင်ထိုင်ရင်း ပူစပ်ပူလောင်ဟန်ဖြင့် ပြောသည်။ ချစ်သွေးက မရိုးမရွဖြစ်နေသော ကိုငွေတိုးကို ထပ်စချင်သဖြင့် နှုတ်ခမ်းကိုမဲ့ကာ ပြောလိုက်လေသည်။

''ငွေတစ်ရာဆိုတာ နည်းတဲ့ပိုက်ဆံ မဟုတ်ဘူးဗျ၊ နှမြောစရာဗျာ၊ ပြီးတော့ ခင်ဗျားက ပြန်ပေးနိုင်မှာလည်း မဟုတ်ဘူး''





''ဟာကွာ ... မင်းကလည်း ငါ့ကိုအထင်သေးလိုက်တာ၊ လစာထဲက ဖဲ့ဆပ်မှာပါကွ''

''နေဦးဗျာ ... ကျုပ် ဒီချယ်ရီနဲ့သာဆီ ထွက်မလာခင်တုန်းက ဗေဒင်မေးခဲ့တယ်ဗျ၊ ဗေဒင်ဆရာက ငွေကြေးဆုံးရှုံးနိုင်တယ်တဲ့ ဟောလိုက်တယ်၊ ဒီတော့ ခင်ဗျားကို ပိုက်ဆံချေးသင့်မချေးသင့် စဉ်းစားလိုက်ဦးမယ်၊ ဒီလိုလုပ်ဗျာ ... ခင်ဗျားကို ပိုက်ဆံချေးမယ်, မချေးဘူးဆိုတဲ့ ဆုံးဖြတ်ချက်အဖြေကို မနက်ဖြန်ညကျ ပေးမယ်ဗျာ''

''ဟာကွာ ... မင်းကလည်း မနက်ဖြန်ညဆို သူ့မွေးနေ့အမီ ဘယ်ပေးလို့ရတော့မှာလဲကွ၊ ဒီနေ့ပိုက်ဆံရမှ ဒီနေ့ မြို့ထဲဈေးက ရွှေဆိုင်မှာ သွားဝယ်ရမှာကွ၊ လုပ်ပါ ဇော်ရဲရာ ... မင်းပဲငွေကို ဂရုမစိုက်ဘူးဆို''

''ဂရုမစိုက်လို့ရမလားဗျ၊ သက်စွန့်ဆံဖျား ရှာထားရတာ၊ ဒီမှာ ခင်ဗျားကို တစ်ခုပြောမယ်''

ချစ်သွေးက ပက်လက်လဲလျောင်းနေရာမှ ထထိုင်လိုက်သည်။

''အေး ပြော''

ချစ်သွေးက လေသံကိုနှိမ့်ကာ ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုငွေတိုးလိုချင်တဲ့အကူအညီကို ကျုပ်ပေးမယ်၊ အဲဒီအတွက် ကျုပ်မေးတာကို ကိုငွေတိုးသိရင် ဖြေရမယ်၊ သိလျက်နဲ့ မသိဘူးလို့တော့မပြောနဲ့၊ ပြီးတော့ ကျုပ် အခုလိုမေးတာကို ဘယ်သူ့မှ ပြန်မပြောရဘူး၊ လုံးဝ နှုတ်လုံရမယ်၊ အဲဒီအတွက် ကျိန်စာဆိုရမယ် ... ဘယ့်နှယ်လဲ"

ကိုငွေတိုး၏မျက်ခုံးနှစ်ဖက်စလုံး ပင့်သွားလေသည်။

"ဟ ဟော့ကောင်ရ ... ဘာမေးမှာမို့ ငါက ကျိန်စာတောင် ဆိုပြရမှာလဲကွ"

"တိုးတိုးပြောပါဗျ ... အရေးကြီးလို့ပါ၊ ဒီမှာ ကျုပ်ပြောတဲ့အတိုင်း ကျိန်စာဆိုမယ်ဆိုရင် အခုငွေတစ်ရာကို မချေးဘူး အလကားပေးမှာ"

"ဟေ ... ဒီလိုလား၊ ဟား ... ဒါဆို ဆိုမယ်ကွာ၊ ဘယ်လိုကျိန်စာမျိုးပဲဖြစ်ဖြစ် ဆိုမယ်၊ မင်း ဘာမေးမှာလဲ ... မေး"

"ဒီ ချယ်ရီမြိုင်စံအိမ်ကြီးရဲ့အကြောင်းပါ၊ ဒီမြို့ထဲ ကျုပ်ရောက်ရောက်ချင်းပဲ စားသောက်ဆိုင်မှာ ကြားရတာဗျ၊ ချယ်ရီမြိုင်စံအိမ်ကြီးက ရှေးကျပြီး အတော်ထူးခြားတယ်ဆိုပဲ၊ အဲဒီကတည်းက စိတ်ဝင်စားခဲ့တာဗျ၊ ပြီးတော့ ဒီစံအိမ်ကြီးရဲ့





အရှင်သခင်မဟာ သေသွားပြီဆိုပြီး သူ့ကို အိမ်ကြီးရဲ့အပေါ်ထပ်မှာ ကျုပ် ရိပ်ခနဲ ရိပ်ခနဲ ဆိုသလို မြင်မြင်နေရလို့ စိတ်ဝင်စားတာနဲ့ မေးမှာပါ"

"အေးလေ ... အဲဒါဆိုလည်း မေးလေ၊ မင်း ဘာသိချင်တာလဲ"

"ဒီလိုဗျာ ... ဒီချယ်ရီမြိုင်လို စံအိမ်ကြီးမျိုးမှာ လျှို့ဝှက်မြေတိုက်ခန်းတို့, မြေအောက်လိုဏ်လမ်းတို့, လျှို့ဝှက်တံခါးတို့ ရှိတတ်တယ်လို့ ကြားဖူးတယ်ဗျ၊ ဒီစံအိမ်ကြီးရဲ့အပေါ်ထပ်ကို တက်တဲ့ လျှို့ဝှက်လမ်းရှိသလားလို့ သိချင်လို့ဗျာ၊ ခင်ဗျားသိရင် ပြောပြစမ်းပါ"

ချစ်သွေး၏မေးခွန်းကိုကြားရသည်တွင် ကိုငွေတိုး သက်ပြင်းရှိုက်လိုက်တော့သည်။

"အင်း နေပါဦး ... မင်းက သိတော့ ဘာလုပ်မလို့လဲ"

"ရှင်းရှင်းပြောရရင် ကျုပ် ညဘက်မှာ တွေ့တွေ့နေရတဲ့ ဝိညာဉ်လိုလိုဟာကို ဘဝင်မကျလို့ဗျာ၊ ဒါကြောင့် အဲဒီစံအိမ်ကြီးရဲ့အပေါ်ထပ်ကို တက်ကြည့်ချင်လို့၊ သိပြီလား"

"မင်းဟာလေ တော်တော်စပ်စုတဲ့ကောင်၊ စံအိမ်ကြီးရဲ့အပေါ်ထပ်ကို ဘယ်သူမှတက်ခွင့်မရှိဘူးကွ၊ တော်ကြာ အာစရိ



www.burmeseclassic.com

www.burmeseclassic.com



သိသွားရင် ခေါင်းနဲ့ကိုယ် အိုးစားကွဲနေမယ်''

''အဲဒီလို အန္တရာယ်မျိုးကို ကျုပ် ဂရုမစိုက်ပါဘူးဗျာ''

''မင်း ဂရုမစိုက်ပေမယ့် ငါက ဂရုစိုက်ရမယ်ကွ၊ ငါက မိန်းမရဖူးတာ မဟုတ်ဘူး၊ လူဖြစ်လာပြီး မိန်းမလေး တစ်ယောက်လောက်မှ မရဖူးဘဲ အသေမခံပါရစေနဲ့ကွာ၊ မင်းကို မိရင် ငါ့ရဲ့လက်ထောက်ချမှုမှန်း အာစရိသိသွားမှာကွ''

အတော်ကြောက်တတ်ပုံရသော ကိုငွေတိုးက အသံတွေ ပင် တုန်နေရှာ၏။ သို့သော် သူ၏စကားကြောင့် ချစ်သွေး အားတက်သွားလေသည်။

''ဟာ ... ခင်ဗျားက လက်ထောက်ချမယ်ဆိုတော့ ခင်ဗျား သိထားလို့ပေါ့ ... ဟုတ်လား၊ ကဲ ပြောစမ်းပါဗျာ ... ခင်ဗျားကို အမှုမပတ်စေရပါဘူး၊ ဒီမှာ ပိုက်ဆံပေးမှာပါ''

ချစ်သွေးက ဘောင်းဘီအိတ်ထဲမှ ငွေစက္ကူတို့ကို ထုတ်ပြလိုက်၏။ ကိုငွေတိုး၏မျက်လုံးများ တောက်လက်သွား၏။

''အေးပါကွာ ... ပြောပါ့မယ်၊ ဒီလိုကွ ... ဒီချယ်ရီမြိုင်စံအိမ်ကြီးကို စော်ဘွားကြီးတစ်ဦးက တည်ဆောက်ခဲ့တာကွ၊ အဲဒီတုန်းက မြန်မာနိုင်ငံအထက်ပိုင်းကို အင်္ဂလိပ်တွေ မသိမ်းနိုင်သေးဘူး''





''အင်း ... ဆိုပါဦး''

''အဲဒီစော်ဘွားကြီးက နွေရာသီစံအိမ်ဟော်နန်းအဖြစ် ဒီချယ်ရီမြိုင်စံအိမ်ကြီးကို ဆောက်ခဲ့တာတဲ့ကွ၊ အဲဒီလို စံအိမ်ကြီး ဆောက်တဲ့လက်သမားအဖွဲ့ထဲမှာ ငါ့ရဲ့အဘိုး ပါခဲ့တယ်''

''ဩော် ... ဟုတ်ပြီ''

''အဘိုးက အဲဒီတုန်းက လူငယ်သာသာပဲရှိသေးတယ်၊ မင်းလိုပဲ စပ်စုတတ်တယ်၊ ထူးထူးဆန်းဆန်းဆို သိမြင်ချင်တယ်၊ ဒါကြောင့် သူက စံအိမ်ကြီးရဲ့ လျှို့ဝှက်တဲ့နေရာတွေကို တည်ဆောက်တိုင်း ပါအောင်ကြိုးစားပြီး မှတ်သားထားလေ့ရှိတယ်၊ သူက စံအိမ်ကြီးရဲ့မြေပုံကို ခိုးပြီးဆွဲထားခဲ့တယ်''

''ဟာ ... ဟုတ်လား၊ အဲဒီမြေပုံကို ကိုငွေတိုး မြင်ဖူးလား''

''မြင်ဖူးရုံ ဘယ်ကမလဲကွ၊ အဲဒီမြေပုံကို အဘိုးက အဖေ့ကိုပေးခဲ့တော့ အဖေက သူ့ရဲ့အိပ်ရာဘေးက သေတ္တာလေးထဲ ထည့်ထားတာ နှစ်တွေကြာတော့ အဖေလည်း မေ့သွားတာပေါ့ကွာ၊ အဲဒါ မနှစ်က အဖေဆုံးမှ သူ့ပစ္စည်းတွေရှင်းရင်း သိမ်းရင်း သေတ္တာလေးထဲက ငါ သွားတွေ့ခဲ့တာ၊ တချို့နေရာတွေတောင် ခြစားထားသေးတယ်''



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... အဲတော့ မြေပုံက"

"ငါ့ဆီမှာ ရှိပါတယ်"

"ဟာ ... ဟုတ်လား၊ အဲဒါဆို ပြစမ်းဗျာ"

ကိုငွေတိုးက မီးသေနေသည့် ဆေးပေါ့လိပ်တို့ကို ကွပ်ပျစ်ခြေရင်းတွင် အသာတင်လိုက်ပြီး မေးစေ့ကို လက်ချောင်းလေးများဖြင့် ပွတ်သပ်ကာ ချစ်သွေးကို မျက်လုံးမှေးစင်းကြည့်လေသည်။

"မင်းက အဲဒီမြေပုံကို အတော်စိတ်ဝင်စားနေပုံရတယ်နော်၊ မြေပုံဟာ ငွေတစ်ရာမက တန်ပုံရတယ်"

"အံမယ် ... ခင်ဗျားက ဈေးကိုင်နေပြန်ပြီ၊ ကျုပ်က ခင်ဗျားရဲ့အဘိုးလို ထူးထူးဆန်းဆန်း စိတ်ဝင်စားတတ်သူမို့ဗျ ဒါကြောင့်ပါ၊ ကဲ ငွေနှစ်ဆယ်ထပ်တိုးပေးမယ်ဗျာ၊ အဲဒီမြေပုံကျုပ်ကိုပေး"

"ဟား ... ငွေနှစ်ဆယ်တောင် တိုးပေးမယ်လား၊ ဟုတ်ပြီကွာ ... ဒါဆို ကျေနပ်တယ်၊ ပေး ပိုက်ဆံ"

"ခင်ဗျားရဲ့မြေပုံ အရင်သွားယူလေ၊ တကယ်ပဲ ဒီချယ်ရီမြိုင်စံအိမ်ကြီးရဲ့ မြေပုံဖြစ်နေမှ ပိုက်ဆံပေးနိုင်မယ်"

ကိုငွေတိုး ခေတ္တတွေဝေသွား၏။ ထို့နောက် ကွပ်ပျစ်ပေါ်မှ ဆင်းကာ ဘာမပြောညာမပြောနှင့် အခန်းထဲမှ ထွက်သွားသည်။





တစ်အောင့်လောက်အကြာတွင် ကိုငွေတိုး ပြန်ရောက်လာ၏။ သူ့လက်ထဲတွင် မှိုင်းကိုင်စက္ကူဟောင်းတစ်လိပ် ပါလာသည်။

"ကဲ ... ရော့"

မှိုင်းကိုင်စက္ကူလိပ်ကို ကွပ်ပျစ်ပေါ်ပစ်တင်ပေးပြီး ကွပ်ပျစ်အစွန်းမှာထိုင်ကာ ဆေးပေါ့လိပ်ကို မီးညှိဖွာနေလိုက်၏။

ချစ်သွေးက မှိုင်းကိုင်စက္ကူလိပ်တွင် ပတ်ချည်ထားသည့် ဖန်ချည်ကြိုးကိုဖြည်လိုက်သည်။

ပြီးလျှင် မှိုင်းကိုင်စက္ကူလိပ်ကို ဖြန့်လိုက်ရာ အတွင်း၌ ဝါကြင့်ကြင့်စာရွက်တစ်ရွက်ကို တွေ့ရ၏။

သူက လွန်စွာဟောင်းနွမ်းနေသည့်စက္ကူလိပ်လေးကို သတိထားပြီး ခပ်ဖြည်းဖြည်းဖြည်လိုက်သည်။

ဝါကြင့်ကြင့်ကော်ပီစာရွက်ပေါ်၌ ခဲသားဖြင့် စနစ်ပုံတစ်ခု ဆွဲထားသည်ကိုတွေ့ရ၏။ ဆွဲထားသည့်ဟန်က သေသေချာချာ ကျကျနန ဆွဲထားခြင်းဖြစ်ပြီး အဆောက်အအုံကြီးကို အပေါ်စီးမှ မြင်ရသည့်ဟန်စနစ်ပုံ ဖြစ်၏။ အဆောက်အအုံ၏လှေကားများ။



www.burmeseclassic.com

www.burmeseclassic.com



တံခါးပေါက်များ၊ စကြံလမ်းများကို အသေးစိတ်ရေးဆွဲထားပြီး စာညွှန်းလေးတွေပါ ရေးထိုးထားလေသည်။

"ကဲ ဇော်ရဲ . . . ဘယ်လိုလဲ ကျေနပ်ပြီလား၊ ကျေနပ်ရင်တော့ ပိုက်ဆံပေးတော့ကွာ၊ ငါ သူလေးအတွက် ပြေးဝယ်ချင်လှပြီကွ"

"နေဦး . . . မြေပုံကိုတော့ကျေနပ်ပြီ၊ ဒါပေမဲ့ ခင်ဗျား သစ္စာဆိုဖို့ ကျန်သေးတယ်"

"ကဲ . . . ဆိုမယ်ကွာ၊ ဘာဆိုရမှာလဲ"

"ဟုတ်ပြီ . . . ဒါဆို ဘုရားကို အရင်ဝတ်ပြုလိုက်"

ကိုငွေတိုးက ကွပ်ပျစ်ပေါ်တွင် ဆောင့်ကြောင့်ထိုင်လိုက်ပြီး ဘုရားပုံပန်းချီကားချပ်လေး ချိတ်ဆွဲထားသည့် ဘုရားစင်သေးသေးလေးရှိရာ ခေါင်းရင်းဘက်နံရံဆီ မျက်နှာမူကာ လက်အုပ်ချီလိုက်၏။

ချစ်သွေးက ဘုရားစင်လေးပေါ်မှ သောက်တော်ရေခွက်ကို အသာစွန့်ယူလိုက်ပြီးလျှင် ရှေ့မှ ခပ်တိုးတိုး ဆိုရွတ်ပြရာ ကိုငွေတိုးက နောက်မှလိုက်ရွတ်လေသည်။

"ဘုရားတပည့်တော်သည် ယနေ့ယခု ပြောဆိုသမျှ စကားတို့ကို အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ပြန်လည်





ပြောကြားခြင်းမပြုပါဟု ကတိသစ္စာပြုပါသည် ဘုရား"

ချစ်သွေးတိုင်ပေးသည့်အတိုင်း ကိုငွေတိုးက လိုက်လံရွတ်ဆိုသည်။

"အကယ်၍ ကတိဖောက်ဖျက်ကာ ပြန်လည်ပြောကြားမိသည်ရှိသော် ပြောကြားမိသည့်နေ့မှစ၍ ခုနစ်နှစ်, ခုနစ်လ, ခုနစ်ရက်အတွင်း အသေဆိုးနဲ့ သေပါစေသား"

"ကတိသစ္စာတည်ခဲ့သော် ရည်မှန်းထားသော မိန်းကလေးနှင့် လက်ဆက်ခွင့်ရပါစေ ဘုရား"

ချစ်သွေးတိုင်ပေးသည့်အတိုင်း တစ်လုံးမကျန် လိုက်လံရွတ်ဆိုပြီးသည်နှင့် . . .

"ကဲ . . . သစ္စာရေကိုသောက်"

ချစ်သွေးတိုက်တွန်းသည့်အတိုင်း ကိုငွေတိုးက မငြင်းမဆန် မော့သောက်လိုက်လေသည်။

"ကဲ . . . ကျေနပ်ပြီလား၊ ပေးတော့ ပိုက်ဆံ"

ကိုငွေတိုးသည် ငွေရသည်နှင့် ခြံထဲမှ ကဆုန်ချကာ ထွက်ခွာသွားတော့၏။

ကိုငွေတိုးထွက်သွားမှ ချစ်သွေးသည် အခန်းတံခါးပိတ်ချက်ထိုးပြီး မြေပုံကို သေချာလေ့လာကြည့်ရှုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒီအိမ်ပုံစံရဲ့ နောက်ဘက်မှာ ကြက်ခြေခတ်ထားတာက ဘာလဲ၊ အဲဒီကြက်ခြေကနေ အိမ်ကြီးဆီကို အစက်ကလေးတွေပြထားပုံကြည့်ရတာက ဒီကြက်ခြေနဲ့ အိမ်ကြီးနဲ့ ဆက်သွယ်နေတဲ့သဘောပဲ ...၊

ဒါဆို ဒီကြက်ခြေက ဘာလဲ၊ ဘာဖြစ်နိုင်မလဲ ...၊

ဟုတ်ပြီ ... ဒါဟာ ဟိုမိသားစုဂူသင်္ချိုင်းပဲဖြစ်ရမယ်၊

ဒါဆို အဲဒီဂူသင်္ချိုင်းကနေ အိမ်ကြီးထဲကို ဝင်လို့ရတဲ့ လျှို့ဝှက်လမ်းရှိပုံရတယ်"

ချစ်သွေးသည် မြေပုံကိုကြည့်ရင်း စိတ်ဝင်စားသည်ထက် ဝင်စားလာတော့သည်။

"ဟုတ်ပြီ ... အဲဒီဂူသင်္ချိုင်းထဲ ဒီနေ့ည ဝင်ကြည့်ရမယ်"

✲ ✲ ✲





ဝိညာဉ်ဖြူ

အကာလည ...။

မိုးတိမ်တို့ကင်းစင်လျက်ရှိသော်လည်း လမိုက်ညမို့ ကြယ်တို့၏ မှိတ်တုတ်မှိတ်တုတ် အလင်းပျပျသာရှိပြီး ချယ်ရီမြိုင်ခြံဝင်းကြီးတစ်ခုလုံး မှောင်မိုက်လျက်ရှိသည်။

ညနေစောင်းက ခြံထဲသို့ စောမင်းနိုင်နှင့် ဘရှားတို့သုံးဦး မြင်းကိုယ်စီဖြင့် ပြန်ဝင်လာသည်ကို တွေ့ရ၏။

သူတို့ တစ်နေကုန် မြို့ပြင်မှမက်မန်းခြံသို့ [illegible]ားနေပြီး ညနေရောက်မှ ပြန်လာကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စောမင်းနိုင်တို့ပြန်ရောက်လာပြီး မိုးချုပ်သည်နှင့် အာစရိ ခေါ်ကြောင်း ကြိုးထုံးလာပြောသဖြင့် ချစ်သွေး လိုက်သွားရသည်။

စောမင်းနိုင်က ချစ်သွေးအတွက် ညစာစားပွဲ သီးသန့် ပြုလုပ်ပေးခြင်းဖြစ်၏။

အိမ်ကြီး၏ ထမင်းစားဆောင်မှာ ကျင်းပသည့် ညစာ စားပွဲသို့ စောမင်းနိုင်နှင့် သူ၏တပည့်ကျော်သုံးဦးအပြင် ချစ်သွေး တစ်ဦးတည်းသာ တက်ရောက်ရခြင်းဖြစ်သည်။

စောမင်းနိုင်က ပန်ဖန်းရွာတွင် ချစ်သွေး ဆောင်ရွက်ခဲ့ပုံ ကို ချီးကျူးစကားပြောပြီး ဘောက်ဆူးငွေနှစ်ရာ ထပ်ပေး၏။ ပြီးတော့ မကြာခင် တာဝန်တစ်ခု ထပ်ပေးမည်ဟု ပြောလေ သည်။

ညစာစားပွဲ၌ တရုတ်အရက်များအပြင် မိုးကုတ်ဘက်မှ လာသည့် လီရှောအရက်တို့က အလျှံပယ်ဖြစ်နေ၏။

ချိုပြီးမွှေးသော လီရှောအရက်ကို ဘရှားတို့လူစု အတော် ကြိုက်ပုံရသည်။ မီးတောက်အရက်က ပြင်းလွန်းသော်လည်း သောက်ကောင်းကောင်းဖြင့် ဘရှားတို့ တစွတ်စွတ်သောက်ကြ၏။

စောမင်းနိုင်ကိုယ်တိုင် အတော်များများသောက်သည်။ သူက ဇော်နဂါးအပေါ် အနိုင်ယူလိုက်နိုင်ခြင်းကို အတော်သ





ဘောတွေ့နေပုံ ရသည်။

ည ၉ နာရီနီးပါးလောက်ကျမှ ထမင်းစားပွဲကို သိမ်း သည်။ ဘရှားတို့သုံးဦးကတော့ အတော်ခေါင်းစိုက်နေပြီ။

ယင်းသို့ ညစာစားပွဲတွင် သူတို့လူစု အလွန်အကျွံ သောက်ကြခြင်းကို ချစ်သွေးက ကျိတ်ဝမ်းသာနေ၏။ သူကမူ အတန်အသင့်သာ သောက်ပြီး ဟန်ဆောင်နေခဲ့၏။

ညစာစားပွဲမှပြန်လာပြီး နှစ်နာရီကျော်ကျော်ခန့်အကြာ၌ ချစ်သွေးက သူ့အခန်းလေးထဲမှ တိတ်ဆိတ်စွာ ထွက်လာခဲ့သည်။

လမိုက်ညမို့ ကောင်းကင်၏အလင်းက မှုန်ဝါးဝါးမျှသာ။ ချစ်သွေးက ဖောင်တိန်အရွယ် လက်နှိပ်ဓာတ်မီးလေးကို ခပ်အုပ် အုပ်ထွန်းလျက် ခြံကြီး၏နောက်ပိုင်းသို့ သတိကြီးစွာ ခြေတစ်လှမ်း ချင်း လှမ်းလာခဲ့၏။

ချယ်ရီမြိုင်တစ်ခြံလုံးမှ တိတ်ဆိတ်ငြိမ်သက်လျက်ရှိကာ ပုစဉ်းရင်ကွဲမြည်သံ၊ ပုရစ်အော်သံတို့ကိုသာ တစ်ချီတစ်ချီ ကြား နေရသည်။

ချစ်သွေးက ခြံနောက်ပိုင်း သီးပင်စားပင်ကြီးများ၏ မှောင်ရိပ်ခိုကာ တစ်လှမ်းချင်းလျှောက်လှမ်းလာခဲ့ရာ [illegible]ကပျော တောကြီးကို ဖြတ်သန်းပြီးလျှင်မူ မိသားစုသ[illegible]ဂူကြီးဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာတော့၏။

'ဂစ်'

ညဉ့်ငှက်တစ်ကောင်က ဂူသင်္ချိုင်းကြီးပေါ်မှ အလန့်တကြား အော်ကာ ဖြတ်ပျံသွားသည်။

ချစ်သွေးက ဂူသင်္ချိုင်းကြီး၏အဝ၌ ပိတ်ဆီးထားသော သစ်သားတံခါးချပ်ကြီးမှ အာမခံသော့ခလောက်ကြီးသုံးလုံးကို သူ၏လျှို့ဝှက်သော့ဖွင့် သံချောင်းကွေးလေးဖြင့် ကြိုးစားလှည့်ဖွင့်တော့၏။

'ချောက်'

သော့ခလောက်တစ်ခုကို သုံးလေးမိနစ်သာ ကြာသည်။

သော့ခလောက်ကြီးသုံးခုလုံးပွင့်သွားမှ သူက သံတံခါးရွက်ကြီးနှစ်ချပ်ကို တွန်းဖွင့်တော့၏။

လေးလံလှသော သံတံခါးချပ်ကြီးတို့က အတော်လေးအားစိုက်တွန်းမှ တဖြည်းဖြည်းပွင့်သွားတော့သည်။

'ကျွီ ဟီ ဟီ ဟီ'

အကာလညဉ့်အခါဝယ် လူနာညည်းသံလို အသံကြီးထွက်ပေါ်လာပြီး ရင်ကွဲတံခါးက လူတစ်ယောက်ဝင်သာရုံ ပွင့်ဟသွားတော့သည်။





ချစ်သွေးသည် လက်နှိပ်ဓာတ်မီးထိုးပြီး တံခါးကြားမှ ဝင်ရောက်လိုက်၏။ ပြီးတော့ သူက တံခါးရွက်တို့ကို ပြန်ဆွဲပိတ်လိုက်၏။

ဆောင်းဝင်စမို့ နှင်းငွေ့ပါသော လေတဖြူးဖြူး တိုက်ခတ်နေသဖြင့် အပြင်ဘက်တွင် အေးစိမ့်နေသလောက် သင်္ချိုင်းဂူကြီးထဲတွင် နွေးထွေးလျက်ရှိသည်။

ဂူကြီးထဲတွင် မှိုစော်လိုလို အနံ့အသက်ကိုလည်း ခံစားရသည်။

ချစ်သွေးက လေးလက်မခန့်အမြင့်သာရှိသော ဂူပြားပြားလေးတို့၌ ရေးထွင်းထားသည့် စာသားများကို လိုက်ဖတ်ကြည့်လိုက်၏။

စော်ဘွားကြီးဦးခွန်မြတ်

အသက် ၈၂ နှစ်

၁၂၆၂ ခုနှစ်၊ တပို့တွဲလဆုတ် ၃ ရက် (အင်္ဂါနေ့)

ကွယ်လွန်သည်။

ထို့နောက် ဂူများမှာ စော်ဘွားကြီးဦးခွန်မြတ်၏ မယေားသီ



www.burmeseclassic.com

www.burmeseclassic.com



ဒေဝီမှစပြီး ဆွေတော်မျိုးတော်တို့၏ ဂူများဖြစ်သည်ကို တွေ့ရလေသည်။

ဂူအတော်များများ၏နောက်ဆုံးပိုင်းတွင် ဂူအသစ်လေးကို တွေ့ရလေ၏။

ယင်းဂူပြားပြားလေး၏အပေါ်တွင် နှင်းဆီပန်းအခြောက်အတော်များများကို တွေ့ရပြီး ပန်းရောင်ဖဲကြိုးလေးချည်ထားသည့် စက္ကူကတ်လေးတစ်ချပ်ကိုပါ တွေ့ရလေသည်။

ဂူ၏ထိပ်မှ ကမ္ပည်းကျောက်ပြားပေါ်ရှိ ဖုန်တို့ကို လက်ဖြင့် သုတ်သင်ပြီး ဖတ်ကြည့်လိုက်၏။

ချယ်ရီမြိုင်၏အရှင်သခင်မ
မနွဲ့လေးရီ
အသက် ၂၄ နှစ်
၁၂၉၀ ပြည့်နှစ်၊ ပြာသိုလဆုတ် ၁၃ ရက် (တနင်္လာနေ့)
ကွယ်လွန်သည်။

ချစ်သွေးမှာ အုတ်ဂူလေးကို လက်နှိပ်မီးဖြင့် ထိုးကြည့်ရင်း ရင်ထဲတွင် လှိုက်ခနဲ တုန်ခါသွားလောက်အောင် စိတ်နှလုံး





ထိခိုက်ကြေကွဲသွားရတော့သည်။

ထို့ကြောင့်သူက ဂူလေး၏နံဘေးတွင် ဒူးတစ်ဖက်ထောက် ထိုင်ချလိုက်ပြီး အုတ်ဂူပြားပြားလေးကို အတန်ကြာငြိမ်သက်စွာ ငေးကြည့်နေမိတော့၏။

"ဪ၊ နွဲ့လေးရီရယ် . . . ငယ်ငယ်ရွယ်ရွယ်နဲ့ လူ့လောက ကနေ မင်းထွက်ခွာသွားရတယ်နော်၊ မင်းအတွက်တို့ ကြေကွဲရပါတယ်ကွယ် . . .၊

မင်း ဘာကြောင့် အသေစောရတာလဲ၊ မင်း ဘယ်လိုဖြစ်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ သေရတာလဲဆိုတာ တို့သိအောင် စုံစမ်းဖို့ ဒီချယ်ရီမြိုင်ကိုရောက်လာရတာပါပဲ နွဲ့လေးရီရယ် . . .၊

စောမင်းနိုင်ရဲ့ပယောဂကြောင့် မင်း သေရတယ်ဆိုရင်တော့ စောမင်းနိုင်နဲ့ငါနဲ့ ပွဲကြီးပွဲကောင်းတွေ့ပြီပေါ့"

ချစ်သွေးက အံကြိတ်ကာ စိတ်ထဲမှ ရေရွတ်လိုက်ရင်း ပန်းနုရောင်ဖဲကြိုးလေးစည်းထားသည့် စက္ကူကတ်ပြားရှည်ရှည်လေးကို ကောက်ယူလိုက်၏။

ကတ်ပြားဖြူဖြူလေးမှာ ဖုန်တို့ကြောင့် အတော်ညစ်ပေလျက်ရှိသော်လည်း အနီရောင်စာလုံးများက ထင်းလျက်ရှိလေသည်။ ❀



www.burmeseclassic.com

www.burmeseclassic.com



အကျယ်သုံးလက်မ၊ အရှည်ရှစ်လက်မခန့်ရှိသော ကတ်ပြားလေးပေါ်မှ စာကြောင်းတို့ကို ချစ်သွေးဖတ်ကြည့်လိုက်၏။

နွဲ့လေး…

ဘဝကို အစကနေ ပြန်စချင်တဲ့ မင်းရဲ့ဆန္ဒ ပြည့်သွားပြီပေါ့။

မင်းကို မိုက်မဲစွာချစ်မိတဲ့ စောမင်းနိုင်

စာ၏အနက်အဓိပ္ပာယ်က နက်ရှိုင်းလှသဖြင့် ချစ်သွေးမှာ ကတ်ပြားလေးကိုကိုင်လျက် တွေဝေသွားသည်။

"ဒီစာရဲ့အဓိပ္ပာယ်က ဘာလဲ"

ချစ်သွေး ခေါင်းခြောက်သွားသည်။ ဤဂူသချိုင်းကြီးထဲ ဝင်ခဲ့ရသည့်မူလရည်ရွယ်ချက်ကိုပင် မေ့လျော့သွားရသည်။

ခဏကြာမှ သတိဝင်လာပြီး ကတ်ပြားပေါ်မှ စာကို စိတ်ထဲတေးမှတ်ထားလိုက်ကာ ထိုင်ရာမှထရပ်လိုက်လေ၏။

ပြီးလျှင် သချိုင်းဂူကြီး၏အနံ့သို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကာ စေ့စေ့စပ်စပ် စူးစမ်းကြည့်ရှုလိုက်သည်။

"အင်း … ဒီဂူသချိုင်းကြီးထဲမှာ လျှို့ဝှက်ဝင်ပေါက်ရှိတယ် ဆိုရင်လည်း ဂူကြမ်းပြင်မှာပဲရှိမယ်"

အင်္ဂတေခင်းဂူကြမ်းပြင်တစ်လျှောက်ဝယ် ထူးခြားမှု တစ်စုံတစ်ရာမတွေ့ရချေ။





သို့သော် ဂူကြီး၏လက်ယာဘက်ထောင့်ကို သေချာစွာ စူးစမ်းကြည့်လိုက်သည့်အခါမှာမူ …

"ဟင် ဒီမှာ အင်္ဂတေတွေ ပွနေပါလား"

ချစ်သွေးက ဒူးတစ်ဖက်ထောက်ထိုင်ချလိုက်ပြီး ပွနေမွနေသည့် အင်္ဂတေသားတို့ကို လက်ဖြင့် ယက်ထုတ်ကြည့်လိုက်ရာ တစ်ထွာခန့်အနက် ယက်ထုတ်ပြီးသည့်အခါမှာမူ ထောင်လျက်တည်ရှိနေသော သံကွင်းတစ်ခုကို တွေ့ရတော့၏။

"အလို … သံလက်ကိုင်ကွင်းတစ်ကွင်းပါလား"

ချစ်သွေးက ယင်းသံလက်ကိုင်ကွင်းကို တဖြည်းဖြည်း အားစိုက်ဆွဲကြည့်လိုက်၏။

အတော်လေးအားစိုက်ဆွဲလိုက်သည်တွင် သံလက်ကိုင်ကွင်းက အပေါ်သို့ မြောက်ပါလာတော့သည်။

သံလက်ကိုင်ကွင်းနှင့်တွဲလျက် ငါးမူးလုံးသံချောင်းရှည်က တစ်တောင်ခန့်မြေပေါ်သို့ ပေါ်လာ၏။

ထိုသို့ တစ်တောင်ခန့်ပေါ်လာပြီးသည့်အခါမှာမူ အပေါ်သို့ ဆက်ဆွဲမ၍ မရတော့ချေ။

ချစ်သွေးက လက်ကိုင်ကွင်းမှကိုင်ကာ သံချောင်းကို တွန်းလှည့်ကြည့်လိုက်၏။ သံချောင်းက နံရံဘက်သို့တွန်း၍မရချေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်သို့မူ ဆွဲ၍ရသဖြင့် အားစိုက်ကာ ဆွဲချလိုက်လေရာ . . .

'ဂျစ် ဂျစ် ဂျစ် ဂျစ်'

''ဟင်''

ကျောဘက်ဆီမှ ကျောက်သားချင်းပွတ်ကြိတ်သံများ ထွက်ပေါ်လာသဖြင့် နောက်သို့ အံ့အားတသင့် လှည့်ကြည့်လိုက်မိလေသည်။

ချစ်သွေး ကျောခိုင်းထားသည့် ဂူ၏ရှေ့ဘက်ရှိဂူမှာ ဘေးသို့ ရွေ့လျားလျက်ရှိသည်ကို တွေ့ရလေ၏။

လေးလက်မခန့်အမြင့်ရှိသည့် ဂူပြားချပ်ကြီးမှာ နံဘေးသို့ ဖြည်းဖြည်းချင်း ရွေ့လျားသွားရာ အန်ဖုံးတစ်ခုကို ဖွင့်လိုက်သကဲ့သို့ မူလဂူကျောက်ပြားနေရာတွင် စတုဂံပုံအပေါက်တစ်ပေါက် ပေါ်လာတော့၏။

လူတစ်ယောက်ဝင်သာရုံ အပေါက်ဖြစ်ပြီး အောက်ဘက်သို့ဆင်းသည့် ကျောက်သားလှေကားထစ်များကို တွေ့ရလေသည်။

ထိုအပေါက်ကိုငုံ့ကြည့်နေစဉ် သူ ၏ ဝဲဘက်ပခုံးကို တစ်စုံတစ်ယောက်က ဝင်တိုက်လိုက်သလို ခံစားလိုက်ရသဖြင့် ဖျတ်





ခနဲ ခေါင်းငဲ့ကြည့်လိုက်ရာ ဖြူဖြူအငွေ့တစ်ခုက သူ့ကို ပွတ်တိုက်လျက် မြေအောက်အပေါက်ထဲ ဝင်သွားသည်ကို တွေ့လိုက်ရတော့၏။

''ဟင်''

ချစ်သွေးသည် ကြက်သီးဖြန်းခနဲထသလိုလို ခံစားလိုက်ရသည်။ သူသည် သတ္တိခေသူမဟုတ်သော်လည်း ထူးဆန်းသည့် အတွေ့အကြုံကြောင့် စိတ်အတော်လှုပ်ရှားသွားရ၏။

ညစာစားပွဲတုန်းက သောက်ထားခဲ့သည့် လီရှောအရက်၏ တန်ခိုးကြောင့်ပဲ အာရုံမှားမြင်မိလေသလား။

သူက မီးတောက်အရက်ကို လျှိုသောက်ခဲ့သော်လည်း အရက်သိပ်သောက်လေ့သောက်ထမရှိသဖြင့် ခေါင်းထဲ တစစ်စစ်ထိုးသလိုလို၊ ရိပ်ခနဲမူးသလိုလို ခံစားနေရသည်မှာ အမှန်ပဲဖြစ်၏။

မည်သို့ဖြစ်စေ . . .

မိန်းမတစ်ဦး၏သဏ္ဍာန် ဖြူဖြူအငွေ့တစ်ခုက သူ့ကို ပွတ်တိုက်တိုးဝှေ့ကာ မြေအောက်ထဲ ဆင်းသွားသည်ကတော့ အမှန်ပဲ ဖြစ်သည်။

ထိုစဉ် မြေအောက်လိုဏ်ထဲမှ မွှေးပျံ့သောရနံ့တစ်ခု လွင့်တက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါ Evening In Paris ရေမွှေးနံ့ပဲ၊ ဒီ ဒီ ရေမွှေးဟာ နွဲ့လေးရဲ့ အမြဲဆွတ်နေကျ ရေမွှေးပဲ"

သူ အံ့အားသင့်သွားပြီး မြေအောက်ထဲဆင်းရန် ချီတုံချတုံ ဖြစ်သွား၏။

ထိုစဉ် လက်နှိပ်ဓာတ်မီးက အားနည်းကာ မှိန်သည်ထက် မှိန်လာတော့သည်။ ထို့ကြောင့် ချစ်သွေးမှာ ဓာတ်ခဲလေးများကို အသစ်လဲထည့်ရသည်။

ဓာတ်ခဲလဲစဉ် ဂူသချိုင်းကြီးထဲမှာ မှောင်ပိန်းလို့နေသည်။ မှောင်လေ ရေမွှေးနံ့က ကြိုင်လှိုင်လေ ဖြစ်လာ၏။

ချစ်သွေးသည် လက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ ကျောက်သား လှေကားထစ်တို့ကိုနင်းလျက် အောက်သို့ဆင်းသွားရာ လှေကားထစ်တို့၏အဆုံးတွင် လိုဏ်လမ်းကို တွေ့ရလေသည်။

သူက နှစ်ပေခွဲခန့်သာကျယ်သော အင်္ဂတေမံထားသည့် လိုဏ်လမ်းအတိုင်း တစ်လှမ်းချင်းလျှောက်လှမ်းဝင်လာခဲ့တော့၏။

ရှည်လျားကွေ့ကောက်သော လိုဏ်လမ်းမှာ တစ်နေရာအရောက်တွင် ဆုံးသွားပြီး ရှေ့၌ အုတ်နံရံကြီးပိတ်ဆီးခံလျက်ရှိတော့သည်။

ချစ်သွေးက ထိုအုတ်နံရံကြီး၏အောက်ခြေအနှံ့ ရှူးစမ်း





မီးရောင်ထွက်ကျနေသည့် အခန်းတံခါးရှေ့သို့ ရောက်သွားသည်တွင် အခန်းအတွင်းမှ အသံဗလံတို့ကို နားစွင့်လိုက်၏။

အခန်းထဲမှ စကားသံသဲ့သဲ့ကို ကြားရသည်။ စောမင်းနိုင်၏အသံပဲ ဖြစ်ပါသည်။ သူ့အသံက အရက်မူးသံပါနေသော်လည်း ကြေကွဲသံပါ ရောစွက်နေ၏။

"နွဲ့လေးရယ် ... မင်းက ဘဝကို အစကပြန်စချင်တယ် ... ဟုတ်လား၊ မင်းကိုသိပ်ချစ်တဲ့ ငါ့ကို ပစ်ခွာချင်လို့ အဲဒီစကား ပြောတာမဟုတ်လား။ ငါ ငါ့ကို အဲဒီစကားမပြောပါနဲ့တော့ နွဲ့လေးရယ် ... အဲဒီစကား ငါ့ကိုမပြောနဲ့ ... မပြောနဲ့"

စောမင်းနိုင်၏အသံက အနည်းငယ်ကျယ်လာပြီး မာလည်းမာလာ၏။

"အဲဒီစကားကို ငါ မုန်းတယ်နွဲ့လေး ... သိပ်မုန်းတယ်၊ သိရဲ့လား၊ မင်းရဲ့ဘဝဟောင်းတုန်းကလည်း အဲဒီစကားကိုပဲ မင်းပြောခဲ့တယ် ... ဟုတ်တယ် မဟုတ်လား။ အဲဒီစကားကြောင့်ပဲ ငါက မင်းကိုဘဝသစ်ဆီ ပို့လိုက်တာလေ ... ဟား ဟား ဟား"

ထို့နောက် စောမင်းနိုင်၏အသံက တိတ်သွားသည်။ ခဏအကြာမှ စောမင်းနိုင်၏အသံ ပြန်ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ နွဲ့လေး ... နင်ရောက်ချင်တဲ့ဘဝသစ်ကို အခု ရောက်ခဲ့ပြီမဟုတ်လား၊ နောက်ထပ်ဘဝသစ်ကို ထပ်ပြောင်းချင် တယ်လို့ မပြောနဲ့နော်၊ ပြောရင်လည်း ထပ်ပို့မှာပဲ ... သိလား၊ သိရဲ့လား"

စောမင်းနိုင်၏အသံက ပိုကျယ်ကာ ပိုကြမ်း ပိုမာလာ၏။

ထို့နောက် ခုံရွေ့လျားသံ၊ တံခါးဝဆီ ခြေသံပြင်းပြင်း ဖြင့် လှမ်းလာသံတို့ကို ကြားရရာ။

ချစ်သွေးလည်း စင်္ကြံလမ်းအတိုင်း ခပ်သုတ်သုတ် ပြန် လျှောက်ခဲ့ပြီး မူလထွက်လာသည့် စေ့ရုံစေ့ထားခဲ့သော တံခါး ပေါက်မှ ပြန်ဝင်ခဲ့တော့၏။

သူက တံခါးကို ခပ်ဟဟထားပြီး စင်္ကြံလမ်းဘက် ချောင်းကြည့်နေရာ စောမင်းနိုင်က တံခါးဖွင့်ပြီးထွက်လာသည်ကို တွေ့ရ၏။

စောမင်းနိုင်၏လက်ထဲတွင် ဖန်မီးအိမ်တစ်ခုကို ကိုင် ထားသဖြင့် စင်္ကြံလမ်းတွင် အလင်းရောင်ဖြာသွားသည်။

စောမင်းနိုင်က တံခါးကိုပြန်ပိတ်ပြီး သော့ခတ်လျက်ရှိ သည်။ ပြီးမှ စင်္ကြံလမ်းအတိုင်း တစ်ဖက်ထိပ်ဆီသို့ လှမ်းလျှောက် သွားပြီးလျှင် အခန်းတစ်ခန်းထဲသို့ ဝင်သွားရာ စင်္ကြံလမ်းဝယ်





မီးရောင်ပျောက်ကွယ်သွားကာ မှောင်မည်းသွားတော့၏။

"အင်း ... စောမင်းနိုင်ရှိခဲ့တဲ့အခန်းထဲ ဝင်ကြည့်ရ မယ်၊ အဲဒီအခန်းထဲမှာ တစ်ယောက်ယောက်ရှိနေလို့ စောစောက သူ စကားပြောနေခဲ့တာလား"

နာရီဝက်ခန့်ကြာအောင် အမှောင်ထဲမှာ ချစ်သွေးရပ် စောင့်နေလိုက်သည်။ စံအိမ်ကြီးတစ်ခုလုံး တိတ်ဆိတ်လျက်ရှိပြီး ရံဖန်ရံခါ အိမ်မြှောင်စုတ်ထိုးသံကိုသာကြားရ၏။

"ဒီအိမ်ပေါ်ထပ်မှာ စောမင်းနိုင်တစ်ယောက်တည်း နေ တယ်ဆိုပြီး ဘယ့်နှယ် စကားပြောဖော်ရှိနေရတာလဲ"

နာရီဝက်ကျော်ကျော်ခန့် သူ စောင့်စားခဲ့ပြီးနောက် စင်္ကြံလမ်းထဲ ပြန်ထွက်လာခဲ့သည်။

ချစ်သွေးက လက်နှိပ်ဓာတ်မီးကို ခပ်အုပ်အုပ်ထွန်းရင်း စောစောက စောမင်းနိုင်ထွက်ခဲ့သည့် အခန်းရှေ့သို့ ခြေဖွနင်း လျှောက်လာခဲ့၏။

တံခါးရှေ့အရောက်ဝယ်၊ တံခါး၏မျောက်လက်၌ ခတ် ထားသော သော့ခလောက်ကို သော့ဖွင့်သည့်ကိရိယာဖြင့် လှည့်ဖွင့်လိုက်လေသည်။

ခဏအကြာမှာပင် သော့ခလောက်က ပွင့်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



'ချောက်'

သူက မျောက်လက်မှနေ၍ သော့ခလောက်ကိုဖြုတ်လိုက်ပြီး စင်္ကြံလမ်းတစ်လျှောက်သို့ လှမ်းမျှော်ကြည့်လိုက်သေး၏။

အရာအားလုံး ငြိမ်သက်တိတ်ဆိတ်နေသည်ကို အကဲခတ်လိုက်ပြီးမှ တံခါးရွက်ကို အသာတွန်းဖွင့်ကာ အခန်းထဲခေါင်းပြူဝင်လိုက်တော့သည်။

ထို့နောက် . . .

လက်နှိပ်ဓာတ်မီးလေးဖြင့် အခန်းထဲသို့ ထိုးကြည့်လိုက်ရာ ထိုအခန်းမှာ ဆယ့်ငါးပေပတ်လည်ခန့် ကျယ်ဝန်းသည့် အိပ်ခန်းတစ်ခုဖြစ်ကြောင်း တွေ့ရပြီး အခန်း၏နံရံတစ်ဖက်နားတွင် တစ်ယောက်အိပ်ကျွန်းခုတင်တစ်လုံး ရှိနေ၏။

ယင်းခုတင်ပေါ်တွင် ပန်းရောင်ဇာခြင်ထောင်ချထားပြီး အိပ်ရာထက်၌ တစ်စုံတစ်ဦး လဲလျောင်းအိပ်စက်နေသည်ကို တွေ့ရသည်။

ထူးခြားသည်က ယင်းအခန်းထဲတွင် Evening In Paris ရေမွှေးရနံ့ သင်းထုံနေခြင်းပင်တည်း။

ဇာခြင်ထောင်က ပါးလျသော်လည်း ဖောင်တိန်လက်နှိပ်ဓာတ်မီး၏ အလင်းကလည်း ခပ်ဝေးဝေးအထိ မစူးရောက်သဖြင့်





ခုတင်အိပ်ရာပေါ်၌ လဲလျောင်းအိပ်စက်နေသူကို ပီပြင်စွာ မတွေ့ရချေ။

"ဟင် . . . နွဲ့ နွဲ့လေးရီများလား၊ နွဲ့လေးရီ တကယ်မသေဘူးလား"

သူ့ရင် ဒိန်းခနဲခုန်ကာ လွန်စွာ စိတ်လှုပ်ရှားသွားရ၏။

အံ့သြခြင်းကြီးစွာဖြင့် အိပ်မက်မက်ရင်း လမ်းလျှောက်သူနယ် အခန်းထဲသို့ တစ်လှမ်းချင်းလှမ်းဝင်ခဲ့ပြီး ခုတင်အနီးသို့ချဉ်းကပ်လာခဲ့မိချေပြီ။

ခုတင်အနီးအရောက်ဝယ် ခြေစုံရပ်လိုက်ပြီး လက်နှိပ်ဓာတ်မီးဖြင့် ဇာခြင်ထောင်ထဲသို့ ထိုးကြည့်ရင်း သူ၏ရင်ကတုန်လှုပ်လာသည်။

အိပ်ရာပေါ်ဝယ် မိန်းကလေးတစ်ယောက် ပက်လက်အနေအထားဖြင့် အိပ်စက်လျက်ရှိသည်မှာ သေချာ၏။

သို့သော် ထိုမိန်းမသည် နွဲ့လေးရီမဖြစ်နိုင်ချေ။ နွဲ့လေးရီက ဖြူဖြူဝင်းသော အသားအရေနှင့် စိုပြည်တောင့်တင်းလှပသူဖြစ်သည်။

ယခု ဇာခြင်ထောင်ထဲမှ အမျိုးသမီးက ခပ်မည်းမည်းနှင့် ခပ်ပိန်ပိန်အသွင်သဏ္ဌာန်မျိုးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒါပေမဲ့ နွဲ့လေးရီက နောက်ပိုင်းမှာ ကျန်းမာရေး မကောင်းဘူးတဲ့၊ သူ သူနာမကျန်းသိပ်ဖြစ်ပြီး ပိန်ချုံးသွားတာ များလား"

ဇဝေဇဝါစိတ်နှင့်အတူ ချစ်သွေးက ရှေ့သို့ တစ်လှမ်းတိုးလိုက်ပြီး ဇာခြင်ထောင်ကို လက်တစ်ဖက်ဖြင့် ဆွဲမလိုက်၏။

"ဟင် ... အလိုလေး"

သူ ထိတ်လန့်တကြားဖြစ်သွားပြီး ခြင်ထောင်အစကိုပင် ယောင်၍ လွှတ်ချလိုက်မိသည်။

လက်နှိပ်ဓာတ်မီးရောင်အောက်တွင် သူတွေ့လိုက်ရသည်က အသားအရေ ညှိုးခြောက်ကာ ပိန်ကပ်နေသည့်အဘွားအိုလို မိန်းမကြီးဖြစ်၏။

"ဟာ ... သူ သူက ဘယ်သူပါလိမ့်၊ အိပ် အိပ်နေတာရော ဟုတ်ရဲ့လား"

သူ့စိတ်ထဲတွင် လူသေကောင်ကြီးဟုထင်လိုက်သဖြင့် အတော် တုန်လှုပ်ချောက်ချားသွားတော့သည်။

ချစ်သွေးက မျက်မှောင်ကုတ်လိုက်ပြီး ဇာခြင်ထောင်ကို ထပ်မကာ သည်တစ်ခါတော့ လက်နှိပ်ဓာတ်မီးဖြင့် အသေအချာ ထိုးကာ စူးစမ်းကြည့်ရှုလိုက်တော့သည်။





ပန်းရောင်နှင်းဆီပွင့်ပုံကြီးများပါသည့် ဖဲမွေ့ရာခင်းပေါ်တွင် အသားအရေ ညှိုးခြောက်ပိန်ကပ်ကာ အရိုးပေါ်အရေတင်နေသည့် မိန်းမတစ်ယောက်က ပက်လက်လဲလျောင်းလျက်ရှိ၏။ မလှုပ်မယှက် လဲလျောင်းနေသည့် ထိုမိန်းမသည် အသက်ဝိညာဉ်ကင်းမဲ့နေသည့် ရုပ်အလောင်းကြီးသာဖြစ်၏။

ထိုရုပ်အလောင်း၏ ညှိုးခြောက်နေသော ဆံပင်ရှည်ရှည်တို့က ဖဲခေါင်းအုံးပေါ်နှင့် ဘေးဘက်တို့တွင် ဖရိုဖရဲ ဖားလျားကျလျက်ရှိလေသည်။

သနပ်ခါးရောင်ရင်စေ့လက်ရှည် ဖဲသားအင်္ကျီဝတ်ဆင်ပေးထားသည့် ထိုမိန်းမရုပ်အလောင်း၏ အောက်ပိုင်းခါးအထက်အထိကိုမူ ဂွမ်းစောင်ခြုံပေးထား၏။

ဝမ်းဗိုက်ပေါ်တွင် ယှက်တင်ထားသည့် ရုပ်အလောင်း၏ လက်များက အရိုးခြောက်လက်များနှယ် ခြောက်ကပ်မည်းညိုလျက် ရှိသော်လည်း ဝဲဘက်လက်ခလယ်နှင့် လက်သူကြွယ်တို့တွင် ပတ္တမြားလက်စွပ်နှင့် စိန်လက်စွပ်တို့ကို ဝတ်ဆင်ထားရာ မီးရောင်အောက်တွင် ပတ္တမြားသွေးက ရဲစိုနေသလို စိန်လက်စွပ်ကလည်း တဖျပ်ဖျပ် တောက်လက်နေချေ၏။

ရုပ်အလောင်း၏မျက်နှာဝယ် အသားကျ၍ မရှိသ



www.burmeseclassic.com

www.burmeseclassic.com



လောက် ခြောက်ကပ်နေကာ မျက်တွင်းတို့က ဟောက်ပက်ဖြစ်နေပြီး နှာတံကပြားကပ်ကာ ပွင့်ဟလျက် ဟောင်းလောင်းပေါက်ဖြစ်နေသော နှာခေါင်းပေါက်နှစ်ပေါက်ကိုသာ တွေ့ရလေသည်။

ပါးစပ်က မောက်နေကာ၊ နှုတ်ခမ်းသားတို့က ရှုံ့တွတွန့်တိုတက်နေပြီး သွားအဖွေးသားပေါ်နေဟန်က သွားဖြဲပြနေသလို ထင်ရလေ၏။

သို့သော် မျက်နှာပေါ်မှ အသားအရေတို့၏ တည်နေဟန်နှင့် သန့်စွမ်းသည့်ဆံပင်တို့ကို ကြည့်ခြင်းအားဖြင့် အသက်ကြီးကြီးမိန်းမ မဖြစ်နိုင်ဘဲ ပျို့ရွယ်သူတစ်ဦး၏ ရုပ်အလောင်းသာဖြစ်နိုင်ပေ၏။

ချစ်သွေးက အလောင်းကောင်၏အဝတ်အစားတို့ဆီမှ ပျံ့လွင့်နေဟန်ရှိသော Evening In Paris ရေမွှေးရနံ့ကို ရှူရှိုက်မိနေရင်း ...

"ဒါ ဒါ နွဲ့လေးရီများလား"

ဟု ချောက်ချားစွာ တွေးလိုက်မိလေသည်။

အကယ်၍ ဤရုပ်အလောင်းသည် နွဲ့လေးရီ၏ ရုပ်အလောင်းဖြစ်ခဲ့လျှင်လည်း သူ့အနေဖြင့် မှတ်မိနိုင်စရာမရှိချေ။

တစ်ချိန်က ပျိုမျစ်လှပခဲ့လေသော သုံးဆယ့်နှစ်ကောဋ္ဌာ





သတို့သည် ယခုအခါ အသုဘ (၁၀) ပါးတွင် တစ်ပါးအပါအဝင်ဖြစ်ခဲ့ချေပြီ။

ဥဒ္ဓုမာတက – ဖူးဖူးရောင်သော လူသေကောင်၊

ဝိနီလက – မူလအသားအရေ ညိုပုပ်နီစွေးသည့်အရောင်တို့ ရောယှက်လျက် အရောင်အဆင်းပျက်နေသော လူသေကောင်၊

ဝိပုဗ္ဗက – ပုပ်ရိပြီး အသားအက်ကွဲကြောင်းတို့နှင့် ဒွာရပေါက်တို့မှ သွေးပုပ်၊ ပြည်ပုပ်တို့ ယိုကျနေသော လူသေကောင်၊

ဝိစ္ဆိဒ္ဒက – အရေပြားများ အလွှားလွှားကွာလျက် ကွဲအက်နေသော လူသေကောင်၊

ဝိက္ခာယိတက – ခွေး၊ ကျီး၊ လင်းတ စသည်တို့ ထိုးဆွကိုက်ခဲ၍ မွမွကြဲကြဲနေသော လူသေကောင်၊

ဝိက္ခိတ္တက – ခြေတခြား၊ လက်တခြား၊ ခေါင်း၊ ကိုယ် စသည်တို့ကို ကစဉ့်ကလျား ပစ်လွှင့်ထားအပ်သော လူသေကောင်၊

ဟတဝိက္ခိတ္တက – ခြေ၊ လက်၊ ကိုယ်၊ ခေါင်း စသည်တို့ကို တခြားစီဖြတ်လျက် [illegible]



www.burmeseclassic.com

www.burmeseclassic.com



အောင် မွှန်း၍ တကွဲတပြား လွှင့်ပစ်ထား သော လူသေကောင်၊

**ဝေဓာဟိတက** – ထိုမှ ဤမှ သွေးယိုထွက်၍ အန့်အပြား သွေး လိမ်းကျံနေသော လူသေကောင်၊

**ပုဠုဝက** – ပိုးလောက်များ ကျိကျိတက်ပြည့်နေသော လူသေကောင်၊

**အဋ္ဌိက** – အရိုးစုသာကြွင်းကျန်ရစ်သော လူသေကောင် ဟူ၍ အသုဘ (၁၀) ပါးရှိရာ . . .

ဤရုပ်အလောင်းသည်ကား ဝိနီလက – အသားအရေ အရောင်အဆင်းပျက်လျက်ရှိသော လူသေကောင်အသုဘဟု ဆိုရမည်ဖြစ်ပါ၏။

အလောင်းကောင်ကို စေ့စေ့ကြည့်ရင်း ချစ်သွေး၏ စိတ်ထဲတွင် ဤအလောင်းကောင်သည် တစ်ချိန်က သူလွန်စွာ ချစ်မြတ်နိုးခဲ့လေသော နွဲ့လေးရီဟု စိတ်ထဲတွင် ထင်မြင်ယူဆ လာသလို ကြည့်နေရင်းနှင့်ပင် ဤမျှ ရုပ်ဆင်းပျက်နေသည့် အသုဘကောင်ကြီးသည် ချစ်မြတ်နိုးဖွယ် ကောင်းလှသည့် သူ့ ချစ်သူလေး ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ဟု စိတ်ဝယ် ခံစားလာရ လေသည်။





မည်သို့ဖြစ်စေ သူသည် မရဏာနုဿတိကို ဆင်ခြင် နိုင်သူမဟုတ်သေးသဖြင့် သူ မည်သို့မျှ မမှတ်မိနိုင်တော့သည့် ရုပ်အလောင်းကြီးကို ဆက်လက်မရှုစားနိုင်တော့ဘဲ အခန်း ဝန်းကျင်ကိုသာ လှေ့လာကြည့်ရှုနေလိုက်လေ၏။

သို့သော် အခန်းထဲမှာ ထူးထူးခြားခြား မည်သည့်အရာမျှ မတွေ့ရချေ။

"အင်း . . . ဒီအခန်းဟာ ဒီအလောင်းကြီးပြင်ထားရုံ သက်သက် သီးခြားထားတာနဲ့ တူရဲ့"

မသာခုတင်ကြီးနှင့် အခန်းနံရံရှိ သံချိတ်မှ တွဲလောင်း ကျနေသော မှန်အိမ်တစ်လုံးမှလွဲ၍ အခန်းထဲတွင် မည်သည့် အိမ်ထောင်ပရိဘောဂမျှ မရှိချေ။

ထို့နောက် ဤအခန်းသည် အိမ်ကြီး၏မည်သည့်နေရာမှ အခန်းဖြစ်သည်ကို သိလိုသဖြင့် ပြတင်းတံခါးတစ်ချပ်ကို အသံ မမြည်အောင် ချက်ဖြုတ်ပြီး အသာတွန်းဖွင့်ကြည့်လိုက်လေသည်၊

'ကျွီ'

ပြတင်းတံခါးရွက်တို့က အသံအနည်းငယ်သာထွက်ပြီး ပွင့်ဟသွားသည်တွင် ကြယ်ရောင်လှဲ့လှဲ့သာရှိသော ညဝန်းကျင် ကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းငွေ့ဆွတ်သော အေးမြသည့်လေပြည်ရိုင်းက ပြတင်းဝမှ ရုတ်တရက် ပြေးဝင်လာ၏။

ချစ်သွေးသည် ပြတင်းတံခါးဝမှနေ၍ ခြံထဲသို့ ငုံ့ကြည့်လိုက်ရာ ချုံမည်းမည်းကြီးတစ်ခု၏ဘေးမှ ဖြူဖြူအရာတစ်ခုကို တွေ့ရလေသည်။ ယင်းဖြူဖြူအရာမှာ ကျောက်ဖြူသားထိုင်ခုံတန်းလေး ဖြစ်၏။

''ဟင် . . . ဒီနေရာဟာ ငါ ဟိုနေ့ညက ရောက်ခဲ့တဲ့နေရာလေးပဲ''

သူက မကြာသေးမီ ညတစ်ညဝ္ဌ ကြက်တူရွေးပန်းရုံနံဘေးရှိ ကျောက်သလင်းဖြူ ခုံတန်းလေးဆီအရောက်တွင် စံအိမ်ကြီး၏အပေါ်ထပ် ပြတင်းဝတစ်ခုဝယ် နွဲ့လေးရီ၏ပုံရိပ်ကို တွေ့လိုက်ရခြင်းအား အမှတ်ရသွားမိတော့သည်။

''ဟင် . . . ဒါ ဒါဆို ငါ အဲဒီညက နွဲ့လေးရီရဲ့ပုံရိပ်ကို တွေ့လိုက်ရတာဟာ ဒီပြတင်းပေါက်ပဲဖြစ်မယ်''

ထိုစဉ် သူ့ပခုံးကို တစ်စုံတစ်ဦးက ပုတ်လိုက်သလို ခံစားလိုက်ရသဖြင့် ဖျတ်ခနဲလှည့်ကာ မီးထိုးကြည့်လိုက်သော်လည်း မည်သူတစ်စုံတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရချေ။

သူသည် ကြောက်တတ်သူမဟုတ်သည့်တိုင် သူ၏





တစ်ကိုယ်လုံး ရှိန်းခနဲဖြစ်သွားပြီး အတန်ကြာ ကြက်သေသေကာ ငူငူကြီးရပ်နေမိ၏။

ချစ်သွေးက ခုတင်ကြီးဆီသို့ လက်နှိပ်မီးထိုးကြည့်လိုက်၏။ ဇာခြင်ထောင်က ပြတင်းဝမှ တိုးဝှေ့ဝင်လာလျက်ရှိသည့် လေပြည်ရိုင်းကြောင့် လှိုင်းထလှုပ်ခါလျက်ရှိလေသည်။

ချစ်သွေး၏ ရင်ထဲဝယ် ဆို့နစ်ကြေကွဲသလို ခံစားနေရ၏။ သူက အတန်ကြာမှ သက်ပြင်းချလိုက်ပြီး ပြတင်းတံခါးချပ်တို့ကို အသာဆွဲပိတ်လိုက်သည်။

ပြီးလျှင် ခုတင်ဆီလျှောက်သွားကာ ဇာခြင်ထောင်ကို ဖြတ်လျက် လက်နှိပ်ဓာတ်မီးဖြင့် အတန်ကြာ ထိုးကြည့်နေလိုက်သေး၏။

ထိုသို့ ငေးငေးငူငူရယ်ရင်း လက်နှိပ်မီးဖြင့် ထိုးကြည့်နေရာမှ တိုးတိုးဖွဖွ ပြောလိုက်မိသည်။

''နွဲ့လေးရီ နွဲ့လေးရီ . . . မင်းဟာ နွဲ့လေးရီများ ဖြစ်နေမလားကွယ်၊ မင်းဟာ နွဲ့လေးရီများ ဖြစ်နေမလား။ မင်းဟာ နွဲ့လေးရီဖြစ်နေတယ်ဆိုရင်တော့ ကိုယ့်ကိုခွင့်လွှတ်ပါ၊ မင်းဟာ ကိုယ် လုံးဝမမှတ်မိဘူး၊ ဒါပေမဲ့ မင်းဟာ နွဲ့လေးရီ ဟုတ်သည်ဖြစ်စေ, မဟုတ်သည်ဖြစ်စေ နွဲ့လေးရီ ဘာကြောင့်မသေဆုံးရ



www.burmeseclassic.com

www.burmeseclassic.com



သလဲဆိုတာကိုတော့ ကိုယ်ရအောင် စုံစမ်းထောက်လှမ်းရမှာပဲ၊

နွဲ့လေးရီ သွေးရိုးသားရိုးသေတာမဟုတ်ဘဲ တစ်စုံတစ်ဦးရဲ့ပယောဂကြောင့် သေရတာဆိုရင်တော့ အဲဒီတစ်စုံတစ်ယောက်ကို နွဲ့လေးရီအတွက် ကိုယ် ထိုက်ထိုက်တန်တန် လက်စားချေရမှ ကျေနပ်မယ် နွဲ့လေးရီ ...၊

ကိုယ် ကတိပေးပါတယ်၊ နွဲ့လေးရီအတွက် ကိုယ့်ဘက်က တာဝန်ကျေရစေ့မယ်''

ထို့နောက် သူသည် ခုတင်ဆီမှ မျက်နှာလွှဲလိုက်ပြီး ထိုအခန်းထဲမှ ပြန်ထွက်လိုက်တော့၏။

ချစ်ငွေးသည် စင်္ကြံလမ်းအတိုင်း ပြန်လျှောက်ခဲ့ကာ သူလျှို့ဝှက်ထွက်ခဲ့ရာ တံခါးပေါက်မှ ပြန်ဝင်လိုက်တော့၏။ ယင်းတံခါးချပ်မှာ နံရံကပ်ပန်းချီကားတစ်ချပ်၏နောက်တွင် ရှိနေခြင်းဖြစ်သည်။

ထို့နောက်မှာမူ သံလှေကားလေးမှ ပြန်ဆင်းခဲ့ပြီး လိုဏ်လမ်းအတိုင်း လျှောက်ခဲ့ရာ မကြာမီ ဂူသင်္ချိုင်းကြီးထဲ ရောက်ရှိသွားတော့၏။

ချစ်သွေးက လျှို့ဝှက်တံခါးကို သေချာစွာ ပြန်ပိတ်လိုက်ပြီးနောက် နွဲ့လေးရီ၏အုတ်ဂူအနီး အတန်ကြာ ငေးငူငူကြီးဖြင့်





ရပ်ကြည့်နေမိလေသည်။

"ဒါဟာ နွဲ့လေးရီရဲ့ အုတ်ဂူပဲ၊ ဒါဆို ဒီအုတ်ဂူထဲမှာ နွဲ့လေးရီရဲ့ ရုပ်အလောင်းရှိရမှာပေါ့၊ ဒီအုတ်ဂူထဲမှာသာ နွဲ့လေးရီရဲ့ ရုပ်အလောင်းရှိနေရင် ဟိုစံအိမ်ကြီးရဲ့အပေါ်ထပ်က အလောင်းဟာ နွဲ့လေးရီရဲ့ အလောင်းမဟုတ်နိုင်ဘူး၊ တကယ်ဆို ဒီအုတ်ဂူထဲမှာ နွဲ့လေးရီရဲ့ ရုပ်ကလာပ်ရှိမနေဘူးဆိုရင်တော့ စံအိမ်အပေါ်ထပ်က အလောင်းဟာ နွဲ့လေးရီရဲ့အလောင်းပဲ ဖြစ်ရမယ် ...၊

အင်း ... အိမ်ပေါ်ထပ်ကအလောင်းဟာ နွဲ့လေးရီရဲ့ အလောင်း ဟုတ်,မဟုတ် သေချာသိချင်ရင်တော့ ဟောဒီအုတ်ဂူကို ဖွင့်ဖောက်စစ်ဆေးမှ ဖြစ်မယ် ...၊

အုတ်ဂူကို ဖွင့်ဖောက်ဖို့ကတော့ မလွယ်လှဘူး၊ အသံဗလံတွေမြည်ပြီး စောမင်းနိုင်ရဲ့လူတွေ သိသွားမှာစိုးရတယ်၊ အုတ်ဂူဖောက်တုန်း မိသွားလို့ကတော့ လွယ်မှာမဟုတ်ဘူး၊ ငါ့ရဲ့ ရည်ရွယ်ချက်လည်း တစ်ခါတည်းပျက်သွားမယ်၊ အဲဒီတော့ ငါ ဘယ်လိုလုပ်ရင်ကောင်းမလဲ"

ချစ်သွေးသည် ဇဝေဇဝါ မတင်မကျအတွေးနှင့်ပင် သင်္ချိုင်းဂူကြီးထဲက ပြန်လည်ထွက်ခွာလာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူသည် သူ၏အခန်းသို့ တန်းမသွားဘဲ စံအိမ်ကြီးကိုပတ်ကာ ကြက်တူရွေးပန်းရုံကြီး၏နံဘေးရှိ ကျောက်ဖြူ ထိုင်ခုံလေးဆီသို့ လှမ်းလျှောက်သွားလိုက်သည်။

ညဥ့်ကနက်သည့်ထက်နက်လျက်ရှိပြီး ပိုမို၍ အေးစက်လျက်ရှိနေသည်။

ကျောက်ဖြူထိုင်ခုံလေးပေါ်တွင် နှင်းတို့စိုရွဲလျက် ရှိသဖြင့် ချစ်သွေးက မထိုင်တော့ဘဲ ခုံလေးဘေးတွင် ခြေစုံရပ်ကာသာ စံအိမ်ကြီး၏အပေါ်ထပ်သို့ မော့ကြည့်လိုက်လေသည်။

"အင်း ဟုတ်ပါတယ်၊ ဟိုနေ့ညက နွဲ့လေးရီရဲ့ပုံရိပ်ကိုမြင်လိုက်ရတာ အဲဒီပြတင်းပေါက်ပါပဲ"

ချစ်သွေးသည် တံခါးပိတ်ထားသည့် ပြတင်းပေါက်လေးကို ငေးမျှော်ကြည့်ရင်း ဦးခေါင်းထဲဝယ် ပဟေဠိများဖြင့် ရှုပ်ထွေးလျက်သာ ရှိပါတော့သတည်း။

✿ ✿ ✿



အခန်း (၃)

သေသူကတစ်ယောက်
အလောင်းကနှစ်လောင်း

လျှို့ဝှက်ဆုမှတ်

မရဏာနိဂုံး

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

## သေသူကတစ်ယောက် အလောင်းကနှစ်လောင်း

ချစ်သွေးသည် ချယ်ရီမြိုင်စံအိမ်ကြီး၏အပေါ်ထပ်သို့ တက်ကြည့်ပြီးကတည်းက မပြေမလည်ဖြစ်နေသော ပဟေဠိကို အဖြေညှိထုတ်ရန် စိတ်ဖော်သန်လျက်ရှိတော့သည်။

''ခြံနောက်ဘက် သချိုင်းဂူကြီးထဲက နွဲ့လေးရီရဲ့ အုတ်ဂူ ကို ဖောက်ထွင်းကြည့်မှ အမှန်တရားကို သိနိုင်မယ်''

''အင်း ... ဂူကိုဖောက်ထွင်းဖို့ဆိုတာ ငါတစ်ယောက် တည်းနဲ့ မဖြစ်နိုင်ဘူး၊ အဖော်အကူတစ်ယောက်ရှိမှဖြစ်မယ်''

''ကိုငွေတိုးကို စည်းလုံးရရင် ဖြစ်နိုင်မလား''



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် ကိုငွေတိုးကို ငွေမက်လောက်အောင် ပေးပြီး စည်းရုံးရန် ဆုံးဖြတ်လိုက်၏။

သို့ဖြင့် နောက်တစ်ရက်ခြားနေ့လယ်ဘက်တွင် ကိုငွေတိုးကို သူ၏အခန်းသို့ ခေါ်လိုက်လေသည်။

''ကိုဘရားတို့ မရှိဘူးမဟုတ်လား ကိုငွေတိုး''

''အေး . . . သူတို့ ခြံထဲသွားကြတယ်ကွ၊ ဒါထက် ဇော်ရဲ . . . ဟိုတစ်ခါ မင်းက ဆရာစောမင်းနိုင် သဘောကျအောင် လက်စွမ်းပြနိုင်ခဲ့တယ် မဟုတ်လား၊ ဒါနဲ့တောင် ဆရာစောမင်းနိုင်က မင်းကို ဘရားတို့လောက် ဘာဖြစ်လို့ အားမကိုးရတာလဲကွ၊ သူသွားလေရာ ဘရားတို့သုံးယောက်ကိုပဲ ခေါ်သွားတယ်၊ မင်းကိုကျတော့ ခြံထဲကနေ ခြံပြင်ထွက်ခွင့်မပေးဘူး၊ အဲဒါ ဘာသဘောလဲကွ ဇော်ရဲရ''

''ဒါက ဒီလိုရှိတယ် ကိုငွေတိုးရဲ့ . . . ကျုပ်ကို ဒီမြို့က လူ အတော်များများက မတွေ့ဖူးဘူးလေ၊ တွေ့ဖူးတဲ့သူရှိတောင် အမှတ်မထားမိကြဘူးလေ၊ ကိုဘရားတို့ကျတော့ သူ့ရဲ့လက်ရန်းတွေဆိုတာ အားလုံးကသိနေကြတယ်၊ ဒီတော့ သူ လျှို့ဝှက်ပြီး လုပ်ရမယ့်ကိစ္စအချို့မှာ ကိုဘရားတို့ကို သုံးလို့မရဘူး၊ အဲဒီလို အရေးကြီးတဲ့အခါမျိုးမှာမှ ကျုပ်ကိုသုံးဖို့ လျာထားတာဗျ''





''သြော် . . . ဖဲသမားစကားနဲ့ပြောရရင် မင်းက ဝှက်ဖဲပေါ့''

''ဒါပေါ့ဗျာ''

''ဒါပေမဲ့ မင်းက ဒီခြံကြီးထဲမှာ အကျယ်ချုပ်ကျသလို ဖြစ်နေတာပဲကွ၊ အပြင်လည်းထွက်လည်ခွင့်မရှိနဲ့ ပျင်းစရာကြီးကွာ၊ မနိုပ်ပါဘူး''

''ကျုပ်ကတော့ မပျင်းပါဘူး၊ နဂိုကတည်းက ဒီခြံကြီးထဲမှာပဲနေချင်တာနဲ့ အတော်ဖြစ်နေတာဗျ၊ ကျုပ်က ချယ်ရီနံ့သာရဲ့ အခြားနေရာကဟာတွေကို စိတ်မဝင်စားဘူး''

''ဒါဖြင့် မင်းက ဘာကိုစိတ်ဝင်စားတာလဲ''

''ဟောဟို ခြံအနောက်ပိုင်းက မိသားစုသင်္ချိုင်းဂူကြီးကိုဗျ''

''ဟာကွာ . . . ဘယ့်နှယ် သင်္ချိုင်းဂူကိုမှ စိတ်ဝင်စားရတယ်လို့''

''ဟုတ်တယ်ဗျ၊ အထူးသဖြင့် နွဲ့လေးရီရဲ့ဂူကို စိတ်ဝင်စားတာဗျ၊ အခုလည်း ခင်ဗျားကိုခေါ်တာ အဲဒီအကြောင်း ပြောမလို့''

''ဘာ ဘာ . . . ဘာအကြောင်းပြောမလို့''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီသံချိုင်းဂူကြီးထဲက နွဲ့လေးရီရဲ့အုတ်ဂူအကြောင်းဗျ"

"ဟ ...မင်းက ဘာကိစ္စစိတ်ဝင်စားရတာလဲ"

"ဒီလိုလေဗျာ ...နွဲ့လေးရီက သေသွားပြီဆို"

"ဟုတ်တယ်လေ၊ ငါတောင် သူ့အသုဘချတော့ ဝိုင်းကူလုပ်ပေးရသေးတာပဲ ဇော်ရဲရ"

"နွဲ့လေးရီ တကယ်သေတာ ဟုတ်ရဲ့လားဗျ"

"ဟ သေပါတယ်ဆိုမှ တကယ်ပေါ့ကွ၊ သူ့အလောင်းကြီးကို အဲဒီဂူသချိုင်းထဲမှာ မြှုပ်တော့လည်း ငါပါတယ်"

"သူ့အလောင်းကို ခင်ဗျားတွေ့လိုက်လို့လား"

"အခေါင်းတွေ့တယ်လေကွာ၊ အခေါင်းကလှမှလှ။ ကျွန်းခေါင်းကွ၊ ခေါင်းပတ်ပတ်လည်အနားမှာ ပန်းကနုတ်တွေနဲ့ အခေါင်းပေါ်မှာ ပန်းရောင်စုံတွေ ကြဲထားတာလည်း အောထနေတာပဲ"

"သူ့ကို ဂူသွင်းတော့ အခေါင်းအတိုင်း သွင်းတယ်ပေါ့"

"ဒါပေါ့ကွ"

"ခင်ဗျား သူ့ရဲ့အလောင်းကိုတော့ မတွေ့လိုက်ရဘူး မဟုတ်လား"





"အလောင်းတော့ မတွေ့ရဘူးကွာ၊ အလောင်းကို အိမ်ပေါ်ထပ်မှာ ပြင်ထားတာဆိုတော့ တက်ကြည့်ခွင့်မရဘူး"

"နေပါဦး နွဲ့လေးရီသေပြီဆိုတာကို သိပြီးတဲ့နောက်ပိုင်းမှာ ခင်ဗျားသူ့အလောင်းကို တစ်ခါမှ မတွေ့ရဘူးလား"

"အဲ ဒီလိုကွ၊ အဲဒီညကမိုးညကြီးကွ၊ မိုးတွေသည်းလိုက်တာမှကွာ၊ အုံးအင်သရောကိုရွာတာကွ၊ မိုးစဲတဲ့အချိန်က မနက်လင်းလုပြီ၊ အဲဒီအချိန်မှာ ဘရှားက ငါ့ကိုလာနှိုးပြီး ဆရာဝန်သွားခေါ်ခိုင်းတယ်ကွ၊ နွဲ့လေးရီ အမောဖောက်နေလို့တဲ့၊ အဲဒီတုန်းက အခုရထားလုံးမောင်းတဲ့ မောင်လုံး မရှိသေးဘူး၊ ငါပဲမောင်းနေရတာ"

"အင်း ...ပြီးတော့ ဘာဆက်ဖြစ်သလဲ"

"မြို့ထဲဈေးပိုင်းမှာနေတဲ့ နွဲ့လေးရီရဲ့ လက်စွဲပန်ချာပီ ဆရာဝန် ဒေါက်တာကူးမားကို သွားပင့်ရတာပေါ့ကွာ၊ ဒေါက်တာ ကူးမားရောက်လာပြီး အိမ်ပေါ်ထပ်မှာ နွဲ့လေးရီကို ဆေးကုပေ မယ့် ခဏအကြာမှာပဲ နွဲ့လေးရီ ဆုံးသွားပြီဆိုတာ ကြားရတာပဲ"

"ဒါဆို ကိုငွေတိုးက အဲဒီဒေါက်တာကြီးကို ပြန်ပို့လိုက်ပို့ရသေးတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ကွာ ... မြင်းရထားနဲ့ ပြန်လိုက်ပို့ရတာပေါ့"

"အဲဒီဒေါက်တာကြီးက နွဲ့လေးရှိသေးပြီလို့ ပြောသလား"

"ပြောတာပေါ့ကွာ၊ မြို့ထဲပိုင်းက သူ့အိမ်ရှေ့ရပ်ပြီး မြင်းရထားပေါ်ကဆင်းတော့ သူ့ဆေးအိတ်ကို ငါက ပိုင်းကူဆွဲပြီး အိမ်ပေါ်အထိ လိုက်ပို့ရတာကွ၊ အဲဒီမှာ သူ့မိန်းမက လူနာ ဘယ်လိုနေသလဲလို့ ဆီးမေးရောဟေ့"

"ဟုတ်ပြီ အဲတော့"

"အဲတော့ ဒေါက်တာကူးမားက ခေါင်းကို လေးလေးပင်ပင် ခါယမ်းပြလိုက်ပြီး သူ့ဒွေးကတော်လေး တစ်နေ့ ဒီလိုဖြစ်မယ်ဆိုတာ သိသိကြီးနဲ့ ဖြစ်ရတယ်၊ ခုတော့ သေရှာပြီလို့ စိတ်မကောင်းသံကြီးနဲ့ ပြောတာ ငါကြားလိုက်ရတယ်ကွ"

ချစ်သွေးက သက်ပြင်းချလိုက်သည်။

"ကျုပ်သိချင်တာ ထပ်မေးဦးမယ်ဗျာ၊ နွဲ့လေးရှိရဲ့ အလောင်းကို ကိုငွေတိုး တစ်ကြိမ်တစ်ခါတောင် မမြင်လိုက်ဘူးလားဗျ"

"အင်း၊ စံအိမ်ကြီးရဲ့အပေါ်ထပ် ရှေ့ဘက်အဆောင်က သီးသန့်ညှဲ့ခန်းမကြီးထဲမှာ ဆရာကတော်ရဲ့အလောင်း ပြင်ထား





တာကို ခပ်လှမ်းလှမ်းကတော့ တစ်ကြိမ်တွေ့လိုက်ရတယ် ဇော်ရဲရဲ့"

"အတော်လှမ်းသလား"

"အေး ... လှမ်းတယ်၊ ဆရာစောမင်းနိုင်မှာတဲ့ ခေါင်းတလားကို ငါ မြင်းရထားနဲ့ပဲ သယ်လာပြီး အောက်ထပ်မှာ ခဏထားတုန်း အိမ်ပေါ်ထပ်တက်ပြီး ခေါင်းရလာပြီဆိုတဲ့ အကြောင်း သတင်းပို့ရတယ်ကွ၊ သူက ခေါင်းရောက်ရောက်လာချင်း သတင်းပို့ဖို့ မှာထားတာကိုး၊ ဘရှားတို့ကလည်း နောက်ဘက်က ဂူသချိုင်းထဲမှာ ဆရာကတော်အတွက် ပန်းရံဆရာ တစ်ယောက်နဲ့ အုတ်ဂူလုပ်နေတယ်၊ ဒါကြောင့် လှေကားက တက်သွားပြီး သတင်းပို့ရတယ်၊ သူက အိမ်ရှေ့ဆောင်မှာ ရှိနေတယ်၊ အဲဒီမှာ အဲဒီခန်းဆောင်ကြီးရဲ့အဝကနေ ဆရာကတော်ရဲ့အလောင်း ပြင်ထားတာကို လှမ်းတွေ့လိုက်ရတာကွ"

"အလောင်းကို ဘယ်လိုအကျီအရောင် ဝတ်ပေးထားသလဲဗျ"

ကိုငွေတိုးက မေးစေ့မှ မုတ်ဆိတ်မွေးတိုနံ့နံ့တို့ကို လက်ချောင်းလေးများဖြင့် ပွတ်သပ်ရင်း စဉ်းစားသလို လှုပ်နေပြီးမှ ဖြည်းဖြည်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



''သနပ်ခါးရောင်လေးကွ အင်္ကျီက၊ ဆရာကတော်က ပိန်ချုံးနေပေမယ့် မျက်နှာလေးက လှတုန်းပတုန်းပါပဲကွာ၊ သေပန်းပွင့်တယ်ဆိုရမလားပဲ၊ အိပ်နေတဲ့အတိုင်းပါပဲ၊ သနပ်ခါးရောင် အင်္ကျီလေးနဲ့လည်း လိုက်ဖက်ပါပေရဲ့''

''အဲဒီနောက်တော့ နွဲ့လေးရီရဲ့အလောင်းကို ထပ်မတွေ့ရတော့ဘူးပေါ့''

''အေး''

''သူ့ကိုသင်္ဂြိုဟ်ပုံပြောပြပါဦး''

''ဆရာစောမင်းနိုင်က ဒီမြို့ကလူတွေနဲ့ အတော်လေး ကင်းကင်းရှင်းရှင်းနေတယ်၊ သူက လူပေါ်လူဖော်ဆိုတော့လည်း မြို့ကလူအတော်များများက သူ့ကိုရှိန်တယ်၊ ဒီအိမ်မှာ အသုဘ ဖြစ်ပေမယ့် ဘယ်သူ့မှ မဖိတ်ဘူး၊ ဘယ်သူ့မှလည်း အသုဘ သတင်း မေးဖို့ မလာဘူး၊ မလာရဲကြတာလည်းပါတယ်၊ မြို့မိ မြို့ဖ နှစ်ယောက်သုံးယောက်လောက်ပဲ လာတယ်၊ အဲဒီမြို့မိမြို့ဖ တွေရဲ့ရှေ့မှာပဲ အလောင်းကို ခေါင်းတလားထဲထည့်တယ်၊ ခေါင်း ထဲယည့်တော့ ငါက အောက်ထပ်ကနေ စောင့်နေရတယ်၊ ဆရာကတော်ကို သရဏဂုံတင်ပေးဖို့ ဘုန်းတော်ကြီးကို မြင်းရထားနဲ့ သွားပင့်ပေးပြီး စောင့်နေရတာ ...၊





ဆရာစောမင်းနိုင်က ဘုန်းတော်ကြီးကိုရော, မြို့မိမြို့ဖတွေကိုပါ အိမ်ပေါ်ထပ်ခေါ်သွားပြီး အလောင်းကို သရဏဂုံတင်, ခေါင်းထဲထည့် လုပ်ကြတယ် ...၊

နောက် ဘရှားနဲ့ ကြိုးယုံးက ခေါင်းကို ရှေ့တစ်ယောက် နောက်တစ်ယောက်မပြီး လှေကားအတိုင်း ဆင်းလာကြတယ်၊

လှေကားခြေရင်းရောက်တော့ ငါနဲ့ မဲကောက်တို့က ခေါင်းရဲ့တစ်ဖက်တစ်ချက်က ဝင်ထမ်းကြရတယ် ...၊

ပြီးတော့ ခြံနောက်ပိုင်းက အုတ်ဂူဆီသယ်သွားကြတယ်၊ အဲဒီအချိန်က ညနေစောင်းကြီးကွ၊ ငါဖြင့် ဆရာစောမင်းနိုင်ကို ကြောက်လို့သာ အခေါင်းဝင်ထမ်းပေးရတာ၊ ကြောက်လိုက်တာများ ဒူးတောင်ခွေကျမတတ်ပါပဲကွာ ...၊

မိသားစုသင်္ချိုင်းဂူကြီးဆီရောက်တော့ သူ့အတွက် အသင့်ပြုလုပ်ထားတဲ့ အုတ်ဂူထဲထည့်, အပေါ်ကနေ ကျောက်ပြားကြီးဖုံးပြီး သရွတ်ကိုင်လိုက်တာပါပဲကွာ''

ကိုငွေတိုး၏စကားအဆုံးတွင် ချစ်သွေးမှာ မျက်မှောင်ကြီးကြုတ်လျက် မှတ်ချက်ချလေ၏။

''ဒါဆို နွဲ့လေးရီဟာ တကယ်သေပြီ၊ တကယ်ပဲ ဂူသွင်းမြှုပ်နှံခဲ့ရပြီးပြီပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဆိုမှ ဇော်ရဲရာ၊ မင်းက ဘာကို သံသယဝင်နေရတာလဲကွ"

ဤတွင် ချစ်သွေးက အတန်ငယ်တုံ့ဆိုင်းနေပြီးနောက် တစ်စုံတစ်ခုသောအတိုင်းအတာအထိ ကိုငွေတိုးကို ဖွင့်ဟတိုင်ပင်ပြီး စည်းရုံးရန် ဆုံးဖြတ်လိုက်၏။

"ဒီလိုဗျာ ကိုငွေတိုး ... ခင်ဗျားပြောသလိုဆိုရင် နွဲ့လေးရီရဲ့အလောင်းဟာ မိသားစုဂူသင်္ချိုင်းကြီးထဲမှ ကေန်ရှိနေတယ်ပေါ့ ... ဟုတ်လား"

"ဟုတ်တယ်လေ"

"ဒီမှာ ကျုပ်ပြောမယ် ... ကျုပ် နွဲ့လေးရီရဲ့အလောင်းကို စံအိမ်ကြီးရဲ့အပေါ်ထပ်မှာ တစ်မြန်နေ့ညက တွေ့ခဲ့တယ်ဗျ"

ကိုငွေတိုးမှာ မိုးကြိုးအပစ်ခံရသည့်နှယ် ခတ်လိုက်ခံရသည့်နှယ် ဖြစ်သွား၏။ ကွပ်ပျစ်ပေါ်တွင် ဒူးတစ်ချောင်းထောင်လျက် ထိုင်နေရာမှ ခုန်ထသည်။ သူ၏လက်ယာဘက်လက်ညှိုးလက်မကြားမှ ဆေးပေါ့လိပ်တိုပင် ပြုတ်ကျသွားရ၏။

"ဘာ ဘာ ဘာ ... ဘယ်လို"

"သိပ်လည်းမလန့်နဲ့လေဗျာ၊ တစ်မြန်နေ့ညက စံအိမ်ကြီးရဲ့အပေါ်ထပ်က အခန်းတစ်ခန်းထဲမှာ နွဲ့လေးရီရဲ့ အလောင်း





ကို ကျုပ်ရဲ့မျက်စိနဲ့ အနီးကပ်အသေအချာတွေ့ခဲ့ရတယ်ဗျ"

"ဟာ ... မင်း မင်းဟာက မဟုတ်နိုင်တာကွာ၊ ပြီးပြီးတော့ မင်းက ဘာကိစ္စနဲ့ စံအိမ်ကြီးရဲ့အပေါ်ထပ်ရောက်သွားရတာလဲကွ၊ ဆရာစောမင်းနိုင်သိရင် မင်းရဲ့အလောင်းတောင်ရှာတွေ့မှာမဟုတ်တော့ဘူး၊ တော်တော်စပ်စုပါလားကွာ"

"ဟုတ်တယ် ... ကျုပ်က တစ်ခုခုကို စိတ်ဝင်စားမိပြီဆိုရင် ရေဆုံးရေဖျားလိုက်ရမှ ကျေနပ်တဲ့ကောင်ဗျ၊ စံအိမ်ကြီးရဲ့အပေါ်ထပ် ပြတင်းပေါက်တစ်ပေါက်မှာ မိန်းမပျိုတစ်ယောက်ရဲ့ပုံရိပ်ကို တွေ့လိုက်ရတဲ့ညကစပြီး အိမ်ကြီးရဲ့အပေါ်ထပ်ကို တက်ကြည့်ချင်နေခဲ့တာ၊ ခင်ဗျားဆီက အိမ်ကြီးရဲ့ပန္နက်ပုံကိုရမှ အိမ်ကြီးထဲ နိုးဝင်လို့ရတဲ့ လျှို့ဝှက်လိုဏ်လမ်းကို သိခဲ့ရတာဗျ"

"မင်း မင်း တကယ်ပဲ ဆရာကတော်ရဲ့အလောင်းကို တွေ့ခဲ့တာလား"

"အင်း ... သူ့အလောင်းလို့ပဲ ထင်တာပဲဗျာ၊ ဒါကြောင့် ကျုပ် တစ်ခုကြံစည်မိတယ်ဗျ"

"အင်း ... ဆိုစမ်းပါဦး"

"အိမ်ပေါ်ထပ်မှာလည်း မိန်းမအလောင်းတွေ့လားရတယ်ဆိုတော့ နွဲ့လေးရီရဲ့အုတ်ဂူထဲမှာရော အလောင်းတကယ်



www.burmeseclassic.com

www.burmeseclassic.com



ရှိ့မရှိ သိချင်လာတယ်ဗျ''

''အာ . . . သိတော့ မင်းအတွက် ဘာအကျိုးရှိမှာမို့လဲကွာ၊ မင်းဟာ အတော်စပ်စုတာပါလား၊ ငါဖြင့် ပြောရင်း ကြက်သီးထပါရဲ့ကွာ၊ ဘယ့်နှယ် . . . စံအိမ်ကြီးရဲ့အပေါ်ထပ်မှာ အလောင်းကြီးတစ်လောင်း ရှိနေရတယ်လို့''

''ဒီလောက်လည်း အကြောက်မကြီးစမ်းပါနဲ့ဗျာ၊ ဝိညာဉ်တို့ သရဲတို့ဆိုတာ လူကို ဘာမှမလုပ်နိုင်ပါဘူးဗျ၊ အရေးကြီးတာက အဲဒီ ပဟေဠိကို ဖော်နိုင်လို့ပဲ''

''ဘယ် ဘယ်ပဟေဠိလဲ''

''သချိုင်းဂူကြီးထဲက အုတ်ဂူထဲမှာ နွဲ့လေးရီရဲ့အလောင်း တကယ်ရှိ့မရှိကို ဖော်ထုတ်ဖို့ပဲ''

''မင်း မင်းက ဘယ်လိုဖော်ထုတ်မှာလဲ''

''နွဲ့လေးရီရဲ့အုတ်ဂူကို တူးဆွပြီး ဖော်ထုတ်မှာလေဗျာ''

''အလိုလေးဗျာ . . . ရာဇဝတ်အိုး တုတ်နဲ့ထိုး မလုပ်လိုက်ပါနဲ့ကွာ၊ ဆရာစောမင်းနိုင်သိသွားရင် စိစိညက်ညက်အချေခံရမှာကွ၊ ရပ်တန်းကရပ်စမ်းပါ မောင်ရင်''

''မရပ်ဘူးဗျာ . . . စောမင်းနိုင်ရော ဘရှားတို့ပါ မြို့ထဲသွားအိပ်တဲ့ညမှာ အဲဒီဂူကို တူးဖော်မယ်ဗျာ၊ ခင်မျှားလည်း





ိုင်းကူ၊ ငွေတစ်ရာတိတိပေးမယ်''

''ဟေ . . . ငွေတစ်ရာ . . . ဟုတ်လား၊ ငါ ငါက ဝိုင်းကူရမယ် . . . ဟုတ်လား၊ တော်ပါ မောင်ရယ် . . . ဆားနဲ့ပဲအေးအေးစားပါရစေ၊ အဲဒီအရှုပ်တော်ပုံထဲ ဝင်မပါပါရစေနဲ့''

''မပါလို့မရတော့ဘူးဗျ၊ ကျုပ်က ကိုငွေတိုးဆီကရထားတဲ့ မြေပုံကို အမှီသဟဲပြုပြီး လှူပ်ရှားခဲ့တာဆိုတော့ ခင်မျှားမပါဘဲ ကျုပ်တစ်ယောက်တည်း ဖမ်းမိလည်း ခင်မျှားက အားပေးကူညီမှုနဲ့ ရောပြီးအဖမ်းခံရမှာပဲ၊ ကျုပ်နဲ့ပူးပေါင်းလှုပ်ရှားရင်တော့ ဘေးမသီ ရန်မခဘဲ လွတ်မြောက်သွားနိုင်တယ်၊ ပြီးတော့ငွေတစ်ရာလည်း ရဦးမယ်လေ''

''ဟာကွာ . . . မင်းက ငါ့ကို ဒုက္ခပေးပြီ''

''ဒုက္ခမဟုတ်ပါဘူး၊ သုခပါဗျာ၊ ငွေတစ်ရာဆိုတာ နည်းမှတ်လို့၊ ခင်မျှားလုပ်ရမှာက ဂူသချိုင်းကြီးရဲ့ အပြင်ဘက်ကနေပတ်ဝန်းကျင်ရဲ့ အခြေအနေကို စောင့်ကြည့်အကဲခတ်ရုံပဲ၊ မသင်္ကာစရာတွေ့ရင် ဆက်သွယ်ထားတဲ့ကြိုးကို ဆွဲပြီး အချက်ပြရုံပဲ၊ ကဲ . . . ဘယ့်နှယ်လဲ''

ကိုငွေတိုးက ခေါင်းကိုတမြင်းမြင်းကုတ်လိုက်ပြီး . . .

''အင်း . . . ငါ့ဘဝက ရေ့တိုးထမ်းပိုး [illegible]



www.burmeseclassic.com

www.burmeseclassic.com



လှည်းတုတ်ဆိုသလို ဖြစ်နေပါပေါ့လား''

ဟု ညည်းညူလိုက်ပြီးမှ ဆုံးဖြတ်ချက်ကို ပြောလိုက်၏။

''အေးကွာ ... ငွေတစ်ရာမရဘဲ ဒုက္ခရောက်ရမယ့် အတူတူ ပိုက်ဆံယူပြီး ဒုက္ခနဲ့ရင်ဆိုင်မယ်ကွာ''

''ဟုတ်ပြီ ... အဲဒီလို လုပ်စမ်းပါဗျ''

သို့ဖြင့် နောက်သုံးရက်မြောက်သောနေ့ ညပိုင်းတွင် နွဲ့လေးရီ၏အုတ်ဂူကိုဖော်ရန် အခွင့်အရေးရလာ၏။

ထိုညက စောမင်းနိုင်တို့ဆရာတပည့်လေးဦးစလုံး မက်မန်းခြံတွင် ညအိပ်ရန် ညနေစောင်းကတည်းက ထွက်ခွာသွားကြသည်။

ချယ်ရီမြိုင်ခြံကြီးထဲတွင် ချစ်သွေးနှင့်ကိုငွေတိုးတို့ နှစ်ဦးအပြင် ရထားလုံးမောင်းသမားမောင်လုံး၊ ခြံစောင့်မာဒူးနှင့် ဦးဘိုးကြာတို့သာ ကျန်ရှိပြီး စံအိမ်ကြီး၏အောက်ထပ် နောက်ဖေးဆောင်တွင် ထမင်းချက်ဒေါ်ငြိမ်းရင်နှင့် နန်းဝါနုတို့သာ ရှိလေသည်။

ခြံစောင့်မာဒူးက လုံ့လဝီရိယရှိသော်လည်း ဦးဘိုးကြာက စောမင်းနိုင် အိမ်မှာမရှိသည့်ညဆိုပါက အရက်ကို တမူးသောက်ပြီး သိုးအောင်အိပ်လေ့ရှိသည်။





မာဒူးမှာမူ ခြံရှေ့ပိုင်းလက်ယာဘက်ထောင့်ရှိ ခြံစောင့်အိမ်လေး၏ ရှေ့ကပြင်၌ ပက်လက်ကုလားထိုင်တစ်လုံးဖြင့် ထိုင်ပြီး တစ်ညလုံး ဆေးတံခဲလျက် စောင့်ကြပ်လေ့ရှိကာ တစ်နာရီတစ်ခါ စံအိမ်ကြီးကို ပတ်ပြီး လက်နှိပ်ဓာတ်မီးတစ်လက်ဖြင့် ဟိုထိုး သည်ထိုး ကြည့်ရှုစစ်ဆေးလေ့ရှိသည်။

သို့သော် မာဒူးသည် သရဲကြောက်တတ်သူ ဖြစ်သဖြင့် မိသားစုဂူသင်္ချိုင်းကြီးဘက်သို့မူ အဝေးမှသာ လက်နှိပ်မီးဖြင့် ထိုးကြည့်တတ်ပြီး အနီးသို့မူ မသွားဝံ့ချေ။

ဘုရားတို့လို မြွေမကြောက်၊ ကင်းမကြောက် တကယ့်လူမိုက်လက်ရန်းများမရှိသဖြင့် စိုးရိမ်ပူပန်စရာ သိပ်မလိုပေ။ ထို့ကြောင့် ချစ်သွေးသည် ဆူး၊ ဆောက်၊ သံတူရွင်းစသည်တို့အပြင် ကိုငွေတိုး အသင့်ဝယ်ပေးထားသည့် ဘိလပ်မြေနှင့် သဲတို့ကိုပါသယ်ကာ ကိုငွေတိုးနှင့်အတူ သစ်ပင်မှောင်ရိပ်များကို ကွယ်လျက် ဂူသင်္ချိုင်းကြီးဆီသို့ တိတ်တဆိတ်လာခဲ့ကြလေသည်။

''ကဲ ... ခင်ဗျား ဒီဂူအပြင် မှောင်ရိပ်ကနေ စောင့်၊ မာဒူးကင်းလှည့်လာမှာကိုလည်း ဂရုပြုဦး၊ ဆေးလိပ်ဖွာချင်ရင် ဂူကြီးထဲဝင်ဖွာ ပြီးရင် အဲပေါက်ဝကပြန်စောင့်၊ ကျုပ်ဖြီးရင် ဒီကြိုးကိုဆွဲလိုက်''



www.burmeseclassic.com

www.burmeseclassic.com



ချစ်သွေးက အရေးပေါ်အချက်ပေးကြိုး၏ ကြိုးစကို ကိုငွေတိုး၏လက်ထဲအပ်ခဲ့ပြီး ယင်းကြိုး၏အခြားတစ်ဖက်အစကို လက်ဖြင့်ကိုင်လျက် ဂူသင်္ချိုင်းကြီး၏ တံခါးသော့ကို ဖွင့်ကာ အတွင်းသို့ ဝင်ခဲ့လေသည်။

သူက အသင့်ယူဆောင်လာသော ဖန်မီးအိမ်ကို မီးညှိ ထွန်းကာ မီးစာလျှော့ချပြီး ဂူတစ်လုံးပေါ်တွင် တင်ထားလိုက်လေသည်။

ထို့နောက်မှာပင် နွဲ့လေးရီ၏အုတ်ဂူကို ဆူး၊ သံစို့၊ သံတူရွင်းတို့ဖြင့် ခက်ခက်ခဲခဲ စတင်တူးဖော်ပါတော့၏။

ချစ်သွေးက ဆူးစို့တို့ဖြင့် အသံသိပ်မမြည်စေရန် ဂရုစိုက် ထုရိုက်လျက် ဂူ၏ခြေရင်းဘက်မှ စတင်ဖောက်ထွင်းလေသည်။

သူက အုတ်ဂူ၏ခြေရင်းရှိ အင်္ဂတေသားတို့ကို ထုခွာပြီး ဂူပေါက်ဖြစ်အောင် ပြုလုပ်လေ၏။

'ဒုတ် ဒုတ် ဒုတ်'

အင်္ဂတေသားကွာကျသွားပြီးနောက်မှာမူ အတွင်းမှ စီထားသည့်အုတ်ခဲတို့ကို တစ်လုံးချင်းခွာထုတ်ယူလေသည်။

နာရီဝက်ကျော်ကျော်ခန့် အားစိုက်ပြုလုပ်နေစဉ် သူ၏ နံဘေး၌ချထားသော နှီးဆီဘူးခွက်က ဆတ်ခနဲ ဆတ်ခနဲ လှုပ်ရှား





သွား၏။

'ကလုံ လုံ'

ကိုငွေတိုးက အချက်ပေးကြိုးကို ဆွဲလိုက်သောကြောင့် ကြိုး၏ ဤမှာဘက်အစဖြင့် ရစ်ပတ်ထားသော နှီးဆီဘူးခွံမှာ လှုပ်ခတ်လျက် မြည်သံထွက်ပေါ်လာခြင်းဖြစ်၏။

ချစ်သွေးက ဂူဖောက်ခြင်းကို ခေတ္တရပ်ဆိုင်းလိုက်သည့် အပြင် ဖန်မီးအိမ်၏ မီးစာကိုပါ လျှော့ချလိုက်တော့သည်။ ထို အခါ မှန်အိမ်အလင်းပျပျလေးသာ ဂူတို့အပေါ် ထွန်းလင်းလျက်ရှိ တော့၏။

ချစ်သွေးက ဂူသင်္ချိုင်း၏အဝဆီသို့ လှမ်းသွားကာ တံခါး ချပ်ကိုဟလျက် အပြင်လောကသို့ ခေါင်းပြူကြည့်လိုက်၏။

ဂူနံရံကို ကျောကပ်ကာ မှောင်ရိပ်ခိုလျက် ငြိမ်နေသော ကိုငွေတိုးက အသံတိုးတိုးဖြင့် သတိပေးသည်။

"မာ မာဒူးလာနေပြီ၊ ငါတို့ကို မြင်သွားတော့မှာပဲ"

မာဒူးကား ယနေ့မှ မည်သို့စိတ်ကူးပေါက်သည်မသိ၊ လက်နှိပ်ဓာတ်မီးကို ဝှေ့ယမ်းထိုးကြည့်ရင်း ဂူသင်္ချိုင်းကြီးရှိရာဆီ သို့ တစ်လှမ်းချင်း လျှောက်လှမ်းလာလျက်ရှိပြီ။

"ဘယ်လိုလုပ်ကြမလဲ"

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုငွေတိုးက စိုးရိမ်သံဖြင့်မေးသည်။

''ရပါတယ်''

ချစ်သွေးက အေးစက်စက်လေသံဖြင့် ပြောလိုက်ပြီးနောက် အင်္ဂတေအကြေမှုန့်တို့ကို ကောက်ယူပြီးလျှင် ဂူ၏တစ်ဖက်သို့ လှမ်းကြဲလိုက်လေသည်။

'ဖရော ဖရော'

''ဟိုက် ...သ သရဲနဲ့တူတယ်''

မာဒူးမှာ ကြောက်ဒူးတုန်သွားပြီး တစ်ချိုးတည်း လစ်ပြေးတော့၏။

ထိုအခါမှ ချစ်သွေးမှာ အုတ်ဂူကို ဆက်လက် ဖောက်ထွင်းနိုင်ပါတော့သည်။

✡

အုတ်ဂူမှာ တဖြည်းဖြည်းပွင့်သွားပြီး အတွင်း၌ မဟော်ဂနီရောင် ညိုပုပ်ပုပ် ကျွန်းခေါင်းတလားကြီးကို တွေ့ရတော့သည်။





''အင်း ... ခေါင်းကိုတော့ တွေ့ရပြီ၊ ခေါင်းဖုံးကို ဖွင့်လို့ရအောင် ကြိုးစားရမယ်''

ချစ်သွေးက ခေါင်းတလားကြီးကို ဆွဲထုတ်လိုက်ပြီး ခေါင်းဖုံးကို သံကလော်ဖြင့် ကြိုးစားဖွင့်လိုက်ရာ ခေါင်းဖုံးမှာ ပွင့်သွားတော့၏။

ခေါင်းတလားကြီးအတွင်း၌ မိန်းကလေးတစ်ဦး၏ ရုပ်အလောင်းကို တွေ့ရရာ ချစ်သွေးမှာ မျက်လုံးပြူးသွားတော့သည်။

''ဟင် ... ဒီထဲမှာလည်း မိန်းမအလောင်းက ရှိနေပါလား၊ ခက်ပါလား ... သေတဲ့လူက တစ်ယောက်၊ အလောင်းက နှစ်လောင်းဖြစ်နေပါလား''

ချစ်သွေးက ကိုငွေတိုးကို အတင်းလက်ဆွဲကာ ခေါ်လာပြီး ခေါင်းတလားထဲမှ မိန်းမရုပ်အလောင်းကို ပြလိုက်လေသည်။

''အလိုလေး ... မျက်လုံးဟောက်ပက်နဲ့ အရိုးပေါ် အရေတင်နေပါလား၊ ခက်တာပဲ ... ရုပ်က ဒီလောက်[illegible] တော့ ခွဲခြားရခက်တယ်''

''သူဟာ နွဲ့လေးရီရဲ့အလောင်းပါလို့ [illegible]ခက်တယ်''

''ဘာပဲဖြစ်ဖြစ် သေတာက နွဲ့[illegible]တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကတော့ နှစ်လောင်းဖြစ်နေတာ အမှန်ပဲ''

သည်အမျိုးသမီး၏ ရုပ်အလောင်းကလည်း ဆံပင်ရှည် ရှည်နှင့်ပဲဖြစ်၏။ အကျီကမူ အပြာနုရောင်လည်ထောင်နှင့် ဖြစ်၏။

''အင်း ... အဝတ်အစားအရတော့ အိမ်ပေါ်ထပ်က အလောင်းဟာ နွဲ့လေးရီဖြစ်ဖို့များတယ်၊ ဒါ ဒါဆို ဒီသချိုင်း ကြီးထဲက အလောင်းဟာ ဘယ်သူ့အလောင်းဖြစ်နိုင်မလဲ ကိုငွေ တိုး''

''ငါလည်း ဘယ်သိမလဲကွ၊ ကဲပါကွာ ... ဂူကို စနပ် တကျ ခြေရာလက်ရာမပျက်အောင် ပြန်ပိတ်လိုက်တော့ကွာ၊ ငါလည်း ကျောချမ်းလှပြီ ဖော်ရဲရ၊ ငါတော့ လူပေါင်းမှားတာပါ ပဲကွာ''

ချစ်သွေးက ပြုံးလိုက်ပြီးလျှင် ခေါင်းတလားကြီးကို ပြန်ဖုံးလိုက်ပါတော့သတည်း။

✿ ✿ ✿





## လျှို့ဝှက်ဆုံမှတ်

နောက်တစ်နေ့နံနက် ဝေလီဝေလင်းမှာပင် စောမင်းနိုင် တို့သည် မြင်းကိုယ်စီဖြင့် ပြန်ရောက်လာကြ၏။

ကြိုးထုံးနှင့် မဲကောက်တို့မှာ မြင်းပေါ်၌ ဒယိမ်းဒယိုင်ဖြင့် ပါလာကြသည်။ သူတို့၏ကိုယ်ပေါ်တွင် စောင်ကြားကြီးများပတ် ထားကြရာ အဖျားတက်လာကြသလားဟု ထင်ရ၏။

သူတို့အုပ်စု စံအိမ်ကြီးထဲဝင်သွားသည့်တွင် ကိုငွေတိုးက မြင်းတို့ကို မြင်းဖောင်းဆီသို့ ဆွဲယူလာပြီး မြင်းစာကျွေးခြင်း၊ ရေတိုက်ခြင်း ပြုလုပ်ရလေ၏။ မြင်းတို့၏တစ်ကိုယ်လုံးကို ဝက်မှင်



www.burmeseclassic.com

www.burmeseclassic.com



ဘီးဖြင့် သပ်ချကာ သန့်ရှင်းရေးပြုလုပ်ပေးရ၏။

ကိုငွေတိုးသည် ယင်းသို့ သန့်ရှင်းရေးလုပ်ပေးရင်း ကြိုးထုံးနှင့်မာကောက်တို့၏ မြင်းများမှာ ထူးခြားနေသည်ကို တွေ့ရလေသည်။

"ဇော်ရဲ ဇော်ရဲ ... လာကြည့်စမ်း ဒီမှာ"

မြင်းဇောင်းထဲ တံမြက်စည်းလှည်းနေရာမှ ချစ်သွေးက ကိုငွေတိုးခေါ်ရာသို့ လာ၏။

"ဒီမှာကြည့်စမ်း ဇော်ရဲ ... သွေးစက် ,သွေးကွက်တွေ"

"ဟုတ်တယ်ဗျ ... ဒါ လူသွေးတွေပဲ၊ ဘယ်လိုဖြစ်ကြတာလဲ"

"ဘယ်လိုဖြစ်လာကြသလဲတော့မသိဘူး၊ ကြိုးထုံးနဲ့မာကောက်တို့တော့ ဒယိမ်းဒယိုင်နဲ့ သူတို့အခန်းထဲ ဝင်သွားကြတာပဲကွ"

"သူတို့ ပြဿနာတစ်ခုခု ကြုံလာပုံရတယ်ကွ"

ခဏအကြာမှာပင် ဘရှားက မြင်းဇောင်းထဲသို့ ဝင်လာပြီး ...

"ဟော့ ဇော်ရဲ ... မင်းကို အာစရိ ခေါ်နေတယ်"

"ဘယ်တော့လာရမှာလဲ"





"အခုပဲ လိုက်ခဲ့ကွာ"

ချစ်သွေးက တံမြက်စည်းကို မြင်းဇောင်းတွင် ထောင်ထားလိုက်ပြီး ဘရှား၏နောက်မှ လိုက်ခဲ့တော့၏။

ချယ်ရီမြိုင်စံအိမ်ကြီး၏ ဧည့်ခန်းဆောင်ထဲ ချစ်သွေးဝင်ရောက်ခဲ့သည်တွင် ပန်းကနုတ်ဘောင်နောက်မှီ ကျွန်းကုလားထိုင်ကြီး၌ မိန့်မိန့်ကြီးထိုင်နေသည့် စောမင်းနိုင်က ရှုတည်တည်မျက်နှာဖြင့် ကြည့်နေရာမှ ချစ်သွေးကို ခုံတစ်လုံးတွင်ထိုင်ရန် လက်ဝှေ့ယမ်းပြလိုက်၏။

ချစ်သွေးထိုင်မိသည်နှင့် သူက စကားစသည်။

"ဇော်ရဲ ... ဒီမြို့မှာ ငါ့အပေါ်က် ရန်ဆူးရန်ငြောင့်တစ်ခုရှိနေတယ်၊ အဲဒီဆူးငြောင့်ကို မင်းရှင်းမှဖြစ်မယ်၊ သူတို့က ဘရှားတို့ကို မှတ်မိနေတယ်၊ မင်းကိုတော့ ဘယ်သူမှ သိမှာမဟုတ်ဘူး၊ ဒါကြောင့် အဲဒီလျှို့ဝှက်တာဝန် ပေးရတာပဲ"

"ကျုပ်ရဲ့တာဝန်က အဲဒီရန်သူနဲ့အဖွဲ့ကို ဘယ်လောက်အဆင့်အထိ ဒုက္ခပေးရမှာလဲ၊ သေတဲ့အဆင့်အထိဆိုရင်တော့ မဖြစ်ဘူး"

"တတ်နိုင်ရင် အရှင်ဖမ်းမိချင်တယ်၊ မဖြစ်နိုင်ရင်တော့ မင်း ပြတ်ပြတ်သားသား တိုက်ခိုက်ရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကောင်တွေဟာ ညတုန်းက ငါတို့ကို အသေတိုက်ခိုက်ကြတယ်၊ သင်းတို့ရဲ့လက်ချက်နဲ့ ကြိုးထုံးနဲ့မဲကောက်တို့ လက်မောင်းနဲ့ပခုံးမှာ ဒဏ်ရာတွေရခဲ့တယ်''

''သူတို့က ဘယ်လိုတိုက်ခိုက်ခဲ့တာလဲ''

''ညက ခြံထဲမှာ ငါတို့ ဝိုင်းဖွဲ့ပြီး စားသောက်နေတုန်း သေနတ်နဲ့ ချိန်ပြီးပစ်ခတ်သွားကြတာပဲ၊ ငါတို့လိုက်တော့ ခြံအပြင်က ကိုင်းတောကြီးထဲ ခြေရာဖျောက်ဝင်ပြေးသွားကြတယ်၊ သူတို့အင်အားတော့ သိပ်ရှိပုံမရဘူး၊ ညက ငါကလည်း အတော်မူးနေတယ်၊ ကြိုးထုံးတို့လည်း ဒဏ်ရာတွေရလိုက်တော့ ကိုင်းတောထဲ တောနင်းရှာဖို့ မဖြစ်နိုင်ခဲ့ဘူး ...၊

အဲဒီကောင်တွေက အတော်တော့ အတင့်ရဲတယ်၊ ခေါင်းစွပ်နက်တွေစွပ်ထားပြီး ခြံစောင့်ကို ပါးစပ်ပိတ်ကြိုးတုပ်ခဲ့ကြတယ်၊ ပြီးတော့ ငါ့နာမည်ကို မေးတယ်၊ ငါ့ကို ဦးတည်ပြီးတိုက်ခိုက်တာပဲ၊ ငါ့ကို သွေးကြွေးဆပ်မယ်လို့လည်း ပြောသွားတယ် ...၊

အဲဒီကောင်တွေဟာ ဒီနယ်မှာရှိတဲ့ ငါ့ရဲ့ပြိုင်ဖက်အဖွဲ့အစည်းတွေထဲကတော့ မဟုတ်နိုင်ဘူး၊ ဒီနယ်မှာရှိတဲ့ အဖွဲ့အစည်းတိုင်းမှာ ငါ့သူလျှိုလွှတ်ထားတဲ့သူတွေ ရှိတယ်၊ အဲဒီကောင်တွေ ငါ့ကို ဒုက္ခပေးရင် ငါချက်ချင်းသိတယ်၊ အခု အဲဒီကောင်တွေဟာ လူသစ်တွေဖြစ်မယ်၊ ကုန်သည်တွေထဲကလည်း ဖြစ်နိုင်တယ်''





ထို့နောက် စောမင်းနိုင်က သူ့ရှေ့ရှိ စားပွဲပုလေးပေါ်သို့ ငွေစက္ကူတစ်ထပ်၊ ပစ္စတိုတစ်လက်နှင့် ဓာတ်ပုံတစ်ပုံကို တင်လိုက်သည်။

''ကုန်သည်တွေထဲက ငါ့ကို သတ်ချင်လောက်အောင် နာကြည်းတဲ့သူမရှိနိုင်ဘူး၊ ပြီးတော့ သာမန်ကုန်သည်တွေဟာ ငါတို့အဖွဲ့တွေကို အင်မတန်ကြောက်တယ်၊ အဲဒီကောင်တွေ အဲဒီလို အတင့်ရဲရဲနဲ့ မလုပ်ရဲဘူး''

''ဒါပေမဲ့ ငါ့ကိုဒုက္ခပေးနိုင်သူတွေကို ငါ ခန့်မှန်းလို့ရတယ်၊ အဲဒါကတော့ စောဥမ္မာဆိုတဲ့ မိန်းကလေးနဲ့ ပတ်သက်နိုင်သူတွေပဲ''

''စောဥမ္မာ ...ဟုတ်လား၊ သူက ဘယ်သူလဲ''

''အဲဒီဓာတ်ပုံထဲကကောင်မလေးပဲ၊ သူက ကျောက်ပွဲစားမလေးပဲ၊ အရမ်းလည်တယ်၊ မန္တလေးမှာ ငါ စတည်းခိုတုန်းက ခင်ခဲ့ငြိခဲ့တဲ့သူပဲ၊ သူက ဒီမြို့အထိ လိုက်လာတယ်၊ ငါ့ရဲ့အိမ်ထောင်ရေး အဆင်မပြေချိန်မှာ သူ ရောက်လာတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ငါ အကြီးအကျယ်စကားများရတယ်၊ သူက ဒီအိမ်ပေါ်အထိ လိုက်လာတယ်၊ တကယ်တော့ ငါ နွဲ့လေးရှိကို လက်ထပ်တုန်းက စောဥမ္မာကျေနပ်လောက်အောင် လျော်ကြေးသဘောမျိုး ပေးပြီးသား . . . ၊

ဒါကို သူ စီးပွားပျက်သွားတော့ ဒီမြို့အထိလိုက်လာပြီး ငါ့ကို ငွေညှစ်သလို ခြိမ်းခြောက်သလိုလုပ်လာတယ်၊ ဒီနယ်မှာ ငါ့ကို ဒီလို ဘယ်သူမှ လုပ်လို့မရဘူးဆိုတာကို သင်းမသိဘူး၊ ဒါပေမဲ့ ပဋိပက္ခမဖြစ်ချင်တာနဲ့ သူတောင်းတဲ့ငွေကိုပေးလိုက်ပြီး သူ့ကို မောင်းထုတ်လိုက်တယ် . . . ၊

ငါ ငွေနှစ်သောင်းပေးပြီးနောက်နေ့မှာပဲ သူ ချယ်ရီနံ့သာကနေ ထွက်သွားတယ်၊ ဒါပေမဲ့ မန္တလေးမရောက်ခင်လမ်းမှာ စောဥမ္မာ ပျောက်သွားသလိုလို သတင်းကြားရတယ်၊ အဲဒါ ငါနဲ့မဆိုင်ဘူး၊ သူ မန္တလေးမပြန်ဘဲ ဘယ်ထွက်သွားသလဲ ငါမသိဘူး၊ သူက ဆွေကြီးမျိုးကြီးက ပေါက်ဖွားလာတာ၊ သူ့အသိုင်းအဝိုင်းက ငါ့ကို မကျေနပ်ကြဘူးလို့ သတင်းကြားရတယ်၊ ဒါကြောင့် ငါ့ကို ဒုက္ခလာပေးနိုင်တာ သင်းတို့ဘက်ကပဲ ဖြစ်နိုင်မယ် . . . ၊

ဒီတော့ ဟောဒီစောဥမ္မာရဲ့ဓာတ်ပုံကို မင်းယူသွားပြီး





စောဥမ္မာနဲ့ပတ်သက်သူတွေ ဒီမြို့ရောက်နေသလား, ဘယ်လိုလှုပ်ရှားနေသလဲဆိုတာ သိအောင် လျှို့ဝှက်စုံစမ်းပြီး အဲဒီကောင်တွေကို ခြေရာခံလို့ရရင် ငါ့ဆီ သတင်းပို့၊ ဒါမှမဟုတ် အရှင်ဖမ်းလို့ရရင် ဖမ်းခဲ့၊ အပြတ်ရှင်းတန်ရှင်းခဲ့၊ ဒီသေနတ်ယူသွား၊ မင်းမြို့ထဲမှာ တစ်ပတ်လောက်နေပြီး ကုန်သည်လိုလို ဟန်ဆောင်ပြီးစုံစမ်း၊ အဲဒီအတွက်သုံးဖို့ ငွေယူသွား၊ သင်းတို့ရဲ့သတင်း မရမချင်း ချယ်ရီမြိုင်ကို ပြန်မလာနဲ့''

စောမင်းနိုင်၏စကားအဆုံးတွင် ချစ်သွေးက ငွေစက္ကူအထပ်ကိုယူကာ ကုတ်အင်္ကျီအတွင်းအိတ်ထဲ ထည့်လိုက်၏။

ပွိုင့်သာတီတူးအော်တိုမက်တစ်ပစ္စတိုကို ကျည်ကတ်ထုတ်စစ်ဆေးပြီးနောက် ကုတ်အင်္ကျီအောက်အိတ်ထဲသို့ ထည့်လိုက်သည်။

ပြီးမှ ဓာတ်ပုံကိုကောက်ယူကာ စေ့စေ့ကြည့်လိုက်၏။

''ဟင် . . . ဒီဓာတ်ပုံထဲကမျက်နှာကို ငါမြင်ဖူးသလိုလိုပါလား''

လူတစ်ယောက်ကို တစ်ခါတွေ့ဖူးထားလျှင် မမေ့နိုင်အောင် သူ အထပ်ထပ်လေ့ကျင့်ဖူး၏။ ထို့ကြောင့် ထိုမျက်နှာနှင့်ဆင်ဆင်တူသူကို တစ်နေရာရာမှာမြင်ဖူးကြောင်း သူ့စိတ်က



www.burmeseclassic.com

www.burmeseclassic.com



သိနေသည်။

"ကျုပ် အဲဒီတာဝန်ကို ဒီနေ့ကစပြီး ထမ်းဆောင်ရမှာလား"

"အခုကစပြီးထမ်းဆောင်"

စောမင်းနိုင်၏ ပြတ်သားသော အမိန့်စကားအဆုံးတွင် ချစ်သွေးထရပ်လိုက်ပြီး ခေါတ်ပုံကို ဘောင်းဘီနောက်အိတ်ထဲသို့ ထည့်လိုက်၏။

"မကြာခင်ရက်အတွင်း သတင်းကောင်းနဲ့အတူ ကျုပ်ချယ်ရီမြို့ကို ပြန်လာခဲ့မယ်"

သူက မရယ်မပြုံးပြောပြီး စောမင်းနိုင်၏ရှေ့မှ ထွက်ခဲ့လိုက်၏။

စောမင်းနိုင်က သူ့ကျောပြင်ကို စိုက်ကြည့်ကျန်ရစ်ရင်း မဲ့ပြုံးပြုံးလိုက်ပါတော့သတည်း။

✡

"ကျုပ် လျှို့ဝှက်တာဝန်တစ်ခု ထမ်းဆောင်ဖို့ သွားရ





မယ် ကိုငွေတိုး၊ တစ်ပတ်လောက်ကြာမယ်၊ ကျုပ်နဲ့ပတ်သက်လို့ ကိုငွေတိုး ပါးစပ်လုံပါစေနော်၊ ကျုပ်အပေါ် သစ္စာမဲ့ရင်တော့ ကျိန်စာသင့်မယ်မှတ်"

ချယ်ရီမြို့မှထွက်ခွာခါနီး ကိုငွေတိုးကို သတိပေးခဲ့ရသေးသည်။ ထို့နောက် သက္ကလတ်ဦးထုပ်တစ်လုံးကို ခပ်ငိုက်ငိုက် ဆောင်းလျက် ကျောပိုးအိတ်တစ်လုံးလွယ်ပြီး မြို့ထဲမှ ထွက်ခဲ့တော့၏။

ချစ်သွေးက မြို့စွန်လမ်းအတိုင်း အတန်ကြာလျှောက်လှမ်းလာပြီးနောက် လမ်းမှာတွေ့ရသည့်မြင်းလှည်းတစ်စီးကို တားပြီး မြို့ထဲပိုင်းသို့ မောင်းနှင်းလိုက်သည်။

"ဒီမှာ ... မြင့်မိုရ်ဦးတည်းခိုခန်းကို သိတယ်မဟုတ်လား၊ အဲဒီကိုလိုက်ပို့ဗျာ"

မြင့်မိုရ်ဦးတည်းခိုခန်းက မြို့ထဲပိုင်းကိုကျော်ကာ မြို့တောင်ဘက်စွန်းနား၌ တည်ရှိ၏။ အိမ်ခြေကျဲပါးသည့်ရပ်ကွက်မှာ တည်ရှိပြီး အေးအေးချမ်းချမ်း၊ လွတ်လွတ်လပ်လပ်ရှိသည်။ အထူးသဖြင့် နယ်စပ်သို့ ကူးသန်းမည့် ကုန်သည်တို့ တည်းခိုမှုများသော ကျယ်ဝန်းသည့်တည်းခိုခန်းကြီးဖြစ်၏။

ချစ်သွေးက တည်းခိုရန် အပေါ်ထပ်ထောင့်ခန်းမှ အခန်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်းကို ယူလိုက်သည်။ တည်းခိုခန်းမန်နေဂျာအား သူ့ကိုယ်သူ ကျောက်ကုန်သည်တစ်ဦးဟု သိစေလိုက်၏။

အခန်းထဲရောက်ပြီး နေသားတကျရှိမှ အိပ်ရာပေါ် ပက်လက်လှန်အနားယူရင်း စောမင်းနိုင်ပေးလိုက်သည့်ဓာတ်ပုံကို စိမ်ပြေနပြေကြည့်လိုက်သည်။

''အင်း . . . . စောဥမ္မာဆိုတဲ့ မိန်းကလေးက အတော် ချောတာပဲ၊ ထက်မြက်သွက်လက်ပုံလည်း ရတယ်၊ လည်လည် ပတ်ပတ်ရှိမယ့် ရုပ်မျိုးပဲ၊ အင်းလေ . . . . သူလည်း ကျောက်ပွဲစားဆိုတော့ လည်ပေမပေါ့''

စောဥမ္မာဆိုသည့် မိန်းမချောလေး၏ဓာတ်ပုံကို သေသေချာချာ စိုက်ကြည့်ရင်း ဤချယ်ရီနံ့သာမြို့လေးဆီလာစဉ်က ကြုံဆုံခဲ့ဖူးသော ဝဏ္ဏဟူသည့်ကောင်လေးကို မျက်လုံးထဲတွင် ပြန်လည်မြင်ယောင်လာ၏။

''အလို . . . စောဥမ္မာဟာ ဝဏ္ဏနဲ့ အတော်တူတာပဲ၊ မျက်နှာကျပုံ၊ မျက်လုံး မျက်ခုံး အနေအထား ဆင်ဆင်တူတယ်၊ စောဥမ္မာက ဆန့်ကျင်ဘက်ပုရိသတွေကို ဆွဲဆောင်နိုင်စွမ်းရှိတဲ့ ရုပ်မျိုး။ ဝဏ္ဏကတော့ ဂျစ်တူးတူး ဂျစ်ကန်ကန်လေး''

ဝဏ္ဏအကြောင်းတွေးရင်းမှ တစ်စုံတစ်ခုကို သတိရသွား





ပြီး လှုးလဲထလိုက်သည်။ ပြီးတော့ အဝတ်အစားလဲကာ အခန်းထဲမှ ထွက်လာလိုက်၏။

ချစ်သွေးက တည်းခိုခန်း၏အပေါ်ထပ်မှဆင်းလာခဲ့ပြီး ကောင်တာရှေ့သွားရပ်လိုက်ကာ ညှော်ခန်းဆောင်ထဲသို့ မျက်လုံးဝေ့ကြည့် အကဲခတ်လိုက်၏။

ညှော်ခန်းထဲ၌ အမျိုးသမီးကြီးနှစ်ဦးနှင့် လူလတ်ပိုင်းအရွယ် မျက်နှာဝယ်ကျောက်ပေါက်မာရှိသော ယောကျ်ားတစ်ဦးတို့က နယ်စပ်ကုန်သွယ်ရေးအကြောင်း ပြောဆိုဆွေးနွေးနေကြ၏။ ညှော်ခန်းထောင့်ဝယ် အဘိုးကြီးတစ်ဦးက သတင်းစာအဟောင်းတစ်စောင်ကို အေးအေးလူလူ ဖတ်နေသည်။

ချစ်သွေးက ကရေဗင်အေစီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်ပြီး ကောင်တာပေါ် တံတောင်ဆစ်တစ်ဖက်ထောက်ကာ မန်နေဂျာကို အမှတ်တမဲ့လိုလိုဖြင့် မေးလိုက်သည်။

''ဝဏ္ဏတို့အုပ်စု ဒီမှာရှိသေးသလားဗျ''

''ဗျာ ဪ . . . ဟို ဖြူဖြူချောချောကောင်လေးလား''

''ဟုတ်တယ် . . . သူတို့ ဒီရောက်တာ နှစ်ပတ်ရောက်ရှိပြီထင်တယ်''

''ဟုတ်တယ်ဗျ . . . သူတို့ ဒီမှာတည်းတုန်းပါပဲ၊ သူတို့



www.burmeseclassic.com

www.burmeseclassic.com



က တစ်ဖက်နိုင်ငံကို ကျောက်သွားရောင်းမလို့တဲ့ဗျ၊ အဲဒီက အေးဂျင့် လာခေါ်တာကို စောင့်နေတာလို့ပြောတယ်၊ သူတို့က ဒီက ကျောက်ဈေးတွေကိုလည်း စုံစမ်းနေတာ နေ့တိုင်းပဲ''

''အခု သူတို့မရှိဘူးပေါ့''

''မနက်စောစောကတည်းက ထွက်သွားကြတာပဲဗျ။ နန်ခိုက မိုးကုတ်နဲ့နီးတော့ ကျောက်ထွက်တယ်လို့ သတင်းကြီး နေတယ်၊ ဒါကြောင့် မကြာခဏ မြင်းငှားပြီး သူတို့သွားကြတယ်၊ မနေ့တုန်းကလည်း နေ့လယ်လောက်ကတည်းက မြင်းငှားပြီး ထွက်သွားကြတာ ညအတော်နက်မှ ပြန်ရောက်လာကြတယ်ဗျ''

''ဩော် ဩော်''

''ဒီကမိတ်ဆွေက ဝဏ္ဏာတို့နဲ့သိလို့လား''

''ကျွန်တော်က သူ့အစ်မရဲ့မိတ်ဆွေပါ၊ သူနဲ့တော့ တိုက်ရိုက်မသိပါဘူး၊ နေ့လယ်စာစားပြီးရင် နန်ခိုဘက်ကို လိုက်သွားကြည့်ဦးမယ်ဗျာ၊ မြင်းငှားချင်တယ် . . . စီစဉ်ပေးစမ်းပါ''

''ရပါတယ် ရပါတယ်''

နန်ခိုက ရွှေလီမြစ်နှင့်မိုးကုတ်ပတ္တမြားမြေအကြားမှာ ရှိသော နန်ခိုတောင်ခြေဒေသဖြစ်ပြီး ယခုတစ်လော ကျောက်ထွက်သည်ဟူ၍ သတင်းပြေးနေသဖြင့် ကျောက်တူးသမားများ၊





ကျောက်ကုန်သည်များ ဥဒဟိုသွားနေကြသောဒေသဖြစ်သည်။ ချယ်ရီနှံ့သာမှ ဆယ့်လေးငါးမိုင်ခန့်ဝေး၏။

တည်းခိုခန်းမန်နေဂျာစီစဉ်ပေးသည့် ဖောင်းဝတ်ရောင် မြင်းကြီးကိုစီးကာ ချစ်သွေး ချယ်ရီနှံ့သာမှ ထွက်ခဲ့တော့ မွန်းလွဲ ခဲ့ပြီဖြစ်၏။

သူက မြင်းကို အသားကျစီးပြီး မြင်းစီးခရီးသွား သုံး လေးဦးနှင့်အတူ ရောယောင်လိုက်သွားသည်။

ရွှေလီမြစ်ကို ဖောင်၊ ကူတို့ဖြင့် ဖြတ်သန်းပြီးနောက် တောင်ကြားလမ်းအတိုင်း ခရီးနှင်ခဲ့ရာမှ တောစပ်တစ်နေရာတွင် တွေ့ရသော ဇရပ်ဟောင်းကြီး၌ နားနေရစ်လိုက်သည်။

ခဏအကြာတွင် မြင်းစီးခရီးသွားတစ်ဦးက ဇရပ်ရှေ့မှ ဖြတ်သန်းသွားသည်ကိုတွေ့ရ၏။ ထိုသူက သူ့ကို သေချာလှည့် ကြည့်သွားသည်။

ထိုသူသည်ကား မြင့်မိုရ်ဦးတည်းခိုခန်း၌ တွေ့ခဲ့ရသည့် ကျောက်ပေါက်မာနှင့်လူပင် ဖြစ်ပါ၏။

✡



www.burmeseclassic.com

www.burmeseclassic.com



ချစ်သွေးက ညနေစောင်းသည်အထိ ထိုဇရပ်မှာပင် နေပြီး နေဝင်ခါနီးမှ ချယ်ရီနံ့သာမြို့လေးသို့ ပြန်လာခဲ့သည်။

မြင့်မိုရ်ဦးသို့ ပြန်လည်ရောက်ရှိကာ ညစာစားပြီးနောက်ပိုင်းတွင် ချစ်သွေးသည် အပြင်သို့မထွက်တော့ဘဲ အခန်းအောင်းလို့သာ နေလိုက်တော့၏။

နောက်နေ့နံနက် ၉ နာရီခန့်တွင်မှ ချစ်သွေး တည်းခိုခန်းအောက်ထပ်သို့ ဆင်းလာတော့ ဧည့်ခန်းဆောင်ထဲတွင် ဝဏ္ဏတို့လူစုကို တွေ့ရသည်။

ဝဏ္ဏက ရှပ်အင်္ကျီလက်ရှည်အကွက်ကြားပေါ်မှ သားရေချိုင်းပြတ်ဝစ္စကုတ်ကို ထပ်ဝတ်ထားပြီး သက္ကလတ်ဘောင်းဘီရှည်ကို သားရေလည်ရှည်ဖိနပ်နှင့်တွဲဝတ်ထား၏။

သူက သက္ကလတ်ဦးထုပ်ကို ရှေ့ငိုက်ငိုက်ဆောင်းထားပြီး ဆိုဖာတစ်လုံးပေါ်တွင် လက်ပိုက်ထိုင်ရင်း လှေကားမှ ဆင်းလာသည့် ချစ်သွေးကို စိုက်ကြည့်နေသည်။

ဝဏ္ဏ၏ဝဲဘက်မှ ဆက်တီခုံတို့အပေါ်တွင် ခေါင်းတုံးဆံပင်နှင့် လူက ပိုနီတေးဆံပင်ပိုင်ရှင် ဗလကောင်းကောင်းလူနှင့်အတူ ယှဉ်တွဲထိုင်နေရင်း စီးကရက်တစ်လိပ်ကိုဖွာလျက် ချစ်





သွေးကို မျက်လုံးမေးစင်းကြည့်နေသည်။

ဝဏ္ဏ၏လက်ယာဘက်မှ ဆက်တီတွင်မူ ကျောက်ပေါက်မာနှင့်လူထိုင်နေပြီး သူက ချစ်သွေးကိုမကြည့်ဘဲ မျက်နှာလွှဲထား၏။ ထိုသူသည်ကား ဝဏ္ဏတို့အဖွဲ့၏ အထောက်တော်ဖြစ်ပုံရသည်။

ချစ်သွေးက တည်းခိုခန်းမန်နေဂျာအား ပြုံးကာ နှုတ်ဆက်လိုက်ပြီး . . .

"မနေ့က နန်ခိုဘက် မရောက်လိုက်ဘူးဗျာ၊ ဒီနေ့တော့ စောစောပဲ သွားမယ်၊ မနေ့ကမြင်းပဲ ခေါ်ပေးပါဦး"

"ဟုတ်ကဲ့ . . . ကျွန်တော့်ကောင်လေးတစ်ယောက်ကို စီစဉ်ခိုင်းလိုက်ပါ့မယ်'

တည်းခိုခန်းတိုင်း၏နောက်ဘက်တွင် မြင်းဖောင်းရှိပြီး မြင်းများမွေးမြူထားကာ တည်းခိုသူများကို အခကြေးငွေ သီးခြားယူပြီး မြင်းငှားလေ့ရှိသည်မှာ ဤဒေသ၏ အလေ့အထတစ်ခုပင်ဖြစ်၏။

ချစ်သွေးတစ်ယောက် ဖောင်းဝတ်ရောင်မြင်းကြီးကို အသားကျစီးပြီး မြင့်မိုရ်ဦးမှ ထွက်ခဲ့တော့ ဝဏ္ဏတို့လူစု မသိမသာ လှမ်းကြည့်ကျန်ရစ်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာတွင် အလျှိုအလျှိုထကာ တည်းခိုခန်း အောက်ထပ်ရှိ သူတို့၏အခန်းများဘက် ထွက်သွားကြ၏။

နာရီဝက်ခန့်အကြာမှာမူ ဝဏ္ဏတို့လူစုသည် တည်းခိုခန်း၏ ဘေးပေါက်မှထွက်ပြီး မြင်းကိုယ်စီဖြင့် မြင့်မိုရ်ဦးဝင်းထဲမှ အေးအေးဆေးဆေးပုံစံဖြင့် ထွက်ခွာသွားကြပါတော့သတည်း။

✿

ချစ်သွေးက ဇရပ်အိုကြီး၏ တိုင်တစ်တိုင်ကို ကျောမှီ ထိုင်လျက် စီးကရက်တစ်လိပ်ပြီးတစ်လိပ် စိမ်ပြေနပြေ ဖွာနေလိုက်သည်။

သူ ယင်းဇရပ်သို့ရောက်ရှိပြီး တစ်နာရီခန့်အတွင်းမှာပင် မြင်းခွာသံပြင်းပြင်းတို့ကို ကြားလာရ၏။

ခဏအကြာမှာပင် ဇရပ်ကြီး၏ရှေ့သို့ မြင်းလေးစီး ဆိုက်ရောက်လာပြီး မြင်းစီးသမားလေးဦးက ဇရပ်ပေါ်သို့ ဖိနပ်ခွာ သံပြင်းပြင်းဖြင့် တက်လာကြသည်။

ဝဏ္ဏတို့လူစုပင် ဖြစ်၏။ ဝဏ္ဏက သူ့ရှေ့တွင် ခြေနှစ်





ချောင်းကိုခွဲကာ ခါးထောက်ရပ်လိုက်၏။ ပြီးလျှင် သူ့ကို စူးစူးရဲရဲ ကြည့်လျက် လေသံမာမာဖြင့် မေးသည်။

"ဟေ့လူ . . . ခင်ဗျားက ကျုပ်တို့ကိုမေးတယ်ဆို၊ ဘာကိစ္စ မေးတာလဲ၊ ပြီးတော့ ခင်ဗျားက ကျုပ်အစ်မရဲ့မိတ်ဆွေဆို၊ ခင်ဗျားက ကျုပ်ရဲ့အစ်မကို သိလို့လား"

ချစ်သွေးက စီးကရက်ကို လက်ခလယ်ဖြင့် ဇရပ်အပြင်ဘက်သို့ တောက်ထုတ်လိုက်ပြီး ထိုင်ရာမှ အေးအေးဆေးဆေး ထရပ်လိုက်လေသည်။

ဤဇရပ်ကြီးရှိရာ တောလမ်းခရီးတွင် နံနက်စောစောပိုင်းနှင့် ညနေပိုင်းတွင်သာ ဖြတ်သွားဖြတ်လာတို့ရှိကြပြီး နေမြင့်သည်နှင့် ခရီးသွား ကြဲပါးပြတ်တောက်သွားလေ့ ရှိ၏။

လူသူကင်းမဲ့ကာ လူမနီးသူမနီး တောကြီးမျက်မည်းထဲမှ ဇရပ်အိုကြီးတွင် ကျားရိုင်းတစ်ကောင်နှယ် မာန်ဖီနေသည့် ဝဏ္ဏနှင့် သူ့လူတို့ကို ချစ်သွေး ရင်ဆိုင်နေရခြင်းဖြစ်သည်။

ချစ်သွေးက ဘောင်းဘီအိတ်နှစ်ဖက်ထဲသို့ လက်နှစ်ဖက် နှိုက်လျက်မှ ဝဏ္ဏကို အေးအေးဆေးဆေးကြည့်ကာ လေသံအေးအေးဖြင့် ပြောလိုက်သည်

"ဟုတ်တယ်လေ . . ကိုယ့်နာမည်က ... ရဲ့ စောဥမှာ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ သူငယ်ချင်းမိတ်ဆွေတစ်ဦးပါပဲ၊ မန္တလေးကျောက်လောကမှာ ဆုံပြီး ခင်သွားကြတာ၊ ကိုယ့်ဆီမှာ သူ့ဓာတ်ပုံတောင် ရှိတယ်၊ ဒီမှာတွေ့လား''

ချစ်သွေးက ကုတ်အင်္ကျီအတွင်းအိတ်ထဲမှ စောဥမ္မာ၏ ဓာတ်ပုံကိုထုတ်ပြလိုက်သည်။

ဓာတ်ပုံကိုကြည့်ပြီး ဝဏ္ဏာ အံ့အားသင့်သွားသလို မျက်နှာပေါ်မှ တင်းမာခက်ထန်မှုတို့လည်း လျော့ကျသွားကြ၏။

ဝဏ္ဏာက ချစ်သွေး၏မျက်နှာကို စူးစိုးစိုက်စိုက်ကြည့်လိုက်ပြီး စိတ်လှုပ်ရှားစွာမေးသည်။

''ဒီမှာ ကိုဇော်ရဲ ... ကျုပ်ရဲ့အစ်မ အခုပျောက်နေတယ်ဗျ၊ သူ့ကိုရှာဖို့ ကျုပ် ဒီကိုလာခဲ့တာ၊ ကျုပ်ရဲ့အစ်မ ပျောက်ဆုံးမှုနဲ့ပတ်သက်ပြီး မသင်္ကာအဖြစ်ဆုံးကတော့ စောမင်းနိုင်ဆိုတဲ့လူကြီးပဲ၊ စောမင်းနိုင်ဟာ ဒီမြို့မှာတော့ တကယ့် ဒုစရိုက်ရာဇာကြီးပဲလို့ သိရတယ်၊ ခင်ဗျားရော စောမင်းနိုင်အကြောင်း သိသလား''

''နည်းနည်းပါးပါးတော့သိတယ်၊ စောမင်းနိုင်ဟာ ဒီမြို့မှာ အတော်သြဇာကြီးတယ်၊ ပြီးတော့ မြာပွေတယ်လို့ သိထားတယ်''





''ဟုတ်တယ်၊ အဲဒီလူဟာ လူကြီးလူကောင်းဟန်ဆောင်ထားတဲ့ လူယုတ်မာကြီးဗျ၊ မိန်းမကောင်းတွေကို ကျောရရုံကြံပြီး ပန်းကောင်းအညွန့်ချိုးရုံတင်မက သူ့ရဲ့အနာဂတ်ဘဝမှာ အနှောင့်အယှက် အမှိုက်လို့ ယူဆရင် မိန်းမ,ယောကျ်ားမရွေး ဘယ်သူ့ကိုမဆို ရက်ရက်စက်စက် ရှင်းတတ်သူလို့ ကျုပ်သိထားတယ်၊ ဒါကြောင့် ကျုပ်ရဲ့အစ်မ ပျောက်ဆုံးနေတာဟာ အဲဒီလူယုတ်မာကြီးရဲ့လက်ချက်လို့ပဲ ထင်တယ်''

''အဲဒါနဲ့ပဲ မနေ့ညက စောမင်းနိုင်ရဲ့မက်မန်းခြံထဲမှာ မင်းတို့လူစုက သွားပြီး ပစ်လားခတ်လားလုပ်ကြတယ်ပေါ့ ... ဟုတ်လား''

''ဟင် ... ခင်ဗျား အဲဒါ ဘယ်လိုလုပ်သိသလဲ''

ဝဏ္ဏာမှာ ရှုံးရှုံးရှဲရှဲ ဖြစ်သွားတော့၏။

''စိတ်အေးအေးထားပါ ဝဏ္ဏာ၊ ငါလည်း ငါ့ရဲ့သူငယ်ချင်း စောဥမ္မာအတွက် စိတ်ထဲမှာ ခံပြင်းနေသူပါ၊ စောမင်းနိုင်ကို မသင်္ကာဖြစ်နေသူပါ၊ မင်းနဲ့ငါ ခံယူချက်ချင်း, ခံစားချက်ချင်း တူပါတယ်၊ ငါ မင်းနဲ့နှစ်ယောက်တည်း ဆွေးနွေးချင်တယ် ဝဏ္ဏာ မင်းအတွက် အကျိုးရှိတာတွေ ငါ ဆွေးနွေးမှာပါ''

လေသံအေးအေးဖြင့် တည်တည်ငြိမ်ငြိမ် ပြောနေသော



www.burmeseclassic.com

www.burmeseclassic.com



ချစ်သွေးကို အတန်ကြာစူးစူးရဲရဲကြည့်ပြီးနောက် ဝဏ္ဏက ခေါင်း ညိတ်လိုက်သည်။

"ကောင်းပြီလေ"

ထို့နောက် သူ့လူများဘက်သို့ လှည့်ပြောလိုက်၏။

"ကဲ ... ကိုနေဘ်ဆေးတို့ ခဏရှောင်ပေးကြဗျာ"

ဝဏ္ဏ၏လူများက ချစ်သွေးကို မယုံသင်္ကာသလို ရှုတည် တည်ဖြင့် ကြည့်လိုက်ကြပြီးမှ ဇရပ်အောက်သို့ဆင်းကာ ဇရပ်နှင့် ခပ်ဝေးဝေးရှိ သစ်ငုတ်တိုများပေါ်တွင် သွားထိုင်နေကြလေသည်။

ဝဏ္ဏက ခေါင်းမှဦးထုပ်ကို ချွတ်လိုက်ပြီး ဇက်ပေါ်ဝဲကျ နေသည့် ဆံနွယ်တို့ကို ခါလိုက်ကာ ...

"ကဲ ပြော ... ခင်ဗျား ဘာဆွေးနွေးမှာလဲ"

ဟု ခပ်ဆတ်ဆတ်ပြောလိုက်လေသည်။

ဇရပ်တိုင်တစ်တိုင်ကိုမှီရပ်ရင်း လက်ပိုက်ထားလျက်မှ ချစ်သွေးက ဝဏ္ဏကို မခိုးမခန့် ပြုံးကြည့်လိုက်သည်။

"မဆွေးနွေးခင် ကိုယ်ဘာတွေသိထားသလဲဆိုတာ ပြောပြချင်တယ်"

"ခင်ဗျားက ဘာသိထားလို့လဲ"

"မင်းဟာ ယောကျ်ားလေးတစ်ယောက်မဟုတ်ဘူး ဆို





တာကို သိထားတယ်"

"ဘာ"

ဝဏ္ဏမှာ အတော် လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ချစ်သွေး ကို မျက်လုံးပြူးကြည့်၏။ သူ၏ဟန်က ခုန်အုပ်တော့မည့် ကျား ရိုင်းနှယ်။

"မင်း ငြင်းချင်သေးလို့လား ... မငြင်းပါနဲ့၊ ဘာဖြစ်လို့ လဲဆိုတော့ ကိုယ်က လူကဲခတ်ကျွမ်းကျင်အောင် အသေအချာ စနစ်တကျ လေ့ကျင့်ထားသူမို့ပဲ ...၊

အဲဒီတော့ မင်းရဲ့သရုပ်သကန်ကို ကိုယ်သိထားပြီးပြီ ဆိုတော့ ကိုယ့်ရဲ့သရုပ်မှန်ကိုလည်း မင်းသိထားသင့်တယ်၊ ဒါမှ ကိုယ်တို့နှစ်ယောက် စိတ်ချလက်ချ ပူးပေါင်းပြီး စောမင်းနိုင်ရဲ့ ယုတ်မာပုံကို ဖြိုခွင်းနိုင်မှာ"

ချစ်သွေးက စကားအဆုံးတွင် ကုတ်အင်္ကျီအတွင်းအိတ် ထဲမှ ကတ်ပြားလေးတစ်ခုကို ဝဏ္ဏအား ထုတ်ပြလိုက်လေသည်။

ဝဏ္ဏက ယင်းကတ်ပြားလေးကို သေချာစေ့စေ့စပ်စပ် ကြည့်ရင်း သူ၏မျက်နှာပေါ်မှ အရောင်တို့ တရွေ့ရွေ့ ပြောင်းလဲ သွားတော့၏။

"ကဲ ဘယ်လိုလဲ ... မင်း ကိုယ့်ကို ယုံကြည်စိတ်ချ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီလား၊ မင်းနဲ့ကိုယ် ပူးပေါင်းလို့ရပြီလား''

''ရပြီ ... ကျုပ် သိပ်အားရှိသွားပြီ။ ဒါပေမဲ့ ကျုပ်ကို ဝဏ္ဏလို့ပဲ ခင်ဗျားဆက်ခေါ်ပါ၊ ယောက်ျားလေးတစ်ယောက်လိုပဲ ကျုပ်ကိုဆက်ဆံပါ၊ ဒီလိုအန္တရာယ်နယ်မြေစိမ်းမှာ မိန်းကလေး တစ်ယောက်အဖြစ် လှုပ်ရှားဆက်ဆံဖို့ မလွယ်ဘူး၊ ဒါကြောင့် ယောက်ျားလေးအသွင် ယူထားတာ''

''ဟုတ်ပါပြီ ... ကိုယ်နားလည်ပါတယ်၊ ကိုယ့်ရဲ့လျှို့ ဝှက်ချက်ကိုလည်း မင်းရဲ့လူတွေကိုတောင် မပြောမိပါစေနဲ့''

''စိတ်ချပါ''

ထို့နောက် သူတို့နှစ်ယောက်သည် ဇရပ်ကြမ်းပြင်ပေါ် တွင် ထိုင်ကာ ရှေ့လုပ်ငန်းစဉ်များကို ဆက်လက်ဆွေးနွေးတိုင်ပင် လျက် ရှိကြပါတော့သတည်း။

✿ ✿ ✿





# မရဏာနိဂုံး

ချယ်ရီမြို့သို့ ချစ်သွေးပြန်ရောက်တော့ ကိုငွေတိုးကို မတွေ့ရချေ။ သူက သူ့အခန်း၌ ကျောပိုးအိတ်သွားထားပြီးနောက် စောမင်းနိုင်ကိုတွေ့ဆုံရန် စံအိမ်ကြီးထဲသို့ ဝင်ရောက်ခဲ့လေသည်။

စံအိမ်ကြီး၏ညှော်ခန်းဆောင်မှာ ဆိတ်ငြိမ်လျက်ရှိပြီး ထိပ်ဆုံးမှကျွန်းကနုတ်ဘောင်ခတ် ဆက်တီခုံကြီးတွင် စောမင်း နိုင်က ရှုတည်တည်ကြီးဖြင့် မလှုပ်မယှက်ထိုင်နေကာ ချစ်သွေးကို စူးစိုက်ကြည့်နေ၏။

ဘရားကမူ ခပ်လှမ်းလှမ်းမှနံရံအနီးတွင် ဆိတ်ငြိမ်စွာ



www.burmeseclassic.com

www.burmeseclassic.com



လက်ပိုက်ရပ်နေသည်။ ချစ်သွေးက စောမင်းနိုင်၏ရှေ့သို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းသွားပြီး သူ့ရှေ့မျက်စောင်းထိုးမှ ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

“ဝဏ္ဏာတို့လူစုနဲ့ကျုပ် မြို့ပြင်ကဇရပ်တစ်ခုမှာ ပြဿနာဖြစ်ခဲ့တယ်”

“ဝဏ္ဏာဆိုတာက”

“စောဥမ္မာရဲ့မောင်ပါ”

“ဪ ... ငါထင်ထားတဲ့အတိုင်းပါလား”

“ဟုတ်တယ် ... မက်မန်းခြံထဲမှာ သူတို့လာပြီး ပစ်ခတ် လုပ်ကြံတာကို ကျုပ်တို့သိပြီးပြီလို့ပြောတော့ ဝဏ္ဏာကလည်း ဟုတ်တယ် ... သူတို့ရဲ့လက်ချက်ပဲလို့ ပြောတယ်၊ အဲဒီနောက် သူတို့နဲ့ကျုပ် တိုက်ကြခိုက်ကြတယ်”

ချစ်သွေးက သူ၏ဝဲဘက်လက်မောင်း၌ ပတ်တီးစည်းထားသည်ကိုပြလိုက်ကာ ...

“ကျုပ်ရဲ့လက်နည်းနည်းရှပ်ထိသွားတယ်၊ အဲဒီကောင်တွေလည်း အတော်အထိနာသွားတယ်၊ ဒီကအုပ်စုက သူတို့ရဲ့ ခြေလှမ်းကို ရိပ်မိနေပြီး သူတို့ကို ခြေရာခံမိပြီဆိုတာသိတော့ နောက်နေ့မှာပဲ အဲဒီကောင်တွေ ဒီမြို့ကနေ ထွက်ပြေးသွားတယ်၊





ခု သူတို့အုပ်စု ချယ်ရီနွံသာမှာ မရှိတော့ဘူး၊ အရင်က မြို့တောင်ပိုင်းက မြင့်မိုရ်ဦးတည်းခိုခန်းမှာ သူတို့တည်းနေကြတာ”

“ဪ ... ဟုတ်လား အင်း ... အဲဒီကောင်တွေ ဒီမြို့ထဲ ထပ်ဝင်လာ,မလာ စောင့်ကြည့်ရမယ်”

“ဒါထက် ကိုငွေတိုးတစ်ယောက်ကို မတွေ့ပါလား”

“သူ့ရွာပြန်သွားတယ်”

“ဟင်”

“ရွာက သူ့အမေ နေကောင်းလို့ အမြန်လာပါဆိုပြီး ကြေးနန်း မနေ့ကလာတယ်လေ”

“ဪ”

“ကဲ ... မင်းလည်း သွားနားတော့”

ချစ်သွေးမှာ သူ့အခန်းထဲပြန်ရောက်ပြီးနောက် ကွပ်ပျစ်ပေါ် ပက်လက်လှဲကာ ကိုငွေတိုးအကြောင်းကို စဉ်းစားတွေးတောနေမိ၏။

“ကိုငွေတိုးပြောတော့ သူ့အမေက သူငယ်ငယ်ကတည်းက သေသွားတာတဲ့၊ စောမင်းနိုင်ပြောတော့ သူ့အမေ နေမကောင်းလို့ ရွာပြန်သွားတယ်တဲ့၊ စောမင်းနိုင်ပြောတာ ဟုတ်မဟုတ်ရဲ့လား”



www.burmeseclassic.com

www.burmeseclassic.com



ချစ်သွေး၏ရင်ဝယ် သံသယနှင့်အတူ စိုးရိမ်စိတ်တို့ ကြီးထွားလာကြ၏။ အထူးသဖြင့် ကိုငွေတိုးအတွက် ပူပန်နေမိခြင်း ဖြစ်သည်။

‘‘အင်း ... စောမင်းနိုင်ရဲ့မျက်နှာ မကောင်းဘူး၊ သူ့ရဲ့ မျက်နှာအမူအရာက တစ်ခုခုကို ဖုံးကွယ်ထားသလိုပဲ၊ ဘရှားလည်း အမူအရာပျက်နေတယ်၊ သတိထားပြီးနေမှ’’

ညရောက်တော့ ဘရှားရောက်လာပြီး စောမင်းနိုင်က ညစာစားပွဲဖြင့် ဂုဏ်ပြုရန် စီစဉ်ထားကြောင်းပြောသဖြင့် ချစ်သွေး မငြင်းပယ်သာဘဲ လိုက်သွားရသည်။

ညစာထမင်းစားပွဲဝယ် စောမင်းနိုင်၏အမူအရာက နေ့လယ်ကလို မဟုတ်တော့။ မျက်နှာဝယ် ပြုံးပန်းတို့ဝေလျက်ရှိပြီး သူ အမဲလိုက်ခဲ့ဖူးသည့်အကြောင်းတို့ကို ရွှန်းရွှန်းဝေအောင် ပြောပြနေခဲ့သည်။

ထမင်းစားပွဲတွင် လက်မောင်းနှင့်ပခုံးတို့တွင် ပတ်တီးစည်းထားရဆဲ ကြိုးထုံးနှင့်မဲကောက်တို့ကိုပါ စုံညီစွာ တွေ့ရသည်။ ဘရှားတို့လူစုကတော့ စကားဟာဟာမပြောဘဲ တရုတ်အရက်နှင့် လီရှောအရက်တို့ကိုသာ တစွပ်စွပ်သောက်လျက်ရှိကြသည်။ သူတို့ကိုအကဲခတ်ကြည့်ရသည်မှာ တစ်စုံတစ်ရာအ





တွက် စိတ်လှုပ်ရှားနေကြပုံရသည်ဟု ချစ်သွေးထင်သည်။

ချစ်သွေးမှာသတိထားနေသည့်ကြားမှ လီရှောအရက်နှစ်ပက်ခန့်သောက်မိပြီး ခဏအကြာမှာပင် သူ့ခေါင်းထဲမှ မခံမရပ်နိုင်အောင် မူးလာကာ ဇက်ကျိုးကျသွားရတော့၏။

သူ သတိမလစ်မီမှာပင် စောမင်းနိုင်၏ အောက်ကလိကာ အော်ရယ်သံကြီးကို ကြားလိုက်ရပါသတည်း။

‘‘ဟား ဟား ဟား’’

✿

‘ဗွမ်း’

အေးစက်သောရေတို့၏ ကြမ်းတမ်းသည့် အထိအတွေ့ကြောင့် ချစ်သွေး သတိရလာတော့ သူ၏လက်နှစ်ဖက်မှာ လက်ပြန်ကြိုးတုပ်ခြင်းခံထားရကြောင်း သတိထားမိသည်။

သူက အေးစက်သောကြမ်းပြင်ပေါ်တွင် လဲလျက်ရှိသည်ပဲ။

‘‘ဟော့ကောင်ဇော်ရဲ ... ထစမ်း ထစမ်း’’



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ခြေဖြင့် ကန်နှိုးလိုက်သည်က ဘရှားပင်ဖြစ်၏။

သူ အားယူကာ လူးလဲထရပ်လိုက်သည်။ သူ၏ ခြေထောက်နှစ်ဖက်ကိုပါ သံကြိုးဖြင့် တုပ်ချည်ထားသည်ပဲ၊

သူနှင့်နှစ်လံခန့်အကွာတွင် မျက်နှာတစ်ပြင်လုံး ဒဏ်ရာဒဏ်ချက်များဖြင့် ဖူးဖူးရောင်နေသည့် ကိုငွေတိုးကို သူ့လိုပင် လက်ပြန်ကြိုးတုပ်လျက်သား တွေ့ရ၏။

စောမင်းနိုင်က လက်ထဲတွင် ပစ္စတိုသေနတ်တစ်လက် ကိုင်ထားရင်း ချစ်သွေးကို စူးစူးရဲရဲကြည့်ကာ အောက်ကလိ အသံကြီးဖြင့် ကြိမ်းမောင်းလိုက်သည်။

''ဇော်ရဲ . . . မင်းက မင်းကိုယ်မင်း လည်လှပြီပေါ့ ဟုတ်လား၊ လက်စသတ်တော့ မင်းက မင်းရဲ့ရည်းစားဟောင်း နွဲ့လေးရီအတွက် စုံစမ်းထောက်လှမ်းဖို့လာတာပေါ့ . . . ဟုတ်လား . . .၊

ဟင်း ဟင်း ဟင်း . . . မင်းတို့လည်တာ ငါအိပ်နေသလောက် ရှိတယ်၊ ငွေတိုး ခုတစ်လော ပိုက်ဆံတွေ သိပ်သုံးနိုင်တာ, နန်းဝါနုကို တန်ဖိုးကြီးတဲ့လက်ဆောင်တွေ ပိုးကြေးပန်းကြေးနဲ့ ဆက်တိုက်ဆိုသလို ဝယ်ပေးနေနိုင်တာကို ဒေါ်ငြိမ်းရင် ပြောပြလို့ ငါသိရကတည်းက ငွေတိုးကို မသင်္ကာစဖြစ်ခဲ့တာပဲ၊





မင်းနဲ့ အဲဒီကောင် တပူးတွဲတွဲဖြစ်နေတာကိုလည်း ဘရှားတို့ပြောပြလို့ ငါသိထားတယ်၊ ဒါကြောင့် မသင်္ကာဖြစ်ပြီး မင်းမရှိတုန်း ငွေတိုးကို ဟောဒီမြေတိုက်ခန်းထဲ ဖမ်းခေါ်ပြီး ရိုက်စစ်လိုက်တော့ အကုန်ပေါ်တာပဲ၊ ဒါကြောင့် မင်းကိုပါ လက်ဦးမှုရယူလိုက်ရတာပဲကွ''

''ဟုတ်တယ်ကွာ . . . အဲဒီတော့ မင်းက ဘာလုပ်ချင်သလဲ စောမင်းနိုင်၊ မင်းဟာ အင်မတန်ယုတ်မာရက်စက်တဲ့ကောင်၊ နွဲ့လေးရီကို မင်း သတ်လိုက်တာမဟုတ်လား''

''အေး . . . ဟုတ်တယ်၊ ငါ့ရဲ့ ဘိန်းခိုးချက်တဲ့လုပ်ငန်း, မက်မန်းခြံထဲမှာလုပ်နေတာကို အဲဒီကောင်မက သိသွားတယ်၊ ပြီးတော့ ငါ့အပေါ် သစ္စာဖောက်တဲ့, အမိန့်မနာခံတဲ့ကောင်တွေနဲ့ နော်ခမ်းဆိုတဲ့ကောင်ကို ဟောဒီမြေတိုက်ခန်းထဲမှာ သတ်ပစ်တာကို သူသိသွားပြီး သူ့ကိုကွာမပေးရင် ပုလိပ်မင်းကြီးအထိ တက်တိုင်မယ်လို့ ခြိမ်းခြောက်တယ်၊ ဒါကြောင့် ငါဟာ သူ့ကိုသိပ်ချစ်ပေမယ့် သူ့ကို ဘဝသစ်ဆီ ပို့ပေးလိုက်ရတာပဲ . . .၊

သူကလည်း ငါနဲ့ကွာရှင်းပြီး ဘဝအသစ်ကို ပြန်စချင်တယ်လို့ ခဏခဏ စကားနာထိုးနေတာကိုးကွ၊ ငါကလည်း အဲဒီစကားကို အနာဆုံးပဲ၊ သင်းက ငါ့ကိုဒိုင်ပစ်ရိုက်ကို ခိုးယူပြီး



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ကြိုးစင်ပို့ဖို့ ကြိုးစားတော့မယ်ဆိုတာလည်း ငါသိတယ်၊ ဒါကြောင့် ဆရာဝန်ပေးတဲ့ ဆေးနဲ့ စိန်အဆိပ်ဆေး နည်းနည်းစီ ရောရောတိုက်ခဲ့တယ်၊ ဒါနဲ့ပဲ သူဟာ လုံးပါးပါးပြီး ဘဝသစ် ရောက်သွားရတာကွ . . . သိရဲ့လား . . . ဟား ဟား ဟား''

''မင်း စောဉမ္မာကိုလည်း သတ်ပစ်လိုက်တယ် မဟုတ်လား၊ ပြီးတော့ စောဉမ္မာရဲ့အလောင်းနဲ့ နွဲ့လေးရီရဲ့အလောင်းကို လဲပြီး မြှုပ်နှံထားတယ် မဟုတ်လား၊ စံအိမ်ကြီးရဲ့အပေါ်ထပ် အခန်းထဲမှာ နွဲ့လေးရီရဲ့အလောင်းကို ငါတွေ့ထားပြီးပြီကွ''

''ဟား ဟား ဟား . . . သိပ်ဟုတ်တာပေါ့ကွာ၊ စောဉမ္မာက ငါ့ကို ငွေညှစ်ပြီးခြိမ်းခြောက်လို့ သတ်ပစ်လိုက်တာ၊ အဲဒီညမှာပဲ နွဲ့လေးရီက ဆုံးသွားတယ်၊ ငါက နွဲ့လေးရီကို မလွှဲမရှောင်လို့သာ ဘဝသစ်ဆီ ပို့လိုက်ရပေမယ့် သိပ်ချစ်တော့ မမြှုပ်နှံရက်ဘူး၊ ငါနဲ့အတူ စံအိမ်ကြီးထဲမှာ ဆက်နေစေချင်တယ်၊ ဒါကြောင့် လျှို့ဝှက်လိုဏ်လမ်းကို အသုံးပြုပြီး အဲဒီအလောင်း နှစ်လောင်းကို ငါကိုယ်တိုင် ထမ်းသယ် ထမ်းချပြီး လဲခဲ့တာ၊ ဒါမှ နွဲ့လေးရီကို လွမ်းတဲ့အခါ စကားပြောနိုင်မှာလေကွာ . . . မဟုတ်ဘူးလား . . . ဟား ဟား ဟား''

''မင်း မင်းဟာ တဏှာရူး၊ ရာဂရူး၊ မောဟတွေအပြည့်





ဖုံးနေတဲ့ အတ္တရူး''

''ဟား ဟား ဟား . . . ဟုတ်တယ် ဟုတ်တယ်၊ ငါက အချစ်ရူး၊ တဏှာရူးပြီးတော့ မရဏရူး၊ မရဏရူး သိရဲ့လား၊ လူသတ်ရမှ ကျေနပ်တတ်တဲ့ မရဏရူး။ ဒါကြောင့် မင်းတို့ကို လည်း သတ်ရမှကျေနပ်မယ်၊ ကဲကွာ . . . သေစမ်း''

စောမင်းနိုင်က ချစ်သွေး၏ရင်ဘတ်တည့်တည့်သို့ ပစ္စတိုဖြင့် ချိန်ကာ မောင်းကိုဆွဲညှစ်ချလိုက်၏။

'ဒိုင်း . . ဒိုင်း . . ဒိုင်း'

''အား''

''အ''

မြေတိုက်ခန်းကြီးထဲတွင် ကော်ဒိုက်ယမ်းအား၏ ပေါက်ကွဲသံတို့ ဆူညံသွားပြီး စောမင်းနိုင်၏လက်မှ သွေးတို့ ဖြာခနဲ ထွက်ကာ ပစ္စတိုလွတ်ကျသွား၏။ ပြီးတောက် ဝဲဘက်ပေါင်ကို ကျည်ထိပြီး ကျောက်ကြမ်းပြင်ပေါ် ခွေခနဲ လဲကျသွားတော့သည်။

ဘရှား၊ ကြိုးထုံးနှင့် မဲကောက်တို့လည်း ခြေထောက်၊ လက်မောင်းတို့တွင် ဒဏ်ရာအသီးသီးရပြီး ဂိလာနတွေ ဖြစ်သွား ကြတော့သည်။

သေနတ်ကိုယ်စီကိုင်ပြီး မြေတိုက်ခန်းအတွင်းမှ ပေါ်လာကြ



www.burmeseclassic.com

www.burmeseclassic.com



သည်က ဝဏ္ဏ (ခေါ်) စောမာလာနှင့် သူမ၏လူများပင် ဖြစ်ပါသတည်း။

✹

BURMESE CLASSIC .com

အထက်ပါအဖြစ်အပျက်များ ဖြစ်ပျက်ပြီး သုံးလခန့်အကြာတွင် စောမင်းနိုင်တို့လူစုကို သက်ဆိုင်ရာတရားရုံးမှ သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ်တို့ အသီးသီးချမှတ်လိုက်သလို . . . နွဲ့လေးရီ၏အလောင်းကိုလည်း ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါ၏။

ယင်းအပြင် အင်းစိန်စီအိုင်ဒီမှ အထူးတာဝန်ဖြင့် စေလွှတ်မှုကြောင့် ဇော်ရဲအဖြစ် လှုပ်ရှားဆောင်ရွက်ခဲ့ရသူ အိုင်အိုချစ်သွေးနှင့် စောမာလာတို့မှာလည်း ချစ်သူရည်းစားများ ဖြစ်သွားကြပြီး နောက်ခြောက်လလောက်အကြာတွင် လက်ထပ်မင်္ဂလာပွဲကို ရန်ကုန်မြို့ စထရင်းဟိုတယ်တွင် ခမ်းနားကြီးကျယ်စွာ ကျင်းပခဲ့ကြပါကြောင်း။

ဆက်လက်ကြိုးစားပါဦးမည် . . .

စိုးတြာအဂ္ဂ

# စိုးတြာအဂ္ဂ ၏ ရေးသားထုတ်ဝေပြီးသောလုံးချင်းဝတ္ထုများ

၁။ ဂငယ်သုံးလုံးမောင်သံပုံး
၂။ မိကျောင်းစေတမန်
၃။ ခုဒ္ဒနဒီကျိန်စာ
၄။ စွယ်နက်ရှင်
၅။ ဗီးနပ်(စ်)ပုလဲ
၆။ ပင်လယ်မြွေဟောက်
၇။ အင်းဘီလူး
၈။ သဇင်မြိုင်မောင်နှမ
၉။ အရိုင်းမေတ္တာ
၁၀။ နံ့သာအိမ်ကြီး ရေကူဆီး
၁၁။ ငှက်ဂဠုန်မြွေနဂါး
၁၂။ သမုဒယကောရီ
၁၃။ ကျောက်စိမ်းယက္ခ
၁၄။ လေးပွင့်သစ္စာ
၁၅။ ကိုးမြို့ ကိုးတံခါး ကိုးဖလား
၁၆။ ဘီလူးတောင်ကျိန်စာ
၁၇။ သွေးနှင်းဆီ
၁၈။ ရေသူမလေး မဥ္ဇူရီ
၁၉။ မဟာရွှေတံခါး ရှမ်ဘဲလား
၂၀။ မဟာမြိုင်ဂူမှတ်တမ်း
၂၁။ ဂန္ဓီရကျောင်းနက်ကြီး
၂၂။ ဘာမထီသစ္စာ
၂၃။ ပဝါနီနီ
၂၄။ ဝက်ဝံ့နှလုံးသား
၂၅။ ခုနစ်စဉ်ကြယ်ပြောင်အမြီးထောင်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com